မောင်ခင်မင် (ဓနုဖြူ)

မောင်ရုပ်ဆိုး နှင့် မယ်မဒ္ဒီ

ရသစာတမ်းများ

(ဒုတိယအကြိမ်)

"… စိတ်သန္တာန်၌ ရုတ်တရက် ပေါ်ပေါက်လာသော အချက်များကို ပေါ်ပေါက်ဆဲခဏတွင် ကောက်၍ ရေးလေ့ရှိသည်။ … ရေးပုံမှာ သိမ်မွေ့သည်။ နှစ်လိုကြည်နူးဖွယ် ရှိသည်။…"

သခင်ဘသောင်း (မြန်မာပြန်)။ *အီမာဆင်၏ လက်ရွေးစင်*
အစမ်းစာများ (ပထမအုပ်) [၁၉၅၈]။ စာ ၃ – ၄ … မှ။

" … အက်ဆေးမည်သည် ဖတ်ချင်စဖွယ် ရှိလေသည်။ တိုတိုလေးနှင့် နှလုံးအိမ်တွင် ငြိသွားအောင် စွမ်းဆောင်နိုင်လေသည်။…"

တိုက်စိုး၏ 'အက်ဆေး'၊ *တက္ကသိုလ်များ ပုံနှိပ်တိုက် နှစ် ၂၀ မြောက်*
ငွေရတုအကြို မဂ္ဂဇင်း (၁၉၈၀)။ စာ ၄၄ … မှ။

" … စာဖတ်သူအား ရသခံစား ပီတိပွားစေပြီးနောက် ပတ်ဝန်းကျင်လောကကို ဂရုပြုမိအောင် စွမ်းဆောင်နိုင်သော ဂုဏ်ရည်နှင့် ပြည့်စုံသော *စာတမ်းငယ်စာပေ* …"

မောင်ခင်မင် (ဓနုဖြူ) ၏ 'စာတမ်းငယ်ဟူသည်'၊ *စာတမ်းငယ်စာပေ*
စာတမ်းများ (ပထမတွဲ) [၁၉၈၇]။ စာ ၇၆ … မှ။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မောင်ခင်မင် (ဓနုဖြူ)

ဓနုဖြူမြို့နယ် ကျုံတနီးရွာဇာတိ၊ ၁၉၄၂ ခု ဇန်နဝါရီလ ၂ ရက်နေ့တွင် ဖွားမြင်သည်။ မိဘ နှစ်ပါးမှာ ဦးရာမ၊ ဒေါ်စောတင်တို့ ဖြစ်သည်။ အမည်ရင်း ဦးခင်အေး ဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို မြန်မာစာ၊ သင်္ချာ ဂုဏ်ထူးများဖြင့် အောင်မြင်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် မြန်မာစာ အမှတ်အများဆုံးဖြင့် အောင်မြင်သည့်အတွက် ငွေတာရီ ရွှေတံဆိပ်နှင့် လှသမိန် ရွှေတံဆိပ် ချီးမြှင့်ခံရသည်။ တက္ကသိုလ်ပညာသင်ဆု လည်း ရသည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (အထွေထွေဂုဏ်ထူး)ဘွဲ့ ရသည်။ ပထမတန်းဂုဏ်ထူးဖြင့် အောင်မြင်သည်။ ၁၉၆၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ရသည်။ ဂုဏ်ထူးဖြင့် အောင်မြင်သည်။ ၂၀၀၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူး ဆောင် စာပေပါရဂူ (ဒီလစ်ဘွဲ့) ချီးမြှင့်သည်။ ၂၀၀၇ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်ခံရသည်။

၁၉၆၃ ခုနှစ်တွင် ပုသိမ်ကောလိပ် မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်အမှုထမ်းသည်။ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ပုသိမ်ကောလိပ်၊ ရန်ကုန် တက္ကသိုလ်၊ ဒဂုံ တက္ကသိုလ်တို့တွင် အမှုထမ်းခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဌာနမှူးတာဝန်မှ အနားယူသည်။ ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် မြန်မာစာ ဧည့်ပါမောက္ခအဖြစ် ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ (၂)နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ မြန်မာစာအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

အလယ်တန်းကျောင်းသားဘဝ၊ ၁၉၅၇ ခုနှစ်မှစ၍ စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ယခုအထိ ဘာသာစာပေဆိုင်ရာ ဆောင်းပါး(၁၅၀၀)ခန့် ရေးသားပြီး ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာ **စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ** (၁၉၇၉)၊ **ပြည်သူ့တွက် မြန်မာစကားပြေ** (၁၉၈၅)၊ **မြန်မာစကား၊ မြန်မာစာ ရုပ်ပုံလွှာ**(၁၉၉၀) [၁၉၈၇၊ စာပေဗိမာန် စာမူဆု၊ သုတပဒေသာ ဝိဇ္ဇာပထမဆု]၊ **မြန်မာ ဘာသာစကား ပညာရှင်များနှင့် ဘာသာစကားအမြင်** (၁၉၉၂)၊ **မေတ္တာ နှလုံးသား ပုံရိပ်များ** (၁၉၉၇)၊ **စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း**(၁၉၉၇)၊ **စကားသမုဒ္ဒရာ၊ စာသမုဒ္ဒရာ** (၁၉၉၇)၊ **တစ်သံ နှစ်သံ သုံးလေးသံ** (၂၀၀၀)၊ **သုတေသနလက်စွဲ** (၂၀၀၁)၊ **နှစ်လေးဆယ် ဘဝမှတ်တိုင်များ** (၂၀၀၂)[အမျိုးသား စာပေဆု (စာပဒေသာဆု)]၊ **စာဆို့ ဘဝ စာဆို့စေတနာ စာဆို့လက်ရာ**(၂၀၀၃)၊ **အတ္ထဗေဒနိဒါန်း** (၂၀၀၄)၊ **စာပေမှတ်တိုင် များကို ဖြတ်သန်းခြင်း**(၂၀၀၄)၊ **တပည့်နှင့်ဆရာ၊ ဆရာနှင့်တပည့်** (၂၀၀၄)၊ **သက်တံ့ ရောင်စုံ ဘာသာစကား**(၂၀၀၅)၊ **ရှေ့ရထား နောက်ရထား**(၂၀၀၆)၊ **နှစ်ဆယ်ရာစု စကားပြေ ဆရာများ** (၂၀၀၇)၊ **စိတ်ဓာတ်အမွေခံ ပညာအမွေခံ** (၂၀၀၈)၊ **လပြည့်ဝန်းနှင့် ဆင်စွယ်ဘီးကလေး** (၂၀၀၉) **ဘာသာအမြင် စာပေအမြင်၊ (၂၀၀၉ အမျိုးသားစာပေ စာပဒေသာဆုရ)၊ အိုဆာကာဧည့်သည် (၂၀၀၉ သုတစွယ်စုံ စာပဒေသာဆုရ)၊ ကိုလိုနီ ခေတ် မြန်မာစာပေသမိုင်း (၂၀၁၀ ထွန်းဖောင်ဒေးရှင်း သမိုင်းစာပေဆုရ)** တို့ ဖြစ်ကြ သည်။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ(၂၀၀၂)ကို တည်းဖြတ် ဖြည့်စွက်ခဲ့သည်။

၂၀၁၁–၂၀၁၂ ထုတ်
ရာပြည့်စာအုပ်များ

၃၂၃။ မဟာဆွေ၏ တို့မေမေ
၃၂၄။ ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ဝိမုတ္တိရသကျမ်း
၃၂၅။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ စာဏကျနီတိ လမ်းညွှန်ဖတ်စာ[၃ တွဲ ပေါင်းချုပ်]
၃၂၆။ ဦးမြင့်ကြည်၏ စာပေနှင့် ဂီတ၊ ဂီတနှင့် စာပေ
၃၂၇။ စစ်ကိုင်းဦးဘိုးသင်း၏ စလေမင်းခွေး
၃၂၈။ တင်မောင်မြင့်၏ နွေကန္တာ [DEEP SUMMER by Gwen Bristow]
၃၂၉။ ဂုဏ်ဝင်း ၏ တွမ်ဆောယား၏ စွန့်စားခန်းများ
[The Adventures of Tom Sawyer by Mark Twain]
၃၃၀။ တင့်တယ် ၏ ကမ္ဘဖလ
၃၃၁။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ တွင်းသင်း မြန်မာရာဇဝင်သစ် [ပထမတွဲ]
၃၃၂။ ခင်မြဇင်၏ ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ
၃၃၃။ မင်းကြီး မဟာသိရိဇေယသူ၏ ပိဋကတ်တော်သမိုင်း
၃၃၄။ ညိုဝင်း၏ မှောင်လွန်းသော ညများ
၃၃၅။ ဗန်းမော်တင်အောင်၏ ရိုးမတိုက်ပွဲ
၃၃၆။ ဖျာပုံ လှမိုးနွယ်၏ ကေသာရစ်ခွေ ပန်ပါလေ
၃၃၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ နီတိမဉ္ဇရီကျမ်း
၃၃၈။ မောင်မောင်ဖြူ၏ နွေဦးကာလ မြူထသောခါ
၃၃၉။ ပီမိုးနင်း၏ နေညိုညို
၃၄၀။ ကျော်အောင်၏ နှလုံးလှ ဆရာဝန်
၃၄၁။ ပီမိုးနင်း၏ နေရီရီ
၃၄၂။ မောင်သိန်း၏ သိ ကြား စေ
၃၄၃။ မောင်ဘသင်၏ မောင်တာနော [(ပ) တွဲ နှင့် (ဒု) တွဲ၊ နှစ်တွဲ ပေါင်းချုပ်]
၃၄၄။ ဇော်ဂျီ (–နှင့် အခြား) ၏ ကဲ့ကော်မြိုင်စာတမ်း
၃၄၅။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို ၏ မဟာရာဇဝင်သစ် (ညောင်ရမ်းဆက်) [တတိယတွဲ]

၂၀၁၂ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ

၃၄၇။ တင်မောင်မြင့် (မြန်မာပြန်) ပြစ်မှုနှင့် ပြစ်ဒဏ်
[Crime and Punishment by Fyodor Dostoevsky]
၃၄၈။ ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၄၉။ ဦးတင်ဦး(ကျူရှင်)၏ ကမ္ဘာကျော်ဇူးရှင် ဂျော့ဝါရှင်တန်ကားဗား
၃၅၀။ ပြည့်စုံ၏ ပန်းရုံ
၃၅၁။ မင်းရှင် ၏ လမ်းပေါ်မှာ

ရာပြည့်စာအုပ် ၃၄၆

မောင်ရုပ်ဆိုးနှင့် မယ်မဒ္ဒီ

ရသစာတမ်းများ

မောင်ခင်မင် (ဓနုဖြူ)

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁ – ၃၇၅၉၅၂ (ဆိုင်)

ပုံနှိပ်ခြင်း

ပထမအကြိမ် - (၂၀၀၅) အိပ်မက်ဦးစာပေ

ဒုတိယအကြိမ် - (၂၀၁၂) ရာပြည့်စာအုပ်တိုက်

အုပ်ရေ [၅၀၀]

❑

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]

၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]

၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်

အေဇက်

❑

မျက်နှာဖုံး ပန်းချီ

အံ့ဘွယ်ဇင်

❑

တန်ဖိုး

၁၂၀၀ကျပ်

၈၀၈.၈၁

ခင်မင်၊ မောင် (ဓနုဖြူ)

မောင်ရပ်ဆိုးနှင့် မယ်မဒ္ဒီ ရသစာတမ်းများ / မောင်ခင်မင် (ဓနုဖြူ)။

- ရန်ကုန်၊ ရာပြည့်စာပေ၊ (၂) ကြိမ်၊ ဩဂုတ် ၂၀၁၂။

၁၆၂ - စာ၊ ၁၂ X ၁၈ စင်တီ။

(၁) မောင်ရပ်ဆိုးနှင့် မယ်မဒ္ဒီ ရသစာတမ်းများ

မာတိကာ

–	စာရေးသူ၏ အမှာ	၉
–	ဒုတိယအကြိမ် ဖြည့်စွက်ပုံနှိပ်ခြင်းအတွက် စာရေးသူ၏ အမှာ	၁၂
၁။	စိတ်စေရာ	၁၅
၂။	အဖြူနှင့် အနက်	၁၉
၃။	ကားပေါ်မှာ	၂၄
၄။	အနံ့ အရင့်	၂၉
၅။	လူ ဆိုသည်မှာ	၃၄
၆။	ပန်းပဲဆရာကလေးနှင့် မယ်ဒလင်လက်တံ	၃၉
၇။	ဆရာဖြစ်သော နေ့	၄၆
၈။	မောင်ရုပ်ဆိုးနှင့် မယ်မဒ္ဒီ	၅၂
၉။	ဘုန်းကြီးကျောင်းသား	၅၈
၁၀။	မှသိကနှင့် စိန်ဗေဒါ	၆၆
၁၁။	ခနေသေခကို ဘီလူးစာ ကျွေးရခြင်းအကြောင်း	၇၃
၁၂။	ဖဲထီးအနက်ကြီးနှင့် ပိုးထီးလှလှ	၈၃
၁၃။	ချစ်စရာ ပုံနှိပ်စာလုံးကလေးများ	၉၂

၁၄။ မျက်နှာပွင့်ဆေး ၉၇
၁၅။ အရိုး အဆန်း ၁၀၇
၁၆။ ငါးပြားစေ့ ၁၁၁
၁၇။ ကျားကျားလျားလျား ၁၁၇
၁၈။ သူ့လက်ရေး ကိုယ့်လက်ရေး ၁၂၂
၁၉။ စက္ကူ၏ သူငယ်ချင်းများ ၁၂၇
၂၀။ စာအုပ်ဆိုသော ထိုမိတ်ဆွေ ၁၃၃
၂၁။ မြင့်သော နိမ့်သော ၁၃၉
၂၂။ ဘတ်စ်ကားပေါ်မှာ ခါးထောက်ခြင်း ၁၄၆
၂၃။ ကြိုရောက်ခြင်း၊ နောက်ကျရောက်ခြင်း ၁၅၀
၂၄။ လေးလေးနက်နက် ပေါ့ပေါ့ပါးပါး ၁၅၄
၂၅။ နာမည်အကြောင်း ၁၅၈

စာရေးသူ၏ အမှာ

၁၉၆၅ ခုနှစ် ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်း "စာတန်း" ကဏ္ဍတွင် ကျွန်တော်၏ "အဖြူနှင့် အနက်" ရသစာတမ်းကို ထည့်သွင်း ဖော်ပြထားပါသည်။ ကျွန်တော် ပထမဆုံး ရေးသော ရသစာတမ်း ဖြစ်သည့်အတွက် အမှတ်တရ ဖြစ်နေပါသည်။ ထို့နောက်တွင် ငွေတာရီ မဂ္ဂဇင်းသို့ ရသစာတမ်းများ ဆက်ပို့ဖြစ်သည်။ မှတ်မှတ်ရရ "ကားပေါ်မှာ" စာတမ်းကို မြန်မာ့အသံက ဇာတ်လမ်းပမာ နားဆင်စရာ အခန်းတွင် ထုတ်လွှင့်ပေးသည်ကိုလည်း သတိရနေပါသည်။

နောက်ကြောင်းပြန်ရလျှင် ၁၉၆၄ ခုနှစ်တွင် "ကုံ့ကော်မြိုင်စာတန်း" ပေါ်ထွက်လာသည်မှ စ၍ ရသစာတမ်း အရေးအဖွဲ့ ပြန်လည်၍ တစ်ခန်းသစ်လာသည်ကို တွေ့ရပါသည်။ မဂ္ဂဇင်းများတွင် ရသစာတမ်းများကို တစ်ခန်း တစ်ကဏ္ဍ နေရာပေးလာသည်။ "စိတ်ပင်လယ် စာတန်း" စသည့် စာအုပ်များ ပေါ်ထွက်လာသည်။ ကုံ့ကော်မြိုင်စာတန်းတွင် ကျွန်တော့် လုပ်ဖော်ကိုင်ဖက် အစ်ကိုကြီးများ ဖြစ်သော "အောင်သင်း"၊ "တက္ကသိုလ် ဝင်းမွန်"၊ "မောင်ဇော်" တို့၏ ရသစာတမ်းများ ပါလာသည်

ကို အားကျပြီး ရေးကြည့်ရာမှ ရသစာတမ်းများ ရေးဖြစ်လာခြင်း ဖြစ်ပါသည်။

၁၉၈၆ ခုနှစ်တွင် စာပေဗိမာန်က "စာတမ်းငယ် စာပေ စာတမ်းဖတ်ပွဲ" ကျင်းပသောအခါ "စာတမ်းငယ် ဟူသည်" ခေါင်းစဉ်ဖြင့် စာတမ်းပြုစု ဖတ်ကြားရန် ကျွန်တော့်ကို တာဝန်ပေးသည့်အတွက် ပြုစု ဖတ်ကြားဖြစ်ခဲ့ပါသည်။

ကမ္ဘာ့စာပေလောကတွင် ၁၆ ရာစုက စ၍ "အက်ဆေး" ဟူသော အမည်ဖြင့် ဖွံ့ဖြိုးလာသော စာပေအရေးအဖွဲ့မျိုးသည် မြန်မာစာပေလောကတွင် "အစမ်းစာ၊ စာတမ်း၊ စာမွန်၊ စာတန်း၊ အက်ဆေး၊ ရသစာတမ်း၊ စာတမ်းငယ်၊ ရသစာတမ်းငယ်" စသည့် အမည်အမျိုးမျိုးဖြင့် ဖွံ့ဖြိုးလျက်ရှိပါသည်။ အတွေးလှလှ အရေးလှလှဖြင့် ရသပါအောင် ရေးဖွဲ့ရသော ဤအရေးအဖွဲ့မျိုးသည် နှစ်သက်ဖွယ်၊ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ ရေးဖွဲ့သူများက နှစ်နှစ်သက်သက် ရေးဖွဲ့သည့်နည်းတူ ဖတ်သူများကလည်း နှစ်နှစ်သက်သက် ဖတ်နေကြပါသည်။

ကျွန်တော်သည် ဆရာသိပ္ပံမောင်ဝ၊ ဆရာဦးတင့်ဆွေ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာဓေယျ၊ ဆရာတိုက်စိုး၊ ဆရာရန်အောင်၊ ဆရာ မောင်ထင်၊ ဆရာ သိန်းဖေမြင့်၊ ဆရာ တက္ကသိုလ် မောင်မောင်ကြီး စသည့် ဆရာကြီးများ၏ ရသစာတမ်းများကို စွဲစွဲမက်မက် ဖတ်ခဲ့ပါသည်။ ရှေ့တွင် တင်ပြခဲ့သည့် လုပ်ဖော်ကိုင်ဖက် အစ်ကိုကြီးများ၏ ရသစာတမ်းများကိုလည်း နှစ်နှစ်သက်သက် ဖတ်ရင်း အားကျကာ ရသစာတမ်းများ ကြိုးကြား ကြိုးကြား ရေးဖြစ်ခဲ့ပါသည်။ ယခုလည်း အစဉ်တစိုက် ရသစာတမ်းများ ရေးဖွဲ့နေသော ဆရာကြည်နိုင် စသည့် ဆရာများ၏ ရသစာတမ်းများကို ဖတ်နေဆဲ ဖြစ်ပါသည်။

ကျွန်တော် ကြိုးကြား ကြိုးကြား ရေးခဲ့သော ရသစာတမ်းများကို စုစည်း၍ စာအုပ်တစ်အုပ် ဖန်တီးလိုကြောင်း ကိုညဏ်ထွန်းက ဆိုလာသည့်အတွက် စုစည်းပေးရာမှ ဤစာစု အကောင်အထည် ပေါ်လာခြင်း ဖြစ်ပါသည်။

ရသစာတမ်းဆရာများ၏ စာပေကျေးဇူးကို အလေးအမြတ်ပြုပါသည်။ ဤစာစု အကောင်အထည်ပေါ်အောင် စီစဉ် ဆောင်ရွက်သော ကိုညဏ်ထွန်းကိုလည်း ကျေးဇူးတင်ပါသည်။

မောင်ခင်မင် (ဓနုဖြူ)

ဒုတိယအကြိမ် ပြည့်စွက်ပုံနှိပ်ခြင်းအတွက်
စာရေးသူ၏ အမှာ

ကျွန်တော်၏ "မောင်ရုပ်ဆိုးနှင့် မယ်မဒ္ဒီ ရသစာတမ်းများ" ကို ၂၀၀၅ ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့ပါသည်။ စာရေးသက်တစ်လျှောက် ကြိုးကြားကြိုးကြား ရေးဖြစ်သော ရသစာတမ်းများကို စုစည်း ထုတ်ဝေခြင်း ဖြစ်သည်။

နောက်ပိုင်းတွင်လည်း ရသစာတမ်းများ အလျဉ်းသင့်သလို ရေးခဲ့ရာ၊ အထူးသဖြင့် "တော်ဝင်ပန်းဂျာနယ်" တွင် ရေးဖြစ်ပါသည်။ စိတ်ကူးပေါ်ရာ အတွေးကလေးများကို ပေါ့ပေါ့ပါးပါး ပုံဖော်ကြည့်မိခြင်း ဖြစ်ပါသည်။

ယနေ့ မဂ္ဂဇင်း ဂျာနယ်များတွင် ရေးဖော်ရေးဖက်များ၏ ရသစာတမ်းများ အလျဉ်မပြတ် တွေ့နေရသည်မှာ ဝမ်းသာစရာ ဖြစ်ပါသည်။ စတင် ပေါ်ပေါက်စဉ်က "အစမ်းစာ"၊ "စာတန်း"၊ "အက်ဆေး" စသည့် အမည်များနှင့် ကွဲကွဲပြားပြား ပေါ်ထွန်းလာခဲ့သော ဤစာပေအဖွဲ့မျိုး

သည် နောက်ပိုင်းတွင် "ဆောင်းပါး" ဟူသော ခေါင်းစဉ်အောက်တွင် ဆောင်းပါးနှင့် ရောနှောပြီး မကွဲမပြား ဖြစ်ခဲ့ရာမှ "ကဲ့ကော်မြိုင်စာတန်း" ပေါ်ပေါက်ပြီးသည့်နောက် မဂ္ဂဇင်းများတွင် "စာတန်း၊ စာတမ်းငယ်၊ အက်ဆေး၊ ရသစာတမ်းငယ်၊ ရသစာတမ်း" အမည်များဖြင့် ပြန်လည် ရှင်သန်လာခဲ့ရာ ယခုဆိုလျှင် "ရသစာတမ်း" ဟူသော အမည်နှင့်အတူ ရသစာတမ်းများ ပြန်၍ တွင်ကျယ်နေပြီ ဖြစ်သည်။

ရာပြည့်စာအုပ်တိုက်က "မောင်ရပ်ဆိုးနှင့် မယ်မဒ္ဒီ" ကို ပြန်လည် ပုံနှိပ်ရန် စီစဉ်သောအခါ ကျွန်တော် နောက်ပိုင်းမှာ ရေးဖြစ်သော ရသ စာတမ်းအချို့ကို ဖြည့်စွက် ထည့်သွင်းလျှင် ကောင်းမည်ဟု သဘောရ သည့်အတွက် ဖြည့်စွက်လိုက်ပါသည်။

ဒုတိယအကြိမ် ပုံနှိပ်ပေးသော ရာပြည့်စာအုပ်တိုက်ကို ကျေးဇူး တင်ပါသည်။

မောင်ခင်မင် (ဓနုဖြူ)
၃-၆-၁၂

စိတ်စေရာ

စာကူးသည့် အလုပ်သည် မဆန်းပါ။ စာကူးသည့်အကြောင်းကို အဆန်း လုပ်ပြောရန်လည်း လိုမည် မထင်ပါ။ သို့သော် ထူထဲသော စာအုပ်ကြီး တစ်အုပ်အတွင်းမှ ဘာတစ်လုံးမှ နားမလည်သော စာများကို အစအဆုံး ကူးရေးပေးရသည့် အလုပ်သည် မည်မျှ ငြီးငွေ့ဖွယ် ကောင်းမည်ကို ခန့်မှန်းကြည့်နိုင်ပါသည်။ ငြီးငွေ့ဖွယ်ကောင်းခါမှ ကောင်းစေတော့၊ ထို အလုပ်ကို ကျွန်တော် ဆယ်ရက်နှင့်အပြီး လုပ်ခဲ့ရသည်။

တစ်နေ့တွင် ကျွန်တော့် ဦးလေးက ဟောင်းနွမ်းလှသော ဥပဒေ ဘာသာပြန် စာအုပ်ကြီးကို ထုတ်ပေးပြီး 'ဒီစာအုပ် သိပ်ရှားတယ်ကွ၊ ငါ ငှားလာတာ။ အဲဒါ မင်း အစအဆုံး ကူးပေးစမ်းကွာ' ဟု ခိုင်းတော့ သည်။ ကျွန်တော် သူ့ကို မလွန်ဆန်ဝံ့။ ထို့ကြောင့် ကူးပေးရသည်။ ကူး၍သာ ကူးရသည်။ ထိုစာအကြောင်း ဘာမှ နားမလည်။ လက်က ကူးရေးနေသော်လည်း စိတ်က ရောက်ချင်ရာ ရောက်နေသည်။ ကူးရင်း ကူးရင်း ငြီးငွေ့လာသည်၊ စိတ်ပင်ပန်းလာသည်။ စာကူးနေရင်း အတွေး

စိတ်ဓရော

စာကူးသည့် အလုပ်သည် မဆန်းပါ။ စာကူးသည့်အကြောင်းကို အဆန်း လုပ်ပြောရန်လည်း လိုမည် မထင်ပါ။ သို့သော် ထူထဲသော စာအုပ်ကြီး တစ်အုပ်အတွင်းမှ ဘာတစ်လုံးမှ နားမလည်သော စာများကို အစအဆုံး ကူးရေးပေးရသည့် အလုပ်သည် မည်မျှ ငြီးငွေ့ဖွယ် ကောင်းမည်ကို ခန့်မှန်းကြည့်နိုင်ပါသည်။ ငြီးငွေ့ဖွယ်ကောင်းခါမှ ကောင်းစေတော့၊ ထို အလုပ်ကို ကျွန်တော် ဆယ်ရက်နှင့်အပြီး လုပ်ခဲ့ရသည်။

တစ်နေ့တွင် ကျွန်တော့် ဦးလေးက ဟောင်းနွမ်းလှသော ဥပဒေ ဘာသာပြန် စာအုပ်ကြီးကို ထုတ်ပေးပြီး 'ဒီစာအုပ် သိပ်ရှားတယ်ကွ၊ ငါ ငှားလာတာ။ အဲဒါ မင်း အစအဆုံး ကူးပေးစမ်းကွာ' ဟု ခိုင်းတော့ သည်။ ကျွန်တော် သူ့ကို မလွန်ဆန်ဝံ့။ ထို့ကြောင့် ကူးပေးရသည်။ ကူး၍သာ ကူးရသည်။ ထိုစာအကြောင်း ဘာမှ နားမလည်။ လက်က ကူးရေးနေသော်လည်း စိတ်က ရောက်ချင်ရာ ရောက်နေသည်။ ကူးရင်း ကူးရင်း ငြီးငွေ့လာသည်၊ စိတ်ပင်ပန်းလာသည်။ စာကူးနေရင်း အတွေး

တစ်ခုသည် ခေါင်းထဲသို့ လျှပ်ပြက်သလို လက်ခနဲ ဝင်လာသည်။ "ဪ... တို့တစ်တွေ ဒီလို လုပ်ရင်းကိုင်ရင်း နောက်ဆုံးတစ်နေ့ သေရမှာကလား" ဟူသော သံဝေဂ အတွေးပင်။ ထိုအတွေး ဝင်လာသောအခါ သေခြင်းတရားကို ရုတ်တရက် သတိရသွားသည်။ ထိတ်လန့်မှုလည်း ဖြစ်သွားသည်။ ထိုအတွေးမျိုး ဝင်သည့်အတွက် ကိုယ့်ကိုယ်ကို အထင်ကြီးသလိုလိုလည်း ဖြစ်သွားသည်။ "ငါ တယ်ဟုတ်ပါလား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သံဝေဂ ရတတ်ပါကလား။ တရားသဘောကို နားလည်လွယ်ပါကလား" ဟု တွေးရင်း ပီတိ ဖြစ်မိသည်။

လူအမျိုးမျိုးမှာ နှစ်သက်စရာ အမျိုးမျိုး ရှိတတ်သည်။ အစားအသောက် ခုံမင်သူသည် အစားလောက် ဘာမှမမက်။ အဝတ်အထည် မက်မောသူကလည်း ဘယ်အဆင် ဆန်းပါမလဲဟုသာ စိတ်ကူးနေတတ်သည်။ စာသမားကလည်း စာအုပ်ကောင်း တစ်အုပ်ရလျှင် အလွန် ဝမ်းသာသည်။ စာအုပ်ကောင်း ဆယ်အုပ် တစ်ပြိုင်တည်း ရလျှင်မူကား မည်မျှဝမ်းသာမည်ကို ခန့်မှန်းနိုင်ပါသည်။ ထို ဝမ်းသာမှုမျိုးကို ကျွန်တော် ခံစားရဖူးပါသည်။ ကိုယ် မမီလိုက်သော၊ ရှားပါးသော၊ ဖတ်ချင်လွန်းလှသော ဒဂုန်မဂ္ဂဇင်း အဟောင်းဆယ်အုပ်ကို ဘုန်းတော်ကြီး တစ်ပါးထံမှ ရစဉ်က ဖြစ်ပါသည်။ ကျွန်တော် ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာသည်။ ထမင်းမှန်းမသိ၊ ဟင်းမှန်းမသိ၊ ပင်ပန်းရမှန်းလည်းမသိ၊ စိတ်သည် စာအုပ်ထဲမှာ လုံးလုံး နစ်မြုပ်နေသည်။ စာဖတ်ရင်း အလိုလို ဝမ်းဝနေသည်။

စာအုပ်များ ဖတ်ပြီးလေပြီ။ စာအုပ်အကြောင်း စဉ်းစားရင်း ဦးလေးခိုင်း၍ စာကူးခဲ့ရပုံကို ပြန်သတိရသည်။ ထိုအခါ ရုတ်တရက် အံ့အားသင့်သွားသည်။ ပြုံးလည်း ပြုံးမိသည်။ ဒဂုန်မဂ္ဂဇင်းများ ဖတ်နေသည့်

တစ်ချိန်လုံး သေခြင်းတရားကို ကျွန်တော် လုံးဝ သတိမရခဲ့ပါတကား။ "ငါတို့ ဒါတွေ ဖတ်ရင်း တစ်နေ့ သေရမှာပဲ" ဟူသော သံဝေဂမျိုး လုံးဝ မရခဲ့ပါတကား။

ကျွန်တော် ဆင်ခြင်ကြည့်ပါသည်။ ဥပဒေ စာအုပ်ကြီး ကူးရေးစဉ်က ကျွန်တော် ဘာကြောင့် သေခြင်းတရားကို သတိရပါသနည်း။ ထိုအလုပ်ကို ကျွန်တော် စိတ်မပါ။ မလုပ်ချင်တာ လုပ်ရသောအခါ အပျက်စိတ် ဝင်လာသည်။ "ဒါ လုပ်လည်း ပိုနေတာပဲ" ဟူသော အပျက်စိတ်က သေခြင်းတရားကို သတိရစေသည်။ ထိုအခါ "ငါ သံဝေဂ ရနေပြီ" ဟု အဟုတ်ကြီး ထင်ခဲ့မိသည်။ ကျွန်တော် တကယ်တမ်းသာ သံဝေဂ ယူတတ်သူ ဖြစ်လျှင် ယခု ဒဂုန်မဂ္ဂဇင်း ဖတ်နေချိန်တွင်လည်း သေခြင်းတရားကို သတိရရပေမည်။ ဘာလုပ်လုပ် သံဝေဂနှင့် အမြဲယှဉ်၍ တွေးရပေမည်။ သို့သော် ယခု ကျွန်တော် လုံးဝ သတိမရ။ ကိုယ် စိတ်ဝင်စားလွန်းသည့် အလုပ်ဖြစ်သဖြင့် သံဝေဂရဖို့ မေ့နေခြင်း ဖြစ်ဟန်ရှိသည်။ သို့ဖြစ်၍ ကျွန်တော် ရဖူးသည့် သံဝေဂသည် မစစ်ချေ။ မလေးနက်ချေ။ ထိုအခါ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့ဖူးသည်ကို တွေး၍ ရှက်ပြုံးပြုံးမိသည်။ "ငါလည်း သူလို ငါလိုပါပဲ" ဟု သဘောပေါက်လာသည်။

ကျွန်တော်တို့တွင် "ဘာလုပ်လုပ် ပိုနေတာပဲ၊ တစ်နေ့ သေရင် အလကားပဲ" ဟူသော အပျက်စိတ်ကသာ အမြဲလွှမ်းမိုးနေလျှင် ဘာမှ ဖြစ်အောင် လုပ်နိုင်မည် မဟုတ်တော့ပေ။ စိတ်မပါသော အလုပ်ကို လုပ်ရသည့်အခါကျမှ တစ်ခါတလေ ပေါ်လာတတ်သော သံဝေဂ အတုအယောင်မျိုး အမြဲတမ်းရနေလျှင် လောကကြီးတစ်ခုလုံး ဘာမှဖြစ်မလာဘဲ ပျက်စီးဖို့သာ ရှိတော့သည်။ သို့သော် ကျွန်တော်တို့သည် ပုထုဇဉ်များ ပီပီ ကိုယ် နှစ်သက်သည့် အလုပ်ကို လုပ်ရသည့်အခါ စိတ်၏ စေခိုင်းရာ

နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားတတ်ကြသည်။ စိတ်ရော ကိုယ်ပါ လုပ်ကြ ကိုင်ကြသည်။ သေခြင်းတရားက အမြဲမလွှမ်းမိုးနိုင်။ ထို့ကြောင့် ဖြစ်သင့် ဖြစ်ထိုက်သော အရာများ လောကတွင် ဖြစ်နေကြခြင်းပါကလားဟု ပြက်ခနဲ အတွေးပေါက်မိပါသည်။

အဖြူနှင့်အနက်

ကျွန်တော့် လက်ကိုင်ပဝါကို မင်စွန်းသွားသည်။ စာရေးရင်း ဖောင်တိန် မင်ခါလိုက်ရာမှ ရှေ့မှာချထားသော လက်ကိုင်ပဝါပေါ်သို့ မင်စက်ကျ သွားခြင်း ဖြစ်ပါသည်။ လက်ကိုင်ပဝါက ဖြူသည်။ မင်စက်က နက် သည်။ အဖြူပေါ် အနက်ကျသဖြင့် အထင်းသား ပေါ်လွင်နေသည်။ ဒင်္ဂါးဝိုင်းလောက် မင်ကွက်ကြီးကို ကြည့်ပြီး ကျွန်တော် စိတ်မကောင်း ဖြစ်ရသည်။ ကိုယ် မြတ်နိုးသည့် ပစ္စည်း ဖြူဖြူဖွေးဖွေးကလေး စွန်းထင်း ပေကျံသွားသည်ကို မည်သူ နှစ်သက်ပါမည်နည်း။ 'မင်ကွက် ပျောက် သွားအောင် လက်ကိုင်ပဝါ တစ်ထည်လုံး မင်နက် ဆိုးပစ်ပါလား' ဟု ကျွန်တော့်ညီက နောက်ပြောင်လိုက်သေး၏။

ကျွန်တော် ထီးကိုင်ပြီး လမ်းထွက်လာခဲ့သည်။ လမ်းလျှောက်ရင်း တစ်ခုခုကို သတိထားလိုက်မိ၏။ အခြားမဟုတ်၊ ကျွန်တော် ဆောင်းထား သော ဖဲထီးပင်။ ဤထီးကြီးကို သွားလေရာရာ ကျွန်တော် ယူသွားသည်။ လမ်းထွက်တိုင်း အသုံးဝင်သော်လည်း ဤထီးကြီးကို ကျွန်တော် ဂရုမစိုက် မိ။ လက်ကိုင်ပဝါလေးလို ယုယုယယ မကိုင်၊ ထားချင်ရာ ထားပစ်ခဲ့

သည်။ စွန်းလိုစွန်း ပေလိုပေ၊ ဖြစ်ချင်ရာ ဖြစ်ပါစေဟု သဘောထားခဲ့သည်။ ထီးကြီးကား ခံနိုင်ရည် ရှိလှသည်။ ဘယ်လောက် စွန်းစွန်း၊ ဘယ်လောက် ပေပေ နည်းနည်းမျှ မဖြူ။ တတ်နိုင်လျှင် မင်တစ်စက်မက တစ်ပုလင်းလုံးပင် သူ့အပေါ် လောင်းချစေဦး၊ အမည်းပေါ် အမည်းထပ်ပြီး ပြောင်၍ ပြောင်၍ လာမည်။ အာဂ ထီးနက်ကြီးပါပေ။

"အဖြူနှင့် အနက်" သဘောသည် ကျွန်တော့် အတွေးထဲသို့ လျှပ်ပြက်သလို လက်ခနဲ ဝင်လာသည်။ "အဖြူ" သည် အစွန်းအထင်းမခံ။ ပေကျံ၍ မဖြစ်။ စွန်းထင်းပေကျံသွားလျှင် အလှပျက်တော့သည်။ "အနက်" ကား ထိုသို့မဟုတ်။ အရောင်တကာ ထိပ်သီး အမှောင်ဆုံး၊ အမည်းဆုံး ဖြစ်၍ ဘာစွန်းစွန်း၊ ဘာပေပေ ခံနိုင်ရည် ရှိသည်။

ကျွန်တော့် အဒေါ်တစ်ယောက်အကြောင်းကို ဖြုန်းခနဲ သတိရလိုက်သည်။ အဒေါ်သည် ရပ်ဝေးမှာ နေ၏။ တစ်နေ့တွင် သူ့ အသည်းအသန် မမာနေကြောင်း ကျွန်တော့်ထံ စာရောက်လာသည်။ အဒေါ်မှာ နာတာရှည် လူမမာ ဖြစ်၍ အိပ်ရာထဲ လဲနေသည်မှာ ကြာပေပြီ။ အသည်းအသန် ဟူသော စကားကြောင့် ကျွန်တော် အလွန်အမင်း စိုးရိမ်သွားသည်။ "သူ သေမှာပဲ" ဟု တထစ်ချ ထင်လိုက်မိသည်။ ထို့ကြောင့် အလွန် စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရသည်။ ဝမ်းနည်း ပူဆွေးခဲ့ရသည်။ သိပ်မကြာပါ။ အဒေါ် ကွယ်လွန်ကြောင်း စာထပ်ရောက်လာတော့သည်။ ထူးခြားသည်မှာ အဒေါ် တကယ် ကွယ်လွန်သော အချိန်တွင် ကျွန်တော့်အဖို့ သတင်းကြားရခါစကလောက် ဝမ်းမနည်းတော့ခြင်း ဖြစ်ပါသည်။ "ဘာကြောင့်ပါလိမ့်" ဟု ပြန်စဉ်းစားကြည့်သည်။ ကျွန်တော့် အဒေါ် အကြောင်း ကြားရခါစက "သေမှာပဲ" ဟု ထင်ပြီး အဆိုးဆုံး အခြေအနေကို ကြိုတင် မျှော်လင့်ထားခဲ့သည်။ သေမှာပဲဟု

ယုံကြည်လွန်းသဖြင့် ထိုအခြေအနေဆိုးအတွက် ခံစားရမည့် ဝမ်းနည်းပူဆွေးမှုကို ကြိုတင် ခံစားထားမိသည်။ ထိုအဖြစ်ဆိုး တကယ် ကြုံလာသော အခါတွင် ကျွန်တော့်ဝမ်းနည်းမှုသည် တော်တော် အရှိန်သေသွားလေပြီ။

ကျွန်တော် ထင်ပါသည်။ "အဒေါ်တော့ ပြန်နေကောင်းမှာပဲ" ဟုသာ မူလက မျှော်လင့်ထားခဲ့မိလျှင် ယခုလို အဆိုးဆုံး အဖြစ်နှင့် ကြုံရသည့်အခါ ကျွန်တော်သည် ယခုထက် ပို၍ အလွန်အမင်း ဝမ်းနည်းရပေလိမ့်မည်။ "အဒေါ် သေမှာပဲ" ဟု ယုံကြည်ထားပြီးမှ ပြန်နေကောင်းလာသည်ကို ကြုံရလျှင်လည်း ကျွန်တော်သည် အလွန်အမင်း ဝမ်းသာရပေလိမ့်မည်။ ကျွန်တော်တို့သည် မျှော်လင့်ထားသော ဝမ်းသာမှု၊ ဝမ်းနည်းမှုမျိုးထက် မမျှော်လင့်သော ဝမ်းသာမှု၊ ဝမ်းနည်းမှုမျိုးကို ကြုံရသည့်အခါ ပို၍ တုန်လှုပ်တတ်ကြသည် မဟုတ်လော။

ကျွန်တော့် သူငယ်ချင်း တစ်ယောက် ရှိပါသည်။ သူသည် နယ်မှ တက္ကသိုလ်ဝင်တန်း ဖြေသည်။ သိပ်ဖြေနိုင်သဖြင့် "အောင်မှာပဲ"ဟု ကျိန်းသေ တွက်လိုက်သည်။ ရန်ကုန်လာပြီး တက္ကသိုလ် ဆက်တက်ရန် စီစဉ်သည်။ ကျွန်တော့်အိမ်မှာ တည်းခိုစဉ် တက္ကသိုလ်မှာ ဘာ ဘာသာတွေ သင်ယူမည်၊ ဘယ်လိုင်းကို လိုက်မည် စသည်ဖြင့် စိတ်ကူးယဉ်ရသည်မှာ အမော။ သို့နှင့် စာမေးပွဲ အောင်စာရင်း ထွက်လာသည်။ သူ့အမည်ကား ပါမလာချေ။ သူ့ခမျာ ရူးမလို နှမ်းမလို ကြောင်တောင်တောင် ဖြစ်သွားတော့သည်။ မအိပ်နိုင်၊ မစားနိုင်၊ တငိုတည်း ငိုနေရှာသည်။ သူ အိပ်မက်မက်ခဲ့သော စိတ်ကူးယဉ်ချက်များ ပြိုပျက်သွားသည်ကို မချိတင်ကဲ ဖြစ်နေရှာသည်။ နောက်ဆုံး ချော့မော့ပြီး နယ်ပြန်ပို့လိုက်ရသည်။

ကျွန်တော် စဉ်းစားကြည့်ပါသည်။ သူသည် "စာမေးပွဲအောင်မှာ ပဲ" ဟု မျှော်လင့်မထားဘဲ "ကျမှာပဲ" ဟု မျှော်လင့်ပြီး စိတ်လျှော့ထား ခဲ့လျှင် ယခု တကယ် စာမေးပွဲကျသောအခါ ယခုလောက် အခံရဆိုး မည် မဟုတ်။ အနည်းဆုံး "စာမေးပွဲဆိုတာ အောင်ချင် အောင်မယ်၊ ကျချင် ကျမယ်" ဟု သဘောပေါက်လျှင်ပင် ယခုလောက် အခံရဆိုးမည် မဟုတ်ပေ။

ဤတွင် "အဖြူနှင့် အနက်" သဘောကို ဆက်စပ် သတိရခြင်း ဖြစ်ပါသည်။

ဝမ်းသာစရာကို မျှော်လင့်၍ ဝမ်းသာစရာ ဖြစ်လာသောအခါ ဝမ်းသာရသည်။ ဝမ်းနည်းစရာကို မျှော်လင့်၍ ဝမ်းသာစရာ ဖြစ်လာသော အခါတွင်ကား ပို၍ ပို၍ ဝမ်းသာရသည်။

ဝမ်းနည်းစရာကို မျှော်လင့်၍ ဝမ်းနည်းစရာ ဖြစ်လာသောအခါ ဝမ်းနည်းရသည်။ ဝမ်းသာစရာကို မျှော်လင့်၍ ဝမ်းနည်းစရာ ဖြစ်သော အခါတွင်ကား ပို၍ ပို၍ ဝမ်းနည်းရသည်။

ကျွန်တော်တို့သည် ဝမ်းသာလျှင်လည်း တုန်လှုပ်သည်။ ဝမ်းနည်း လျှင်လည်း တုန်လှုပ်သည်။ သို့သော် ဝမ်းနည်း၍ တုန်လှုပ်ခြင်းမျိုးကို မည်သူမျှ မခံစားလိုကြ။ ထို့ကြောင့် ဝမ်းသာစရာကိုသာ ကြိုတင် မျှော်လင့် ထားတတ်ကြသည်။

ဝမ်းသာမှု သဘောသည် ရွှင်လန်းသည်။ ပေါ့ပါးသည်။ ထို့ကြောင့် "အဖြူ" ဟု ဆိုကြပါစို့။ ဝမ်းနည်းမှု သဘောသည် ထိုင်းမှိုင်းသည်။ လေးလံသည်။ ထို့ကြောင့် "အနက်" ဟု ဆိုပါစို့။ "အဖြူ" သည် အထိ မခံနိုင်။ အဖြူကို အဖြူအတိုင်း တွေ့ရမှ စိတ်ချမ်းသာသည်။ အဖြူတွင် အနက်ကလေး တစ်စက်စွန်းလျှင် အလှပျက်တော့သည်။ ဝမ်းသာစရာ

ကိုသာ ကြိုတင် မျှော်လင့်တတ်သူသည် လက်ကိုင်ပဝါ ဖြူဖြူကလေးကို တယုတယ ကိုင်သူကဲ့သို့ ဖြစ်သည်။

အနက်ကား အဖြူလို မဟုတ်။ ခံနိုင်ရည် ရှိသည်။ ထိချင်သလိုထိ။ ပေချင်သလိုပေ။ စွန်းချင်သလို စွန်း။ နက်သည်ထက် နက်၍ ပြောင်သည်ထက် ပြောင်လာမည်သာ။ ဝမ်းနည်းစရာကို ကြိုတင် မျှော်လင့်ထားတတ်သူသည် ဖဲထီးအနက်ကြီးကို အကြမ်းပတမ်း ကိုင်သူကဲ့သို့ ဖြစ်သည်။

လောကကို အမှောင်ဘက်မှသာ မြင်တတ်သူဟု ဆိုချင်လည်း ဆိုကြပါစေတော့။ အကောင်းဆုံး အခြေအနေတွင် ရှိနေစေကာမူ အဆိုးဆုံးကို ကြိုတင် မျှော်လင့်ထားတတ်သည့် စိတ်ဓာတ်မျိုး မွေးမြူနိုင်အောင် ကျွန်တော် အားထုတ်ရပေဦးမည်။

ကားပေါ်မှာ

"စိတ်သွားတိုင်း ကိုယ်ပါ လိုရာပြည့်ပါစေ" ဟူ၍ လူကြီးသူမများ ဆုပေးသည်ကို မကြာခဏ ကြားရဖူးပါသည်။ ကျွန်တော်သည် ဤ ဆုပေးသံကလေးကို ဘတ်စ်ကား စီးသည့်အခါများတွင် မကြာမကြာ သတိရနေမိပါသည်။ အခြားကြောင့် မဟုတ်ပါ။ ကိုယ်ပိုင်ကား မစီးနိုင် သော ကျွန်တော့်လို လူတစ်ယောက်အဖို့ စိတ်သွားရာ ကိုယ်ရောက်အောင် ဘတ်စ်ကားကသာ ပို့ပေးနိုင်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် မနက်လင်းသည်နှင့် အလုပ်ခွင်သို့ သွားရသည်။ ဘတ်စ်ကားဖြင့် သွားမှသာ အလုပ်ခွင်သို့ အချိန်မီ ရောက်နိုင်ပါသည်။ တစ်နေကုန် အလုပ်လုပ်ပြီး အချိန်တန်၍ အိမ်ပြန်ရသောအခါတွင်လည်း ဘတ်စ်ကားသည်သာ ကျွန်တော်၏ မှီခိုအားထားရာ ဖြစ်ပါသည်။ ဘယ်သွားသွား ဘယ်လာလာ သူ့ပါမှ မြန်မြန်ရောက်သည်။ သူ့အကူအညီ ကို မယူ၍ မဖြစ်။ အင်မတန်မှ အရေးပါသော ဘတ်စ်ကားပင်။

နေ့စဉ် ဘတ်စ်ကားစီးရင်း တစ်ခရီးတည်း သွားသော ခရီးဖော် များကို ကြည့်မိသည်။ ကားစီးရဖန်များသောအခါ ခရီးဖော်တွေကို ကြည့်

ရဖန် များလာသည်။ ကြည့်ရဖန်များသောအခါ စိတ်ဝင်စားစရာကလေး များကို တွေ့လာရသည်။ စိတ်ဝင်စားလေလေ ဂရုစိုက်၍ ကြည့်လေလေ၊ စိတ်ဝင်စားစရာ ကောင်းလေလေ ဖြစ်ရသည်။

တစ်နေ့တွင် ကားမှတ်တိုင် တစ်ခုမှ အဒေါ်ကြီး တစ်ယောက် ကားပေါ် တက်လာသည်။ အဒေါ်ကြီးမှာ အသက် ငါးဆယ်ခန့် ရှိလေပြီ။ ခေါင်းတွင် ညစ်ထတ်ထတ် တဘက်ကြီးကို ကပိုကရို ပတ်ထားသည်။ ဖဲထီး အဟောင်းတစ်လက်ကို ချိုင်းကြား ညှပ်ထားသည်။ ပါးစပ်တွင်လည်း ဆေးပေါ့လိပ်ကြီးကို ခဲ၍ ထားသေး၏။ သူ တက်လာချိန်တွင် ကားပေါ်မှာ လူပြည့်နေသည်။ သူ့အတွက် ထိုင်စရာ မရှိ။ သူသည် ကားပေါ် ရောက်ရောက်ချင်း နီးရာတန်းကို ဖမ်းကိုင်လိုက်ပြီး ပါးစပ်မှ ဆေးလိပ်ကို ချွတ်ကာ ကား နောက်ပိုင်းမှ မိန်းမတစ်ယောက်ကို လှမ်းနှုတ်ဆက်လိုက်သည်။ ရုတ်တရက် တွေ့လိုက်ရသော သိဟောင်း ကျွမ်းဟောင်း ဖြစ်ဟန်ရှိသည်။ "ဟဲ့ မယ်အေးပါလား၊ ညည်းတို့ အခု ဘယ်မှာနေသလဲ။ သားသမီး ဘယ်နှယောက် ရပြီလဲ။ ညည်းယောကျ်ားကော နေကောင်းရဲ့လား" စသည့် မေးခွန်းပေါင်းစုံ မေးရင်း အားရပါးရ စကားပြောနေသည်။ ချိုင်းကြားညှပ်ထားသော ထီးထိပ်ဖွန်းက နောက်မှ တရုတ်ကြီး၏ အင်္ကျီနှင့် ငြိသွားသည်ကို အဒေါ်ကြီး မသိ။ ထီးဖွန်းထိုးမိမှာ စိုး၍ ရှောင်ရင်းတိမ်းရင်း နောက်မှ ခရီးသည်များ တစ်ယောက်နှင့်တစ်ယောက် တိုက်မိသည်ကို အဒေါ်ကြီး ဂရုမထားမိဘဲ ရှိ၏။ ရှေ့မှာသာမဲပြီး စကားကောင်းနေသည်။ နောက်ဆုံး "ဗျို့အဒေါ်ကြီး၊ ထီးကြီးနဲ့ ထိုးမိကုန်ပြီဗျ" ဟု တစ်ယောက်က အော်လိုက်မှ "ဩော်... မေ့လို့ပါ ကလေးတို့ရယ်" ဟု ပြောရင်း ထီးကို အောက်ချလိုက်တော့သည်။ ဤ အမယ်ကြီးလို ထီး ချိုင်းကြားညှပ်၍ ကားပေါ် တက်လာတတ်သော အဒေါ်ကြီးများကို

မကြာခဏ တွေ့ရပါသည်။ တွေ့တိုင်းလည်း ကျွန်တော် ပြုံးမိသည်။ ကိုယ်တိုင်က မရည်ရွယ်သော်လည်း အနေမတတ်သဖြင့် သူတစ်ပါး ကသိကအောက် ဖြစ်ရသော သဘောကို ဆင်ခြင်မိပါသည်။

"ကားစီးသူ" နှင့် "ကားဆရာ" တို့မှာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဖြစ်သည်။ သို့သော် သူတို့အကြားတွင် အဆင်မပြေမှုများ မကြာခဏ ကြုံရသည်။ တစ်နေ့တွင် ခရီးသည်တစ်ယောက် ကားပေါ်က ဆင်းပြီးမှ လက်မှတ်ရောင်းသူအား ပိုက်ဆံ ဆယ်ပြား ပိုယူသည်ဟု စွပ်စွဲသည်။ လက်မှတ်ရောင်းသူကလည်း ပိုမယူကြောင်း၊ အမှန်အတိုင်း ဖြစ်ကြောင်း ရှင်းပြသည်။ ခရီးသည်က မကျေနပ်။ 'ကျုပ်ကို ဘာမှတ်လဲ၊ အရာရှိဗျ၊ လခ လေးရာလောက် ရတယ်' ဟု အခြောက်တိုက် ကြိမ်းတော့သည်။ ကားဆရာကလည်း အညံ့မခံ။ 'ခင်ဗျားဘာသာ လေးရာ မကလို့ ရှစ်ရာ ရရ ကျုပ် ဂရုမစိုက်ဘူး။ ကျုပ်က အမှန်အတိုင်း ယူတာပဲ' ဟု ပြန်အော်သည်။ နောက်ဆုံးတွင် ခရီးသည်က မကျေမနပ်နှင့် ပွစိ ပွစိပြောရင်း ထွက်သွားတော့သည်။ သူတို့ စကားများနေသည့် တစ်ချိန်လုံး ကားက ရပ်စောင့်နေရသည်။ ကားပေါ်တွင် အလျင်လိုသော ခရီးသည်များလည်း ပါပေမည်။ တစ်ဖက်နှင့် တစ်ဖက် အပေးအယူ မမျှတ၍ မည်သို့မျှ အဆင်ပြေမည် မဟုတ်ဟု ကျွန်တော် တွေးမိသည်။ ထို "လခ လေးရာ ရသော အရာရှိ" ကိုလည်း မကြာမကြာ သတိရနေမိပါသည်။

သံဃာတော်များ၊ တုန်ယင် ချည့်နဲ့နေသော သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးချီထားသော အမျိုးသမီးများ ကားပေါ် တက်လာ၍ ထိုင်စရာ မရှိသည့်အခါ ထိုင်နေသူများက ဂရုတစိုက် ထပေးတတ်ကြသည်။ 'အရှင်ဘုရား ဒီကို ကြွပါဘုရား' ဟူသော ရိုသေ ကိုင်းရှိုင်းသံ၊ 'အို အဘ ဒီမှာ လာထိုင်ပါ၊ လဲမယ်နော် ဖြည်းဖြည်းလာ'

ဟူသော ကရုဏာသံ၊ 'ဟိုကလေးချီထားတဲ့ အစ်မကြီး ဒီမှာ လာထိုင်ပါ' ဟူသော ရိုင်းပင်းသံတို့ဖြင့် ယဉ်ကျေးမှုကို ပြတတ်ကြသည်။ ကူညီတတ်ကြသည်။ အချို့ကမူ နေရာတွင် ထိုင်ကတည်းက "ဘယ်သူလာလာ ဘာဖြစ်လို့ ထပေးရမှာလဲ" ဟူ၍များ သဘောထားလေသလား မသိ။ ကြောင်တောင်ကြည့်ပြီး ခပ်တင်းတင်း ထိုင်နေကြသည်။ ဘယ်လိုပုဂ္ဂိုလ်မျိုးကိုမှ ထမပေးကြ။ မိန်းမပျိုကလေးများ တက်လာသည့်အခါ အချို့က ရိုးရိုးသားသားပင် ထပေးကြသည်။ အချို့က ထပေးပြီး ပြုံးဖြဲဖြဲ မျက်နှာနှင့် မလုံသလို ဟိုကြည့် ဒီကြည့် ကြည့်တတ်ကြသည်။ ကားစီးနေသည့် အချိန်တိုကလေး အတွင်းမှာပင် လူများသည် မိမိ၏ ပင်ကို အမူအကျင့်ကလေးများကို လှစ်ခနဲ ပြတတ်ကြပါကလားဟု သဘော ပေါက်မိပါသည်။

အလိုက်မသိသော သူများကိုလည်း မကြာမကြာ တွေ့ရသည်။ ကားရပ်ခိုင်းပြီး ဆင်းခါနီးမှ မဆင်းနိုင်သေးဘဲ အဝမှာ ပိတ်ပြီး စကား လှည့်ပြောနေတတ်သော အဒေါ်ကြီးများကို တွေ့ရတိုင်း စိတ်ထဲမှာ စနောင့်စနင်း ဖြစ်မိသည်။ အဝက ပိတ်ထားသဖြင့် နောက်က ဆင်းမည့် သူလည်း မဆင်းရ၊ အောက်က တက်မည့်သူလည်း မတက်ရ။ ကားဆရာက 'ဒီမှာ မြန်မြန်ဆင်းပါဗျ၊ ခင်ဗျား တစ်ယောက်တည်း စီးနေတာ မဟုတ်ဘူး' ဟု အငေါ်တူးတူး အော်လိုက်မှ မျက်စောင်းခဲပြီး ဆင်းသွား တော့သည်။

ကားပေါ်မှာ ကြုံရသော ဖြစ်ရပ်များကား စုံလှသည်။ ကား နောက်ဆုံးမှ ရှေ့ဆုံးသို့ လှမ်းပြီး တစ်ကားလုံး ဆူညံနေအောင် စကား ပြောတတ်သော အိန္ဒိယ အမျိုးသားများ၊ 'မုန့်ဖိုးပဲပါလို့ ကားခ မယူပါနဲ့ ဦးလေးရယ်' ဟု သနားစဖွယ် ပြောရင်း မျက်လုံးလေး ကလယ်ကလယ်

နှင့် ကားတက်စီးတတ်သော ကျောင်းသား လူမမည်ကလေးများ၊ နည်းနည်းပါးပါး တိုးမိ တိုက်မိလျှင် သည်းမခံဘဲ ရန်တွေ့တတ်သော အဒေါ်ကြီးများ စသည်ဖြင့် လူပေါင်းစုံ၊ ဖြစ်ရပ်ပေါင်းစုံ ကြုံရပါသည်။

ဘတ်စ်ကား တစ်စီးပေါ်မှ လူ အနည်းငယ်ကို ကြည့်ကာဖြင့် ပြုံးစရာကောင်းသော၊ သနားစရာကောင်းသော၊ ရင်မောစရာ ကောင်းသော၊ ဒေါသဖြစ်စရာ ကောင်းသော ဖြစ်ရပ်မျိုးစုံကို ကြုံရတွေ့ရလျှင် ကျွန်တော်တို့ နေထိုင်သည့် ကမ္ဘာကြီး တစ်ခုလုံးတွင် ဤဖြစ်ရပ်မျိုး မည်မျှ များပြားမည်ကို ချင့်တွက်မိပါသည်။ ကားပေါ်မှာသာ မဟုတ်၊ အခြား မည်သည့်နေရာတွင်မဆို လူတို့၏ အမူအကျင့်အမျိုးမျိုး၊ စိတ်ထား အမျိုးမျိုးကို တစေ့တစောင်း ခန့်မှန်းနိုင်သည့် ဖြစ်ရပ်ပေါင်းစုံကို စိတ်ဝင်စားဖွယ် ကြုံတွေ့နိုင်မည်ဟုလည်း ဆက်စပ် ဆင်ခြင်မိပါသည်။

ကျွန်တော်သည် ဆက်လက်၍ ဘတ်စ်ကား စီးရပေဦးမည်။ စီးသည့်အခါတိုင်းလည်း လူပေါင်းစုံ၊ ဖြစ်ရပ်ပေါင်းစုံကို စိတ်ဝင်စားဖွယ် ကြုံရပေဦးမည်။

အနုအရင့်

ကျွန်တော့် ညီမလေးသည် မနက်က ဈေးထဲသွားရင်း လက်ကိုင်အိတ် လှလှကလေးတွေ တွေ့လာခဲ့သည်။ ထို လက်ကိုင်အိတ်မျိုးကို သူ သိပ် လိုချင်နေသည်။ ထို့ကြောင့် အိမ်ပြန်ရောက်သောအခါ 'လက်ကိုင်အိတ် ကလေးတွေ လှလိုက်တာ အဘွားရယ်၊ ဝယ်ပေးပါ' ဟု အဘွားအား ပူဆာသည်။ အဘွားက သဘောမတူ။ 'လက်ကိုင်အိတ်ပဲကွယ် ထည့်လို့ ရရင် ပြီးရောပေါ့။ ငါ့မြေးမှာ ကိုင်လက်စ အိတ်တွေ ရှိသားပဲ။ ဘာဖြစ် လို့ အသစ်ဝယ်ချင်ရတာလဲ' ဟု ဖျောင်းဖျသည်။ ညီမလေးက မကျေနပ်။

'အို... အဘွားက အမယ်အိုကြီးပဲ၊ အလှအပကို ဘယ်မက်မော တော့မလဲ။ ကျွန်မတို့က အသစ်အဆန်းပေါ်ရင် လိုချင်တာပေါ့' ဟု ပြန်ပြောသည်။ သူတို့ မြေးအဘွား အချီအချ ပြောနေပုံကို နားထောင်ရင်း ကျွန်တော့်အဖို့ တွေးစရာကလေးများ ပေါ်လာရသည်။ အဘွားသည် အသက် ၇၀ ကျော်ပြီ ဖြစ်သည်။ အလှအပ အာရုံကို မခံစားချင်တော့ သော အရွယ် ဖြစ်သည်။ စိပ်ပုတီးကြီးကို တဂျောက်ဂျောက် စိပ်ရင်း ပါးစပ်က တတွတ်တွတ် ရွတ်ဖတ်နေသည့်အရွယ် ဖြစ်သည်။ ညီမလေး

ကမ္မာမူ ယခုမှ အသက် ၂၀ သာ ရှိသေးသည်။ ပျိုတုန်း ရွယ်တုန်းမို့ အလှအပကို မက်မောသည်။ လှချင်ပချင်သည်။ ထို့ကြောင့် အဘွားနှင့် ညီမလေးသည် ဘယ်နည်းနှင့်မျှ အမြင်ချင်း တူနိုင်မည် မဟုတ်။ သူတို့ သည် အသက်အရွယ်တည်း ဟူသော အခြေခံချင်း ကွာနေသည်။ အဘွား ဘက်က ကြည့်လျှင်လည်း သူ့အခြေခံနှင့်သူ မှန်သည်ပင်။

ကျွန်တော်သည် တွေးလက်စနှင့် ဆက်တွေးနေမိသည်။ "အခြေခံ" ဟူသော စကားသည် ကျွန်တော့် ခေါင်းထဲမှာ ချာလည် ချာလည် ဖြစ် နေသည်။ ကျွန်တော် စဉ်းစားကြည့်ပါသည်။ ကျွန်တော်တို့သည် တစ်ပေ ရှည်သော အပ်တစ်ချောင်းကို မြင်လျှင် "အပ်ကြီးက အရှည်ကြီးပဲ" ဟု ပြောတတ်ကြသည်။ သို့သော် အရွယ်ရော အရှည်ပါ ထိုအပ်လောက် ပင် ပမာဏ ရှိသော ဝါးချောင်းကို မြင်လျှင် အဘယ်ကြောင့် "ဝါးချောင်း ကြီးက အရှည်ကြီးပဲ" ဟု မပြောကြပါသနည်း။ အပ်လည်း တစ်ပေ၊ ဝါးလည်း တစ်ပေ၊ အရှည်ချင်း အတူတူပင်။ သို့သော် အဘယ်ကြောင့် အပ်ချောင်း တစ်ပေကို ရှည်သည် ထင်၍ ဝါးချောင်းတစ်ပေကို တိုသည် ထင်ရပါသနည်း။ ဤသဘောသည် အခြေခံသဘောပင် ဖြစ်မည် ထင်ပါ သည်။ အပ် ဟူသော ပစ္စည်းနှင့် ဝါး ဟူသော ပစ္စည်းသည် အခြေခံချင်း မတူကြ။ အပ်ကို အရှည်ဆုံး သုံးလက်မ၊ လေးလက်မခန့်သာ ပြုလုပ် လေ့ ရှိကြသည်။ ထို ပမာဏသည် အပ်၏ အမြင့်ဆုံး အခြေခံပင်။ ထို့ကြောင့် ထိုထက် ပိုရှည်သော တစ်ပေ ဟူသည့် အတိုင်းအဆကို တွေ့ရသောအခါ ရှိမြဲ အခြေခံထက် ပိုနေသဖြင့် အရှည်ကြီးဟု ပြောခြင်း ဖြစ်ပေမည်။ ဝါးမှာမူ အပ်နှင့် မတူ။ ဝါးလုံး တစ်လုံးသည် ပေပေါင်း မြောက်မြားစွာ ရှည်နိုင်သည်။ သူ့သဘာဝ အခြေခံအရ ဝါးပင် တစ်ပင် သည် အလွန်မြင့်နိုင်သည်။ ထို့ကြောင့် တစ်ပေရှည်သော ဝါးချောင်းသည်

ဝါးလုံးတစ်လုံး၏ အလွန်သေးငယ်သော အစိတ်အပိုင်းမျှသာ ဖြစ်သည်။ အခြေခံသဘောနှင့် ယှဉ်ကြည့်လျှင် အများကြီး တိုနေသည့်အတွက် ဝါးချောင်းကို တိုတိုကလေးဟု ပြောခြင်း ဖြစ်ပေမည်။ ထို့ကြောင့် ရှည်သည်၊ တိုသည်ကို ဆုံးဖြတ်ရန် အတိုင်း အရှည်ပမာဏကို ကြည့်ပြောရုံနှင့် မပြီး၊ အခြေခံသဘောကိုပါ ကြည့်ဖို့ လိုသေးသည်ဟု သဘောပေါက်မိပါသည်။

လွန်ခဲ့သည့် လက ကျွန်တော် သိပ်လိုချင်နေသော စာအုပ်ဟောင်းတစ်အုပ်ကို ဈေးထဲမှာ တွေ့သည်။ စာအုပ်မှာ လွန်ခဲ့သော အနှစ် ငါးဆယ်ခန့်က ထုတ်ခဲ့သောစာအုပ်ဖြစ်၍ စာရွက်များပင် ဆွေးမြည့်နေပေပြီ။ ဈေးမေးကြည့်ရာ ငါးကျပ်ဟု ဆိုသဖြင့် ဝမ်းသာအားရ ဈေးမဆစ်ဘဲ ဝယ်လာသည်။ ထိုအကြောင်းကို ကျွန်တော် သူငယ်ချင်း တစ်ယောက်အားပြောပြမိသည်။ 'ငါကွာ သိပ်ရှားပါးတဲ့ စာအုပ်တစ်အုပ်ကို ငါးကျပ်ထဲပေးခဲ့ရတယ်' ဟု ပြောပြသည်။ သူငယ်ချင်းက 'မင်းဟာ စာအုပ်ရူးပဲကွ။ ဒီ စာအုပ်အဟောင်းကြီးကို ငါးကျပ်တောင် ပေးရတယ်ဆိုတော့ များတာပေါ့' ဟု ပြန်ပြောသည်။ ထိုအကြောင်းကို ကျွန်တော် ယခု သတိရနေမိသည်။

စာအုပ်တန်ဖိုးသည် ငါးကျပ် ဖြစ်သည်။ ထို ငါးကျပ်သည် ကျွန်တော့်အဖို့ နည်းသော ငါးကျပ် ဖြစ်၍ သူငယ်ချင်းအဖို့ များသော ငါးကျပ်ဖြစ်နေသည်။ ငါး ဟူသော ပမာဏ တစ်ခုတည်း ဖြစ်ပါလျက် တစ်ယောက်က နည်းသည်ဟု ထင်သည်။ ထို့ကြောင့် "ငါးကျပ်ထဲ" ဟု သုံးသည်။ တစ်ယောက်က များသည်ဟု ထင်သည်။ ထို့ကြောင့် "ငါးကျပ်တောင်" ဟု သုံးသည်။ အဘယ်ကြောင့်နည်း။ စာအုပ်ပေါ်မှာ ကျွန်တော်နှင့် သူ ထားသော သဘောထား အခြေခံချင်း မတူသော

ကြောင့် ဖြစ်ပေမည်။ ကျွန်တော်က ထိုစာအုပ်ကို တန်ဖိုးထားသည်။ သူက စာသမားမဟုတ်၊ ထို့ကြောင့် အလကားစာအုပ်ဟု ထင်သည်။ ထို့ကြောင့် များသည်၊ နည်းသည်ကို ဆုံးဖြတ်ရန် အတိုင်းအဆကို ကြည့်ပြောရုံနှင့် မပြီး၊ အခြေခံသဘောကိုပါ ကြည့်ဖို့ လိုပါသေးသည်ဟု သဘောပေါက်မိပါသည်။

မနေ့က ကျွန်တော့် တူကလေးကို 'ဟို ရေနွေးအိုးကလေး ယူပေးစမ်းကွာ' ဟု ခိုင်းမိသည်။ လေးနှစ်အရွယ် တူကလေးက ရေနွေးအိုးကို ကိုင်ရင်း 'ဦးဦးကလည်း ရေနွေးအိုးကြီးပါ' ဟု ပြန်ပြောသည်။ မှန်ပါသည်။ ထိုရေနွေးအိုးသည် ကျွန်တော့်အဖို့ ငယ်သော ရေနွေးအိုးဖြစ်၍ သူ့အဖို့ ကြီးသော ရေနွေးအိုး ဖြစ်နေသည်။ ကျွန်တော်က လူကြီး၊ သူက ကလေး၊ အခြေခံချင်း မတူသောကြောင့် ဖြစ်ပေမည်။ လူသည် တစ်စုံတစ်ရာကို နှစ်သက် မြတ်နိုးသော စိတ်၊ သို့မဟုတ် အမှုမထားသော စိတ်ဖြင့် ပြောဆိုသောအခါ 'ဒီဟာကလေးက ဘယ်သို့ ဘယ်ညာ' စသည်ဖြင့် ပြောသည်။ မနှစ်သက်သော စိတ်ဖြင့် ပြောဆိုသောအခါတွင်မူ 'ဒီဟာကြီးက ဘယ်သို့ဘယ်ညာ' စသည်ဖြင့် ပြောပြန်သည်။ လူ့စိတ် အခြေအနေကို လိုက်၍ ပစ္စည်းတစ်ခုတည်းက ခုသေးလိုက်၊ ခုကြီးလိုက် ဖြစ်နေရသည်။ ထို့ကြောင့် ကြီးသည်၊ သေးသည်ကို ဆုံးဖြတ်ရန် ပမာဏကို ကြည့်ရုံနှင့်မပြီး၊ အခြေခံသဘောကိုပါ ကြည့်ရန် လိုသေးသည်ဟု သဘောပေါက်မိပါသည်။

အခြေခံသဘောသည် နေရာတကာမှာ ရှိသည်။ ပညာရှိသည် စွယ်စုံကျမ်းကို နှစ်သက်၏။ ကလေးသည် ကာတွန်းစာအုပ်ကို နှစ်သက်၏။ ဤကား သူ့အခြေခံနှင့်သူ နှစ်သက်ခြင်းပင်။ ပညာရှိကို ကာတွန်းစာအုပ် မနှစ်သက်ရကောင်းလားဟု အပြစ်ဆို၍ မဖြစ်။ ကလေးကို စွယ်စုံ

ကျမ်း ဖတ်ခိုင်း၍လည်း မဆီလျော်။ ကလေးသည် ကစားချင်သော သဘာဝ ရှိသည်။ ထို့ကြောင့် ကစားစရာဆိုတာ အလကားပဲဟု ကလေးကို ဆုံးမ လျှင် ကလေးသည် သဘောပေါက်မည် မဟုတ်။ ကျွန်တော့် အဘွားနှင့် ညီမလေးလို အခြေခံ ကွာနေသောကြောင့်ပင်။

ကျွန်တော် ထင်ပါသည်။ ကျွန်တော်တို့သည် အတောင်နှစ်ဆယ် နက်သော ရေတွင်းကို အတောင် ငါးဆယ်ရှည်သော တုတ်ဖြင့် တိုင်းပြီး တိမ်လွန်းသည်ဟု ပြောနေ၍လည်း မသင့်။ ငါးတောင်ရှည်သော တုတ် ဖြင့် တိုင်းပြီး နက်လွန်းသည်ဟု ပြောနေ၍လည်း မသင့်။ အတောင် နှစ်ဆယ်နက်သော ရေတွင်းကို အတောင်နှစ်ဆယ် ရှည်သော တုတ်ဖြင့် တိုင်းနိုင်အောင် ကြိုးစားခြင်းသည်သာ အသင့်ဆုံးဖြစ်မည် ထင်ပါသည်။ အခြေခံ မတူသဖြင့် အမြင် မတူသည်ကို ဂရုမထားဘဲ တစ်ဖက်သတ် ကြည့်ပြီး "ဒါ အမှန်တရားပဲ" ဟု ပြောလျှင် နည်းလမ်းကျမည် မထင်ပါ။ ဤသဘောကို ဆင်ခြင်မိသောအခါ တစ်ဖက်စွန်း မရောက်ဘဲ ဟိုဘက် ဒီဘက် မျှမျှတတ ကြည့်တတ်ခြင်းသဘောကို ပို၍ နားလည်သလိုလို ဖြစ်လာပါသည်။

ကျွန်တော်တို့ လောကကြီးသည် ကျယ်ဝန်းလှပါသည်။ သိစရာ တတ်စရာတွေ များလှသည်။ ကျွန်တော်တို့သည် သိစရာ တတ်စရာတွေ ကို သိအောင် တတ်အောင် ကြိုးစားကြသည်။ ထိုအခါ ကိုယ့်အခြေခံနှင့် လိုက်လျောသော အသိမျိုး အတတ်မျိုးကို ရလာကြသည်။ အခြေခံ နုနယ် သေးလျှင် သိမှုတတ်မှုသည်လည်း နုနယ်မည်သာ ဖြစ်သည်။ အခြေခံ ရင့်ကျက်လျှင် သိမှု တတ်မှုသည်လည်း ရင့်ကျက်လာမည်ပင်။ မည်သူ မဆို မိမိ အခြေခံ အနုအရင့်အလျောက် အခြေခံနှင့် လိုက်လျောသော သိမှု တတ်မှု၊ နှစ်သက်မှု မွေ့လျော်မှုမျိုးကို ခံယူမြဲ ဖြစ်သည်ဟု ဆင်ခြင်မိ ပါတော့သည်။

လူဆိုသည်မှာ

"သူများလင် သူများသား ကျားကိုက်လို့ သေသေ၊ ပျိုတို့
မောင် ရွှေရောင်ရစ် မင်း ဖြစ်ပါစေ"

ကြားဖူးသည်မှာ ကြာပါပြီ။ ကျောင်းနေစဉ်က ဆရာမ တစ်ယောက် ရွတ်ဆိုပြ၍ ဤစာပိုဒ်ကလေးကို ကြားဖူးခဲ့ရသည်။ ရှေးသီချင်းတစ်ပုဒ်ထဲမှ စာ ဖြစ်သည်ဟု ဆရာမက ပြောသည် ထင်ပါသည်။ အသေအချာ မမှတ်မိတော့ပါ။ ဘာအကြောင်းနှင့် ဆက်စပ်ပြောမှန်းပင် မသိတော့ပါ။ သို့သော် ဤစာပိုဒ်ကလေးကိုမူ ကျွန်တော် ယခုတိုင် စွဲစွဲလမ်းလမ်း သတိရနေပါသည်။ အရင်ကဆိုလျှင် ဤစာပိုဒ်ကို သတိရတိုင်း စိတ်ထဲမှာ စနောင့်စနင်း ဖြစ်ခဲ့ရသည်။ မကျေနပ်သလိုလို ဖြစ်ခဲ့ရသည်။

စာပိုဒ်၏ အဓိပ္ပာယ်မှာ ရှင်းလှပါသည်။ လုံမပျို တစ်ယောက်၏ စိတ်ဆန္ဒ ဖော်ပြချက်ကလေးမျှသာပင်။ လုံမပျိုသည် သူ့မောင်ကို မြတ်နိုးသည်။ ထို့ကြောင့် သူ့မောင်၏ အကျိုးကို ကြည့်သည်။ သူများ လင်၊ သူများ သားတွေ ဘာဖြစ်နေနေ၊ သူ့အဖို့ အရေးမကြီး။ ကျားကိုက်၍ သေချင်သေ၊ သူက ဂရုမစိုက်။ သူ့အဖို့မူ သူ့မောင်မောင် ရွှေရောင်ရစ်

မင်း ဖြစ်ဖို့သာ အရေးကြီးသည်။ ထို့ကြောင့် သူ့မောင်မောင် ရွှေရောင်ရစ်မင်းဖြစ်ပါစေဟု ဆုတောင်းနေသည်။ လုံမပျို၏ စိတ်ထားမှာ "ဘယ်သူသေသေ ငတေမာ ပြီးရော" ဟူသည့် စိတ်ထားမျိုး ဖြစ်သည်ဟု ကျွန်တော်ထင်မိသည်။ ထို့ကြောင့် လုံမပျိုကို စိတ်ထဲမှ အပြစ်တင်ခဲ့မိသည်။ "ကိုယ့်အတွက်ပဲ ကြည့်တတ်လွန်းရန်ကော" ဟု မကျေမနပ် ဖြစ်မိသည်။

ကျွန်တော်သည် ဤအကြောင်းကို စဉ်းစားနေစဉ် အိမ်ရှေ့ဘက်ဆီမှ ဆူသံပူသံ ကြားရသဖြင့် ထွက်ကြည့်မိပါသည်။ ကျွန်တော်တို့အိမ်မှ ကျွန်တော့်အဒေါ်နှင့် တစ်ဖက်အိမ်မှ မိန်းမကြီး တစ်ယောက်သည်အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေကြ၏။ ဘာအကြောင်းနှင့် ပတ်သက်ပြီးဖြစ်ကြသည် မသိ၊ တစ်ယောက်ကို တစ်ယောက် အပြစ်ဖို့ကြသည်။ "ညည်းက ဘာလဲ၊ ငါက ဘာပဲ" စသည် စသည်ဖြင့် "ညောင်မြစ်တူး" ကြသည်။ တော်တော်နှင့် မပြီးနိုင်ကြ။ တစ်နာရီလောက်ကြာမှ နှစ်ယောက်စလုံး မောပြီး တိတ်သွားကြတော့သည်။

သူတို့နှစ်ယောက် ဘယ်သူလွန်သည် မသိပါ။ ဘယ်သူလွန်မှန်းမသိသေးမီပင် တစ်ဖက်အိမ်က မိန်းမကြီးကို ကျွန်တော် မုန်းသလိုလိုဖြစ်သွားသည်။ "ဒီမိန်းမကြီးနှယ်၊ ငါ့အဒေါ်ကို နိုင်လိုမင်းထက် ပြောလေခြင်း" ဟု စိတ်ထဲမှာ မကျေမနပ် ဖြစ်မိသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် ရန်ပွဲတွေ ခဏခဏ ဖြစ်သည်။ တလောကပင် ရန်ပွဲတစ်ပွဲ ဖြစ်သေး၏။ ထို ရန်ပွဲကား ကျွန်တော်တို့အိမ်တွင်းရန်ပွဲ ဖြစ်သည်။ သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်၊ ကျွန်တော့်အမေနှင့် ကျွန်တော့်အဒေါ်တို့ စကားများကြခြင်းပင်။ ထိုစဉ်ကလည်းကျွန်တော်သည် ဘာမှဝင်မပြောခဲ့ပါ။ သို့သော် ပြဿနာကို အတိအကျမသိသေးမီပင် ကျွန်တော့်စိတ်သည် အမေ့ဘက်မှ အလိုလို ဝင်ရပ်မိလျက်

သား ဖြစ်နေတော့သည်။ အမေ့ဘက်မှနေ၍ အဒေါ်ကို မကျေမနပ် ဖြစ်မိသည်။ ယခု ထိုရန်ပွဲ နှစ်ပွဲကို ကျွန်တော် နှိုင်းယှဉ်ကြည့်မိပါသည်။ အမေနှင့်အဒေါ် ရန်ဖြစ်စဉ်က ကျွန်တော့်အမေဘက်မှ နာခဲ့သည်။ အဒေါ်ကို မကျေမနပ် ဖြစ်ခဲ့သည်။ ကျွန်တော် မကျေမနပ်ဖြစ်ခဲ့သော ထိုအဒေါ်သည် ယခု အခြားမိန်းမကြီးနှင့် ရန်ဖြစ်သောအခါတွင်မူ ထို အဒေါ်ဘက်မှ ကျွန်တော် ဝင်နာပြန်သည်။ ကျွန်တော့် စိတ်ထားသည် ဟုတ်မှ ဟုတ်ပါသေး၏လော။

ကျွန်တော် ဤသို့ စဉ်းစားမိသည်။ ကျွန်တော့်အဖို့ အမေသည် အဒေါ်ထက် ပို၍ ရင်းသည်။ ပို၍ သွေးနီးသည်။ ထို့ကြောင့် အမေနှင့် အဒေါ်တို့၏ ပြဿနာတွင် ကျွန်တော်နှင့် ပို၍ သွေးနီးသော အမေ့ဘက်မှ ကျွန်တော် ဝင်ရပ်မိခြင်း ဖြစ်ပေလိမ့်မည်။ အဒေါ်နှင့် အခြားမိန်းမကြီး ယှဉ်လိုက်သောအခါတွင်မူ အဒေါ်က ကျွန်တော့် ဆွေမျိုးအရင်းကြီး။ မိန်းမကြီးက သူတစိမ်း။ ထို့ကြောင့် ဆွေမျိုးဟူသော အသိဖြင့် အဒေါ်ဘက်မှ ကျွန်တော် ဝင်ရပ်မိခြင်း ဖြစ်ပေလိမ့်မည်။ သို့ဖြစ်လျှင် ကျွန်တော့်တွင် "ကိုယ်နှင့် နီးစပ်ရာ" ဟူသော အစွဲမျိုး ရှိသည်မှာ ထင်ရှားပါသည်။ ပြဿနာကို မသိသေးမီပင် "ငါနဲ့ နီးစပ်သူ သာပါစေ" ဟူသော စိတ်ဆန္ဒမျိုး ဖြုန်းခနဲ ပေါ်လာလေ့ရှိသည်မှာ ထင်ရှားပါသည်။ ထိုအတွေးမျိုး ဝင်လာသောအခါ ဖော်ပြခဲ့သော လုံမပျိုကို ကျွန်တော် အပြစ်မတင်လိုတော့ပါ။ ကျွန်တော်ကော သူနှင့် ဘာများ ထူးသေးသနည်း။ ကျွန်တော် ကိုယ်တိုင်က ကိုယ့်အမေ၊ ကိုယ့်အဒေါ် ဟူသော အစွဲဖြင့် ကိုယ်နှင့် နီးစပ်သူဘက်မှ ကြည့်တတ်သေးလျှင် ထိုလုံမပျိုသည်လည်း သူချစ်သော မောင်အတွက် ကြည့်တတ်ပေလိမ့်မည်။ သူ့မောင် ကောင်းစားစေလိုသောစိတ် ရှိရှာပေလိမ့်မည်။ ထက်သန်လွန်ကဲသော ထိုစိတ်ကို အလေးအနက်ပြု

လိုသောကြောင့်သာ "သူများလင်၊ သူများသား ကျားကိုက်လို့ သေသေ" ဟူသော စကားမျိုး ထည့်သုံးမိခြင်း ဖြစ်ပေလိမ့်မည်ဟု စဉ်းစားမိပါသည်။ လုံမပျိုကို ဖြုန်းခနဲ ပြစ်တင်စောမိသည့်အတွက် ကျွန်တော့်ကိုယ် ကျွန်တော် ရှက်သလိုလိုလည်း ဖြစ်မိပါသည်။

ကျွန်တော်တို့မှာ အစွဲကလေးတွေ ရှိတတ်ကြသည်။ ထို အစွဲကလေးတွေ၏ အခြေခံမှာ မိမိကိုယ်မိမိ စွဲလမ်းသော အစွဲဖြစ်သည်ဟု ထင်ပါသည်။ လူသည် ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံး စိတ်ဝင်စားဆုံး ဖြစ်သည်။ ထို့ကြောင့် ဘယ်နေရာမှာဖြစ်ဖြစ် ကိုယ့်အတွက် အလျင်ဆုံး စဉ်းစားတတ်သည်။ ကိုယ့်ကိုယ်ကိုယ် စိတ်ဝင်စားမှုနှင့် အခြေခံပြီး ကိုယ်နှင့် ပတ်သက်သမျှကို လိုက်၍ စိတ်ဝင်စားတတ်သည်။ ထို သဘောကြောင့် အိမ်သားချင်း ပြဿနာပေါ်လျှင် ကိုယ် ပိုချစ်သော သူဘက်မှ ဝင်ပါတတ်သည်။ ကိုယ့်အိမ်နှင့် သူများအိမ် ပြဿနာပေါ်လျှင် အိမ်ဘက်မှ ဝင်ပါတတ်သည်။ ကိုယ့် ရပ်ကွက်မှာ တစ်အိမ်နှင့် တစ်အိမ် မသင့်မတင့် ဖြစ်နေစေကာမူ ကိုယ့်ရပ်ကွက်နှင့် သူများရပ်ကွက် ပြဿနာပေါ်လျှင် မသင့်တင့်သော အိမ်များသည် မသင့်တင့်သည်ကို ခဏဘေးဖယ်ထားပြီး ပြဿနာကို စုပေါင်း ရင်ဆိုင်တတ်ကြသည်။ ထိုနည်းတူပင် နိုင်ငံတစ်နိုင်တွင် နိုင်ငံသားချင်း မညီမညွတ် ဖြစ်နေစေကာမူ မိမိနိုင်ငံနှင့် အခြားနိုင်ငံ ပြဿနာတစ်ခုခု ပေါ်လာသောအခါ မညီညွတ်သော နိုင်ငံသားများ ပြန်ညီညွတ်ပြီး စုပေါင်းကာ တစ်ပါးရန်ကို တွန်းလှန်တတ်ကြသည်။ ဤသဘောများမှာ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် အမြဲကြုံတွေ့ရတတ်သည့် သဘောများ ဖြစ်ပါသည်။ ကိုယ့်ကိုယ်ကို ချစ်သော အစွဲကို အခြေခံရာမှ "ငါ့အဖေ၊ ငါ့အမေ၊ ငါ့အိမ်၊ ငါ့ရပ်ရွာ၊ ငါ့တိုင်းပြည်၊ ငါ့လူမျိုး" စသည်ဖြင့် ကိုယ်နှင့် နီးစပ်မှု နယ်ပယ် တဖြည်းဖြည်း ကျယ်

သွားခြင်း ဖြစ်သည်ဟု ထင်ပါသည်။ ကိုယ့်နိုင်ငံတွင် နေစဉ်က မြင်ပင် မမြင်ဖူးကြသူများ တစ်တိုင်း တစ်နိုင်ငံတွင် ဆုံကြသောအခါ "တို့ တစ်နိုင်ငံတည်းသားတွေပဲ" ဟူသော အသိဖြင့် ခင်မင်သွားတတ်ကြသည်မှာလည်း ဤသဘောပင် ဖြစ်ပေလိမ့်မည်။ ကိုယ်က ဖြူသလား၊ မည်းသလားပင် မသိသော ကိုယ့်နိုင်ငံသား တစ်ယောက် ထင်ထင်ရှားရှား ဖြစ်လာသောအခါ "ဒါ တို့နိုင်ငံသားကွ" ဟု ကိုယ် မသိသော ထိုသူအတွက် ဂုဏ်ယူတတ်ခြင်းမှာလည်း ထိုသဘောပင် ဖြစ်ပေလိမ့်မည်။

လူသည် ဘာကိုမဆို၊ ဘယ်သူ့ကိုမဆို ကိုယ်နှင့် အနည်းဆုံး ဘယ်လို ပတ်သက်နိုင်သည်ကို အလျင်ဆုံး ကြည့်တတ်သည်။ ကြည့်ပြီး နည်းနည်း ပတ်သက်လျှင် နည်းနည်းအလျောက်၊ များများ ပတ်သက်လျှင်လည်း များများအလျောက် လိုက်ပြီး ဖက်တွယ် စွဲလမ်းချင်တတ်သည်ဟု နားလည်လာပါသည်။ ထို ဖက်တွယ် စွဲလမ်းမှုမျိုးကို ကိုယ့်ပတ်ဝန်းကျင်ရှိ လူများပေါ်တွင် အနည်းနှင့်အများ ထားတတ်ကြသည်။ "ငါ၊ ငါ့အမေ၊ ငါ့အဖေ" ဟူသော ပုဂ္ဂလိက စွဲလမ်းမှုမျိုးမှသည် "ငါတို့လူသားတွေ" ဟူသော ကျယ်ပြန့်သည့် စွဲလမ်းမှုမျိုးအထိပင်။ ကိုယ်တစ်ယောက်တည်း နေ၍ မရသဖြင့် ဖော်ပြပါ စွဲလမ်းမှုအမျိုးမျိုးကို အခြေခံကာ လူအများနှင့် ပေါင်းရသင်းရ ဆက်ဆံရသည်။ ကိုယ့်ရပ်တည်မှုအတွက် သူများတွေနှင့် ပူးပေါင်းကာ လုပ်ကိုင် ဆောင်ရွက်ရသည်။ သို့သော် ကိုယ်သည်လည်း ထိုအများထဲတွင် ပါနေသည့်အတွက် အများနှင့် ပူးပေါင်း ဆောင်ရွက်ရင်းပင် ကိုယ့်အကျိုးပါ ပြီးမြောက်လေတော့သည်။ ဤသဘောသည် လူများအဖို့ မရှိနိုင်သောသဘော ဖြစ်မည်ဟု ထင်ပါသည်။ လူတစ်ယောက် ဖြစ်သော ကျွန်တော်သည် လူ ဆိုသည်မှာ ဤသို့ပါကလားဟု သဘောပေါက်သလိုလို ဖြစ်လာပါသည်။

ပန်းပဲဆရာကလေးနှင့် မယ်ဒလင်လက်တံ

ငါးရှငါးဆယ် ဇာတ်ဝတ္ထုများထဲတွင် ကျွန်တော့် စိတ်ထဲမှာ စွဲကျန်နေသော ဇာတ်ဝတ္ထု အတော်များများ ရှိပါသည်။ အချို့က ဇာတ်လမ်းအလှည့်အပတ်ကလေးများဖြင့် ဆွဲဆောင်မှု အားကောင်းသည်။ အချို့က ဇာတ်ဆောင်စရိုက်ကို လင်းခနဲ လက်ခနဲ အပြကောင်းသည်။ အချို့က ဝတ္ထု၏ ဆိုလိုရင်းအာဘော် စွဲသွားအောင် ရှုးရှုးရှရှ အပြကောင်းသည်။ ဤသို့ဖြင့် စိတ်ထဲမှာ စွဲကျန်လောက်စရာ အရည်အသွေး တစ်ခုမဟုတ်တစ်ခုနှင့် ပြည့်စုံသော ဇာတ်ဝတ္ထုများ ဖြစ်ပါသည်။

ထို ဇာတ်ဝတ္ထုများထဲတွင် အကြောင်းတစ်ခုနှင့် တိုက်ဆိုင်လာသည့်အတွက် ဇာတ်ဝတ္ထု တစ်ပုဒ်ကို ထူးထူးခြားခြား သတိရနေမိပါသည်။ ပန်းပဲရွာကို အပ်သွားရောင်းသော ပန်းပဲဆရာကလေးအကြောင်း ဖြစ်ပါသည်။ တိတိကျကျ ဆိုရလျှင် ငါးရှငါးဆယ် "ဆက္ကနိပါတ်" လာ "သူစိဇာတ်" ခေါ် ဇာတ်ဝတ္ထု ဖြစ်ပါသည်။ သတိရစရာ တိုက်ဆိုင်လာသော အကြောင်းကို မပြောသေးခင် ဤဇာတ်ဝတ္ထုကလေးကို အကျဉ်းချုပ် ပြန်ပြောပါရစေ။

ရာပြည့်စာအုပ်တိုက်

ရှေးအခါက ပန်းပဲရွာ တစ်ရွာတွင် ပန်းပဲသမား တစ်ထောင်ကို ကြီးမှူးနေသော ပန်းပဲဆရာကြီး တစ်ဦး ရှိသည်။ ထို ပန်းပဲဆရာကြီး၏ သမီးသည် အလွန်လှပ ချောမောသည်ဟု ဆိုပါသည်။ ထိုရွာနှင့် မနီးမဝေး တွင် ဘုရားလောင်း ပန်းပဲဆရာလေး နေသည်။ ပန်းပဲဆရာလေးသည် ဆင်းရဲသော်လည်း ပညာထူးချွန်သည်။ သူသည် ပန်းပဲဆရာကြီး သမီး ချောကြောင်း လှကြောင်း ကြားရသောအခါ တပ်မက်စိတ် ပေါ်လာသည်။ ထို မိန်းမပျိုကို အရယူမည်ဟု ဆုံးဖြတ်၍ မိမိ ပညာအစွမ်းဖြင့် အလွန် ဆန်းကြယ်သော အပ်တစ်စင်းကို ပြုလုပ်ပြီး ထိုရွာသို့ သွား၍ 'အပ်ဝယ် ကြဦးမလား' ဟု တမင် အော်ဟစ် ရောင်းချသည်။ ထိုအခါ ပန်းပဲဆရာ ကြီး သမီးက ပန်းပဲရွာမှ အပ်လာရောင်း၍ အကျိုးရှိမည် မဟုတ်ကြောင်း၊ ဘယ်သူမှ ဝယ်မည် မဟုတ်ကြောင်း ထွက်ပြောသည်။ ပန်းပဲဆရာလေး က မိမိ အပ်ကို ပန်းပဲဆရာကြီး မြင်လျှင် မိမိကို သဘောကျပြီး သူ့ သမီးနှင့် ပေးစားမည် အမှန်ဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ ပြန်ပြောသည်။

ထိုစကားကို ပန်းပဲဆရာကြီး ကြား၍ စိတ်ဝင်စားပြီး ပန်းပဲဆရာ ကလေးကို မေးမြန်း စုံစမ်းပြီးနောက် ပန်းပဲသမား တစ်ထောင်ရှေ့တွင် အပ်ကို ပြစေသည်။ ဤတွင် ပန်းပဲဆရာကလေးက သူ့ပညာစွမ်းကို ပြတော့သည်။ အပ်ဟု ထင်ရသော အချောင်းကလေးကို ထုတ်ပြပြီးနောက် 'ဤအရာသည် အပ် မဟုတ်သေး၊ အပ်ကျည် (အပ်အိမ်) သာ ဖြစ်သည်' ဟု ဆိုကာ ထို အပ်အိမ်ထဲမှ အချောင်းကလေးတစ်ခု ဆွဲထုတ်ပြပြန်သည်။ ထိုအရာသည်လည်း အပ် မဟုတ်သေး။ အပ်ကျည်သာ ဖြစ်သည်ဆိုပြီး ဤနည်းအတိုင်း အပ်ကျည် ခုနစ်ထပ်ကို တစ်ထပ်ပြီး တစ်ထပ် ဆွဲချွတ် ပြသည်။ ပန်းပဲဆရာကြီးနှင့် ပန်းပဲ တစ်ထောင်တို့ ရင်သပ်ရှုမော အံ့သြ ကြရသည်။ ပန်းပဲဆရာကလေးသည် နောက်ဆုံး ထွက်လာသော အပ်

သေးသေးမျှင်မျှင်လေးကို ပေပေါ်မှာ ထောင်ပြီး တူနှင့် ထုသောအခါ ပေကို ထုတ်ချင်းပေါက်သွားတော့သည်။ ဤတွင် ပန်းပဲဆရာကြီးက ပန်းပဲဆရာကလေးကို ထူးချွန်သော ပညာရှင်အဖြစ် အသိအမှတ်ပြုကာ သမီးနှင့် ထိမ်းမြားပေးလိုက်တော့သည်။

ဤဝတ္ထုတွင် အပ်အိမ် ခုနစ်ထပ်ကို တစ်ထပ်ပြီးတစ်ထပ် ချွတ်ပြပြီး နောက်ဆုံးကျမှ အပ်သေးသေးမျှင်မျှင်ကလေး ပေါ်လာပုံမှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ရင်သပ်ရှုမော အံ့ဩစရာလည်း ဖြစ်ပါသည်။ သို့သော် ကျွန်တော် ပို၍ စိတ်ဝင်စားသည်မှာ ပန်းပဲဆရာကလေး၏ စိတ်ဓာတ်နှင့် အပြုအမူပင် ဖြစ်ပါသည်။ မိမိ၏ ပညာကို ပြသင့်ပြထိုက်သော နေရာရောက်မှ တစ်ကြိမ်တည်းနှင့် အကျိုးသက်ရောက်အောင် ထိထိမိမိ ပြလိုသော စိတ်ဓာတ်နှင့် ထိုသို့ ပြတတ်သော အပြုအမူကို ဆိုလိုခြင်း ဖြစ်ပါသည်။ ထို စိတ်ဓာတ်နှင့် အပြုအမူကို နှစ်သက်လေးစားမိသည့်အတွက်လည်း ထိုဝတ္ထုကလေးကို စိတ်ထဲမှာ စွဲနေမိခြင်း ဖြစ်ပါသည်။

ယခု ထိုဝတ္ထုကို ပြန်သတိရဖို့ တိုက်ဆိုင်လာသည့်အကြောင်းကို ဖော်ပြပါဦးမည်။ အခြားမဟုတ်ပါ။ ကျွန်တော် စာအုပ်ဟောင်းများကို ရှင်းလင်းရင်း စာအုပ်တစ်အုပ်ကြားထဲမှ ငယ်သူငယ်ချင်း ကိုဟန်ထွန်းကြီး၏ ဓာတ်ပုံ တစ်ပုံကို အမှတ်မထင် ပြန်တွေ့လိုက်ရခြင်းပင် ဖြစ်ပါသည်။ ကိုဟန်ထွန်းနှင့် ကျွန်တော် မတွေ့ရသည်မှာ ယခုဆိုလျှင် အနှစ်နှစ်ဆယ်လောက်ပင် ရှိပြီထင်ပါသည်။ သူနှင့် ကျွန်တော်သည် ငါးတန်းမှ ဆယ်တန်းအထိ တစ်တန်းတည်း အတူနေလာကြသော ငယ်သူငယ်ချင်းများ ဖြစ်ကြပါသည်။ သူက ကျွန်တော့်ထက် သုံးနှစ်လောက် ကြီးသည့်အတွက် သူ့ကို 'ကိုဟန်ထွန်းကြီး' ဟု ကျွန်တော်က "ကြီး" တပ်၍ ခေါ်လေ့ရှိ

သည်။ သူကလည်း ကျွန်တော့်ကို 'ညီလေး၊ ကောင်ကလေး' ဟူ၍ ချစ်စနိုး ခေါ်လေ့ရှိသည်။

ကိုဟန်ထွန်းကြီး အကြောင်းကို ပြောမည်ဆိုလျှင်လည်း မပြော၍ မဖြစ်သည့် အကြောင်းမှာ မယ်ဒလင် အတီးကောင်းခြင်း ဟူသော သူ့ဂုဏ်ပုဒ်ပင် ဖြစ်သည်။ မှန်ပါသည်။ ကိုဟန်ထွန်းကြီးသည် မယ်ဒလင်ကို ဖက်ပြီး မွေးလာသလားဟု မေးရလောက်အောင် မယ်ဒလင်နှင့် လက်နှင့် မပြတ်သူ ဖြစ်သည်။ အချိန်အားရတိုင်း အမြဲတီးနေသောကြောင့်လား မသိ။ သူ့လက်သံသည် အလွန် နားထောင်၍ ကောင်းလှပါသည်။ အသစ်ပေါ်သမျှ သီချင်းတိုင်းကို ပိုင်ပိုင်နိုင်နိုင် တီးတတ်သည်။ ကာလပေါ်သာမက သီချင်းကြီးများကိုလည်း ဆရာသမားနှင့် စည်းစနစ်တကျ သင်ထားသည့်အတွက် ပြောင်ပြောင်မြောက်မြောက် တီးနိုင်သည်။ မယ်ဒလင် အတီးကောင်းသည့်အတွက် ကိုဟန်ဘွန်းကြီးမှာ အထူးပင် မျက်နှာပွင့်သည်။ ကျောင်းမှာဖြစ်ဖြစ်၊ အရပ်ထဲမှာဖြစ်ဖြစ် ပွဲလမ်းသဘင် အခမ်းအနား တစ်ခုခု ရှိပြီဆိုလျှင် သူ ဦးဆောင်သော တူရိယာဝိုင်းသည် ရှေ့တန်းက နေရာယူမြဲ ဖြစ်သည်။ မူလက မျက်နှာပွင့်ပြီးသား ကိုဟန်ထွန်းသည် တစ်နှစ်တွင် ဂီတပြိုင်ပွဲတစ်ခု၌ ပထမ ရွှေတံဆိပ်ကြီး ဆွတ်ခူးလိုက်ပြန်ရာ ပို၍ ဂုဏ်သတင်း မွှေးပျံ့သွားပါတော့သည်။

ကျွန်တော်တို့ ဆယ်တန်းနှစ်တုန်းက ကျောင်းမှာ ပဒေသာ ကပွဲတစ်ခု မှတ်မှတ်ရရ က ဖြစ်သည်။ အတန်းလိုက် အကအမျိုးမျိုး၊ အဆို အတီး အမျိုးမျိုးဖြင့် အပြိုင်အဆိုင် ပါဝင်ဆင်နွှဲကြသည်။ ကျွန်တော်တို့ အတန်းက "စိန်ခြူးကြာညောင်" တေးသရုပ်ဖော် ပြကွက်တစ်ခု တင်ဆက်ရန် စီစဉ်သည်။ ထိုစဉ်က ဆယ်တန်း (တက္ကသိုလ်ဝင်တန်း) မြန်မာစာတွင် ပါမောက္ခ ဦးဖေမောင် စီစဉ်ပြုစုသော "ကဗျာပန်းကုံး" စာအုပ် ပြဋ္ဌာန်း

ထားရာ ထိုစာအုပ်မှ လှိုင်ထိပ်ခေါင်တင် အကြောင်းနှင့် စိန်ခြူးကြာညောင် ဘောလယ်ကို လေ့လာရသည်။ ထို့ကြောင့် သင်ကြားမှုအတွက်လည်း အထောက်အကူ ဖြစ်စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ထိုတေးသရုပ်ဖော် ကို တင်ဆက်ဖို့ စီစဉ်ခြင်း ဖြစ်ပါသည်။ ပြကွက်တွင် လှိုင်ထိပ်ခေါင်တင် က သလွန်ပေါ်မှာ ထိုင်လျက် စိန်ခြူးကြာညောင် ဘောလယ်ကို လွမ်းလွမ်း ဆွေးဆွေး သီဆိုနေဟန်၊ အပျိုတော်တစ်ဦးက သလွန်ဘေးမှာ ထိုင်ကာ ဘောလယ်ကို စောင်းဖြင့် တီးပေးဟန် သရုပ်ဖော်ဖို့ စီစဉ်ထားပါသည်။ အဆိုကောင်းသည့် ကျောင်းသူတစ်ဦးက လှိုင်ထိပ်ခေါင်တင်အဖြစ် သရုပ် ဆောင်ကာ ဘောလယ်ကို ပိုင်ပိုင်နိုင်နိုင် သီဆိုရမည် ဖြစ်သည်။ အပျို တော် အဖြစ် သရုပ်ဆောင်သည့် ကျောင်းသူကမူ စောင်းကို တကယ် တီးစရာမလိုဘဲ ဟန်ပြရုံ ပြရမည်ဖြစ်ပြီး ကန့်လန့်ကာနောက်မှ ကျွန်တော့် မိတ်ဆွေကြီး ကိုဟန်ထွန်းက မယ်ဒလင်ကို စောင်းသံထွက်အောင် တီး ပေးရမည် ဖြစ်ပါသည်။ ထိုပြကွက်ကို အကြိမ်ကြိမ် ဇာတ်တိုက်ရာတွင် ကျောင်းသူကလည်း အဆိုကောင်း၊ ကိုဟန်ထွန်းကလည်း အတီးကောင်း သည့်အတွက် အသက်ဝင်ပြီး မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှပါသည်။

ကပွဲနေ့သို့ ရောက်ပါပြီ။ ကပွဲ ခန်းမတွင် ဧည့်သည်တော်များ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ ပြည့်နေပါပြီ။ အစီအစဉ် တစ်ခုပြီးတစ်ခု တင်ဆက်သွားသည်။ စိန်ခြူး ကြာညောင် ဘောလယ် တေးသရုပ်ဖော် တင်ဆက်ချိန်တွင် လှိုင်မင်းသမီး က ဆွေးဆွေးမြည့်မြည့် သီဆိုနေသည့် ဘောလယ်သီချင်းသံ၏ ဆွဲဆောင် ညှို့ငင်မှုကြောင့် အသက်ဝင်သော တေးသံနှင့် နားဝင်ချိုလှသော ဂီတသံ တို့၏ နောက်သို့ လိုက်ပါ လွင့်မျောနေကြစဉ် ဝါးခနဲ ရယ်သံကြီးတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည့်အတွက် "ဘာများ ဖြစ်ပါလိမ့်" ဟု

သီချင်းစိတ်နှင့် ဇာတ်စင်ဆီသို့ ကြည့်လိုက်သောအခါ ရယ်သံကြီး ထွက်ပေါ်လာရသည့် အကြောင်းရင်းကို သိရပါတော့သည်။

အခြားမဟုတ်ပါ။ သီချင်းဆိုနေသော လှိုင်မင်းသမီး၏ နောက်ဘက်ရှိ ကန့်လန့်ကာကြားမှ မယ်ဒလင် လက်တံကြီး တစ်ခုသည် ရုတ်တရက် ထွက်လာရုံမကဘဲ မယ်ဒလင် လက်တံမှ လက်ကွက်များကို လူးလာခေါက်ပြန် သွက်သွက်ကြီး နှိပ်ကာ နှိပ်ကာ ရွှေ့လျားနေသော ကျွန်တော်တို့ မိတ်ဆွေကြီး ကိုဟန်ထွန်း၏ လက်ကြီး တစ်ဖက်ပါ လူမြင်ကွင်းသို့ ထွက်လာခြင်းပင် ဖြစ်ပါသည်။ စဉ်းစားကြည့်ပါ။ ပရိသတ်က စောင်းသံအဖြစ် အာရုံဝင်စားနေစဉ် မယ်ဒလင် လက်ကွက် နှိပ်နေသော လက်ကြီးတစ်ဖက်တည်း ရုတ်တရက် ထွက်လာတော့ အဘယ်မှာ မရယ်ဘဲ ရှိပါမည်နည်း။ အမှန်ကတော့ သူ့လက်သံကို ပရိသတ်က သိပ်သဘောကျနေမှန်း သိသည့်အတွက် ကိုဟန်ထွန်း သွေးမြောက်သွားပြီး သတိလက်လွတ်ကာ သူ တီးနေကြောင်း အများသိအောင် လက်တစ်ဖက် ထုတ်ပြလိုက်မိခြင်း ဖြစ်ပါသည်။ သို့သော် သူ လုပ်ပုံကြောင့် ကျွန်တော်တို့၏ တေးသရုပ်ဖော် ပြကွက်မှာ ရစရာမရှိအောင် ပျက်စီးသွားရပါတော့သည်။ ပရိသတ်က လွမ်းရမည့်အစား တဝါးဝါး ပွဲကျသွားသည့်အတွက် သီချင်းမဆုံးခင်မှာပင် ကန့်လန့်ကာ ချလိုက်ရပါတော့သည်။

ပွဲပြီးတော့ ဆရာ၊ ဆရာမများက 'မောင်ဟန်ထွန်းရယ်၊ မင်းဘယ်လို လုပ်လိုက်တာလဲ' ဟု ဆူကြ ကြိမ်းကြသည်။ သူ့ခမျာ ဘာမှ ပြန်မပြောနိုင်ဘဲ မျက်နှာသေကလေးနှင့် ဖြစ်နေရှာပါသည်။ ထိုနေ့မှစ၍ သူ့ကို ကျွန်တော်တို့က "လက်တံကြီး" ဟု ခေါ်ကြပါတော့သည်။

ကြာခဲ့ပါပြီ။ ယခု ကိုဟာန်ထွန်းကြီး၏ ခေတ်ပုံ ရုတ်တရက် ထွက်လာသောအခါ သူ့ကို သတိရသည်နှင့်အမျှ သူ့အကြောင်းနှင့် ဆက်စပ်ကာ ဇာတ်ဝတ္ထုထဲမှ ပန်းပဲဆရာကလေးကိုပါ သတိရလာမိခြင်း ဖြစ်သည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် ပန်းပဲဆရာလေးလို မိမိ ပညာစွမ်းကို ပိုင်လောက်သည့် နေရာကျမှ တစ်ချက်ကောင်း ပြတတ်သောသူမျိုးလည်း ရှိပါလိမ့်မည်။ ကိုဟာန်ထွန်းလို မိမိ ပညာစွမ်းကို နေရာမဟုတ်ဘဲ ဂုဏ်ဖော် ဝင့်ကြွားပြီး ပြတတ်သောသူမျိုးလည်း ရှိပါလိမ့်မည်။ တစ်ယောက်က အကျိုးခံစားရသလောက် တစ်ယောက်က အကျိုးမဲ့ဖြစ်ရသည့် သဘောကိုလည်း နှိုင်းယှဉ် ဆင်ခြင်ကြည့်စရာ ဖြစ်ပါသည်။

ကျွန်တော့်စိတ်ထဲတွင် ပန်းပဲဆရာလေးနှင့် ကိုဟာန်ထွန်းကြီးကို ယှဉ်ပြီး သတိရလိုက်သောအခါ အဖြူနှင့် အမည်း ယှဉ်ဟပ်လိုက်သကဲ့သို့ ပညာရှင်နှစ်မျိုး၏ ခြားနားပုံကို ကွက်ကွက်ကွင်းကွင်း မြင်ရသကဲ့သို့ပင် ခံစားမိပါသည်။ တစ်ဖက်တွင် ကိုဟာန်ထွန်းကြီးကို တစိမ့်စိမ့် သတိရနေမိသည်နှင့်အမျှ တစ်ဖက်တွင် ဇာတ်ဝတ္ထုထဲက ပန်းပဲဆရာကလေးကို တစိမ့်စိမ့် ကြည်ညို လေးစားနေမိပါသတည်း။

ဆရာဖြစ်သောနေ့

မောင်ခြိမ့်မြိုင်သည် သူ ဆရာဖြစ်သောနေ့ကို မမေ့ပေ။ ဆရာဖြစ်မယ့် ဖြစ်တော့လည်း ကောလိပ်ကျောင်းဆရာရင့်မကြီး။ သို့သော် သူ ငယ်ငယ် ကတည်းက နေလာသည့် ရန်ကုန်မှာတော့ မဟုတ်၊ ရန်ကုန်မှ ညနေ စောင်းလောက် အမြန်သင်္ဘောစီးပြီး တစ်ညလုံး အိပ်လိုက်သွားလျှင် နောက်တစ်နေ့ မနက်ပိုင်းမှာ ရောက်သွားသော တိုင်းမြို့တစ်မြို့မှာ ဖြစ်သည်။ ထိုမြို့မှ ကောလိပ်ကို မြို့ခံတွေက တက္ကသိုလ်ဟု ဂုဏ်တင်ပြီး ခေါ်လေ့ရှိသည်။ ထိုတက္ကသိုလ်ခေါ် ကောလိပ်ကလေးသို့ မောင်ခြိမ့်မြိုင် တစ်ယောက် လာခဲ့ရသည်။ ဂုဏ်ထူးတန်း အောင်ပြီးခါစ ကိုယ့်ကိုယ်ကို တော်တော် တတ်လှပြီထင်နေသော မောင်ခြိမ့်မြိုင်ကို လူကြီးတွေက အဲဒီကောလိပ် သွားကွာဟု ခန့်လွှတ်လိုက်သဖြင့် ဘုမသိဘမသိ လာခဲ့ ရသည်။ ကိုယ့်အိမ်ကလွဲပြီး ဘယ်ကိုမှ ဝေးဝေးလံလံ မရောက်ဖူးသည်မို့ မအူမလည် နိုင်လှသည်။ အတူ သွားရမည့် သူငယ်ချင်း နှစ်ယောက် ပါသေးသည်မို့ သိပ်တော့ အားမငယ်လှ။ ထို့ပြင် အလုပ်ခန့်စာတွင် ကိုယ့် နာမည်ရှေ့က ဦး တပ်ခေါ်ထားသည်ကို မြင်ရကတည်းက ကိုယ့်ကိုယ်

ကို အတော်ကြည်ညိုနေပြီမို့ တော်တော်ဟုတ်တဲ့ ငါပါလား ဟူ၍ ပီတိ အရသာကို မြိန်ရှက်စွာ ခံစားရင်း သဘော်ဆိပ်သို့ ဆင်းခဲ့သည်။ အိပ်လိုက်ခဲ့သည်။

ရောက်ပါပြီ။ နေစရာလည်း ရပါပြီ။ စားစရာလည်း စီစဉ်ပြီးပါပြီ။ ကောလိပ်ကျောင်းလည်း ဖွင့်နေပါပြီ။ အတန်းတော့ ချက်ချင်း မဝင်ရသေး။ သူ ဝင်ရမည့်အတန်းကို ရှေ့တစ်ပတ်မှ စသည်ဆိုသဖြင့် အတန်းမဝင်ခင် တစ်ပတ်လုံး လိုအပ်တာတွေကို ပြင်ဆင်ရသည်။ ပြင်ဆင်သည်ဆိုသော်လည်း သင်ခန်းစာ ပြင်ဆင်ရသည်က တော်တော်။ လူရှေ့မှာ ရပ်ရဲအောင်၊ စကားပြောရဲအောင် ကိုယ့်ကိုယ်ကို အားပေးရသည်က ပိုမိုများသည်။ ပြီးတော့ ကောလိပ်ကျောင်းဆရာ ရင့်မကြီးနှင့် တူအောင်လည်း ပြင်ဆင်ရသေးသည်။

စားပွဲပေါ် တင်ထားသော ခေါင်းပေါင်းဘူးကိုကြည့်ရင်း ခေါင်းပေါင်း ဝယ်သောနေ့ကို ပြန်သတိရသေးသည်။ ထိုစဉ်က မောင်ခြိမ့်မြိုင်တို့ ဆရာတွေ ခေါင်းပေါင်း ပေါင်းရသည့် ထုံးစံရှိသည်။ ရန်ကုန်က လာခါနီးကျမှ ဟဲ့ ခေါင်းပေါင်းဝယ်သွားဦးဟု ဆရာတစ်ယောက်က သတိပေးသဖြင့် သူငယ်ချင်း သုံးယောက် ဗိုလ်ချုပ်ဈေးသို့ ကမန်းကတန်း ပြေးခဲ့ရသည်။

ဗိုလ်ချုပ်ဈေးလျှင် ဖွားရာဇာတိရှိသော အောင်လံတော် ခေါင်းပေါင်း ပန်းနုရောင်ကလေးကို ဟန်ကျပန်ကျ ခေါင်းမှာစွပ်ပြီး ဆိုင်ထဲက မှန်ကို ကြည့်လိုက်မိသည်။ မောင်ခြိမ့်မြိုင် အကြီးအကျယ် အံ့အားသင့်ရလေပြီ။ မှန်တို့မည်သည် ကြည့်သူ၏ အရိပ် ထင်မြဲဖြစ်ပါလျက် ဤမှန်ထဲတွင်မူ လှပ ခံ့ညားသော မောင်ခြိမ့်မြိုင်၏ အရိပ် ထင်မလာပါချေတကား။ ပြောင်စပ်စပ်နိုင်လှသော ပိန်ရှည်ရှည် မည်းခြောက်ခြောက် အငြိမ့်လူပြက်

တစ်ယောက်၏ အရိပ်သာ ထင်လာချေသည်တကား။ ကတ္တရာစေး သုတ်ထားသော ဝါးလုံးတိုင်ထိပ်တွင် ခေါင်းပေါင်း ချိတ်ထားဘိသို့ ရှိတော့သည်။ ကိုယ့်ရုပ်ကို မှန်ထဲကြည့်ရင်း ဣန္ဒြေမဆည်နိုင်တော့။ သူငယ်ချင်း သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အူလှိုက်သဲလှိုက် ရယ်မိကြတော့သည်။ ယခု ခေါင်းပေါင်းဘူးကို ကြည့်ရင်းပင် မောင်ခြိမ့်မြိုင် ပြုံးမိသေးသည်။

သို့နှင့် အတန်းဝင်ရမည့်နေ့သို့ ရောက်လာလေပြီ။ ထိုနေ့ မရောက်ခင်ကတည်းက အတန်းဝင်ရင် ဘယ်လို ဝတ်သွားမယ်၊ ဘာတွေ ပြောမယ်ဟု စဉ်းစားရသည်မှာ အမော။ ရေမိုးချိုးပြီး ပြာလွင်သော အင်းလေးပုဆိုး၊ ဖြူဆွတ်သော တက်ထရွန် ရှပ်အင်္ကျီ၊ ဝါဖျော့သော တိုက်ပုံအင်္ကျီတို့ဖြင့် ကိုယ့်ကိုယ်ကို တန်ဆာဆင်ထားလိုက်သည်။ အတန်းထဲမှာ သင်မည့် သင်ခန်းစာ အတိုကောက်များ ရေးထားသော စာရွက်ခေါက်ကလေးကိုလည်း တိုက်ပုံအင်္ကျီအိတ်ထဲ ထည့်ထားရသေးသည်။ မတော်တဆ သင်နေရင်း မေ့သွားလျှင် ထုတ်ကြည့်ရပေမည်။ စာအုပ်၊ မြေဖြူ၊ သင်ပုန်းဖျက် ဟူသော ဆရာ့ပရိဘောဂတွေကိုလည်း အသင့်ပြင်ထားရသေးသည်။ ထိုစဉ်ပင် ဂလင် ဂလင်ဟု ခေါင်းလောင်းထိုးလေပြီ။ ရင်ထဲမှာ ဒိန်းခနဲ မြည်သွားတော့သည်။ ပန်းနုရောင်ဖြင့်ပြီးသော ခေါင်းပေါင်းကို တုန်ယင်သော လက်များဖြင့် ခေါင်းမှာ စွပ်လိုက်ပြီး အားတင်းကာ ခေါင်းပေါင်းစ တလူလူနှင့် စာသင်ခန်းသို့ လှမ်းခဲ့ရတော့သည်။

ဦးရေ နှစ်ဆယ်ခန့်ရှိသော တပည့်တွေကို ရင်ဆိုင်လိုက်မိသည်နှင့် မျက်လုံးတွေ ပျာခနဲ ဖြစ်သွားသည်။ အလုံး လေးဆယ်ခန့်သော မျက်လုံးတို့သည် မောင်ခြိမ့်မြိုင်ကို စူးစိုက်ကြည့်နေကြတော့သည်။ သူတို့ဆရာက ခေါင်းပေါင်းနှင့် အလွန်လိုက်ဖက်သောကြောင့်ပေလား မသိ။

ကျောင်းသူကလေးတချို့ ခေါင်းငုံ့ပြီး ပြုံးစိစိလုပ်နေကြသည်။ အချင်းချင်း လက်တို့ ခြေတို့ လုပ်နေကြသည်။ ခဏကြာမှ အရှိန်သေပြီး သူတို့ဆရာ ဘာပြောမည်ကို အာရုံစိုက်လိုက်ကြသည်။

မောင်ခြိမ့်မြိုင် ဘာကစ၍ ပြောရမှန်း မသိတော့။ ဒါတောင် ကလေးတွေ စာသင်ပေးတာတို့၊ စကားရည်လုပွဲ ပြောတာတို့၊ ကျပန်း စကားပြောတာတို့ လုပ်ခဲ့တဲ့ အတွေ့အကြုံတွေ ရှိနေလို့နော်။ နို့မို့ဖြင့် အခက်သားဟု တွေးလိုက်မိသည်။ အရေးထဲမှာ ပုံပြင်တစ်ခုက ခေါင်းထဲ ဝင်လာသေးသည်။ တရားဟောကျင့်သော ဦးပဥ္စင်းကလေးတစ်ပါး ပုံပြင် ဖြစ်သည်။ ဦးပဥ္စင်းကလေးသည် တရားဟောလျှင် လူမကြောက်အောင် အိုးတွေကို လူအမှတ်ဖြင့် ကြည့်ကာ တရားဟော ကျင့်ခဲ့သည်ဟု ဆိုသည်။ တကယ် ဟောရသောအခါတွင်မူ ပရိသတ်ကို ကြည့်ပြီး ကြောက်လာ သဖြင့် ကိုယ့်ကိုယ်ကို အားပေးသည့်အနေနှင့် "အိုးတွေ အိုးတွေ" ဟု ရေရွတ်မိရှာသည်ဟု ဆိုသည်။ ယခုလည်း မောင်ခြိမ့်မြိုင်မှာ အိုးတွေ အိုးတွေဟု ရေရွတ်ရမလို ဖြစ်သွားသည်။ ပြီးမှ သတိရပြီး အိတ်ထဲက စာရွက်ခေါက်ကလေးကို မသိမသာ ဆွဲထုတ်ကြည့်ရသည်။ စကားစ ပေါ်မှ အသံမတုန်အောင် ဖြည်းဖြည်းပြောရသည်။

နည်းနည်း နိဒါန်းပျိုးပြီးမှ စာအုပ်ကို ဖွင့်သည်။ ရှင်းပြသည်၊ ပြောရင်း သူတို့ကိုပဲ မေးတာလား၊ ကိုယ့်ကိုယ်ကိုပဲ သေချာအောင် ပြန် မေးတာလားတော့ မသိ။ ဟုတ်လား... ဟုတ်လားဟု မကြာမကြာ ပြော မိသည်။ အင်း... အင်း ဟုလည်း မကြာမကြာ ပြောမိသည်။ သင်ပုန်းမှာ စာရေးတော့လည်း လက်မတုန်အောင်၊ စာလုံးတွေ ကြီးလိုက် သေး လိုက် မဖြစ်အောင် ဂရုစိုက်ရသေးသည်။ အရေးထဲ စာကြောင်းက တန်း မသွားဘဲ စောင်းပြီး ထောင်တက်သွားသဖြင့် ကမန်းကတန်း လိုက်ဖျက်

ရသေးသည်။ ဒူးတုန်မှန်း မသိအောင် စာသင်စားပွဲနှင့် ကွယ်ထားရသည် ကလည်း တစ်ဒုက္ခ။ သို့နှင့် ပြောလိုက် ရေးလိုက်လုပ်ရင်း ဂလင် ဂလင် ဟူသော မင်္ဂလာ ခေါင်းလောင်းသံကို ကြားရတော့သည်။ သည်အသံ လောက် သာယာသောအသံ မရှိတော့။ အတန်းပြီးချေပြီ၊ ရှင်လန်း ပေါ့ပါး သော ရင်ဖြင့် ဆရာခန်းဆီသို့ သွက်သွက်လှမ်းခဲ့တော့သည်။

ကြာပါပြီ။ ကိုးနှစ်၊ ဆယ်နှစ် ကြာခဲ့ပါပြီ။ မောင်ခြိမ့်မြိုင်ပင် ကျောင်းသုံးကျောင်း ပြောင်းခဲ့ရပြီ။ ဆရာ စလုပ်တုန်းက ကိုယ့်ထက် အသက်ကြီးသော ကျောင်းသား တော်တော်များများ တွေ့ရ၍ ငါ ငယ်ငယ် ကလေးပဲဟု ကျေနပ်ခဲ့သည်။ နောက် ကိုယ်နှင့် ရွယ်တူ ကျောင်းသားတွေ တွေ့လာရသည်။ ဟော... ယခုမူ ကျောင်းသား ပေါက်စကလေးတွေက မောင်ခြိမ့်မြိုင်ကို "ဆရာကြီး" ဟု ခေါ်နေကြလေပြီ။

ဆရာ လုပ်စက ကျောင်းသားတွေကို ခင်ဗျားတို့၊ ကျွန်တော်တို့ ဟု မဝံ့မရဲ ပြောခဲ့သော်လည်း ယခု ဆရာတို့၊ မင်းတို့ဟု ရဲရဲပြောဝံ့လာ ပေပြီ။ ပြီးတော့ ဆရာ လုပ်စက ကိုယ့်ကိုယ်ကို ကဝိတစ်ဆူ ထင်ခဲ့လေ သမျှ ကြာလေ မတတ်သေးမှန်း သိလေ ဖြစ်လာရတော့သည်။ ယခုမူ ငါ မတတ်သေးတာတွေ အများကြီးပါလားဟု သိလာရလေပြီ။ ဆည်းပူး စရာ ပညာပြင်ကျယ်ကြီးကား ရှေ့တွင် တဆုံးတဆ ကျယ်လှပါဘိ။

ဘယ်ကျောင်းမှာ ဘယ်လို တပည့်တွေကို သင်သော ဆရာဖြစ်ဖြစ်၊ ဒီလို အတွေ့အကြုံမျိုးတွေ အနည်းနှင့်အများ ကြုံရဖူးမည်ပင်။ ပြန် တွေးမိတိုင်းလည်း နှစ်သက် ကြည်နူးရလိမ့်မည် ထင်သည်။ တပည့်တွေ တော်တော်များများနှင့် ကြုံလာရသည်နှင့်အမျှ ဆရာဘဝကို ပို၍ ခုံမင် လာရသည်ကတော့ အမှန်ပင်။ တပည့်ကောင်း တပည့်လိမ္မာကလေးတွေ မွေးထုတ်ပေးနိုင်စွမ်းရှိတဲ့ အလုပ်မျိုးပါတကားဟု ဆရာအလုပ်၏ အစွမ်း

သတ္တိကို ပို၍ ပို၍ သိလာရပါပြီ။ ဆရာဟု နှုတ်ဆက် ခေါ်ငင်သော အသံကိုလည်း ကြည်ကြည်နူးနူး အရသာ ခံတတ်လာပါပြီ။ ထို့ကြောင့်လည်း မောင်ခြိမ့်မြိုင် တစ်ယောက် သူ တွယ်တာခုံမင်သော လုပ်ငန်း၏ အစပျိုးရာ "ဆရာဖြစ်သော နေ့" ကို ဒီတစ်သက်တွင် မေ့နိုင်မည် မဟုတ်တော့ပြီ။

မောင်ရှုပ်ဆိုးနှင့် မယ်မဒ္ဒီ

"စာအိတ်ကလေးပြာပြာ... ရောက်လာတိုင်း မယ့်ရင်ဝယ်
လှိုင်းထ"

မောင်ရှုပ်ဆိုးသည် စာထိုင်ရေးနေရင်း ရေဒီယိုမှ သီချင်းသံ တစ်ပိုင်းတစ်စကို နားစွန်နားဖျား ကြားလိုက်မိသည်။ သည်သီချင်းကို မောင်ရှုပ်ဆိုး အစအဆုံး မရ။ သီချင်းအဓိပ္ပာယ် အပြည့်အစုံကိုလည်း မောင်ရှုပ်ဆိုး မသိ။ သည်နေ့ ညီမလေးဆီ စာထိုင်ရေးနေတုန်းမှာမှ တိုက်တိုက်ဆိုင်ဆိုင် ကြားလိုက်ရသည့်အတွက် သည်သီချင်းပိုဒ်ကလေးကိုတော့ နားထဲ စွဲသွားသည်။ ပါးစပ်ကပင် တိုးတိုး လိုက်ညည်းမိသေးသည်။ "ဒီသီချင်းထဲက ကလေးမလေးနှယ်နော်၊ စာအိတ်ပြာကလေး ရတာနဲ့ ဘာဖြစ်လို့များ ရင်ခုန်ရတာပါလိမ့်၊ ဘယ်သူ့ဆီက စာမို့ပါလိမ့်" ဟုလည်း ပြဿနာလုပ်ပြီး တွေးနေမိသည်။ ပြီးမှ "ဩော်... ငါ့လိုပဲ နေမှာပေါ့။ ငါလည်း ဒီနေ့ ညီမလေးဆီက စာရလို့ ဝမ်းသာနေတာ မဟုတ်လား" ဟု တွေးမိပြီး တစ်ကိုယ်တည်း ပြုံးနေမိသည်။

ဟုတ်သည်။ သည်နေ့ မောင်ရှုပ်ဆိုး ဝမ်းသာနေသည်။ သည်နေ့မှလည်း စိတ်အေးသွားသည်။ စိတ်ထဲမှာ ပေါ့ပေါ့ပါးပါး ကြည်ကြည်လင်လင် ဖြစ်သွားသည်။ ညီမလေးကို မောင်ရှုပ်ဆိုး မမြင်ရ၊ မတွေ့ရ၊ စကား

မပြောရသည်မှာ သည်နေ့ပါဆိုလျှင် ဆယ်ရက်ပင် ရှိပြီ။ မောင်ရုပ်ဆိုး စိတ်ထဲမှာတော့ ညီမလေး သွားသည်မှာ အကြာကြီးရှိပြီဟု ထင်နေသည်။ သွားခါနီးတွင် ရေပြောင်း မြေပြောင်းမှာ အစားအသောက် ဆင်ခြင်ဖို့ တဖွဖွ မှာလိုက်သည်။ အမြန်ဆုံး စာထည့်ဖို့လည်း တဖွဖွ မှာလိုက်သည်။ သို့သော် မနေ့ကအထိ စာတစ်စောင်မှမလာ။ မောင်ရုပ်ဆိုး စိတ်ပူရတော့သည်။ "ဘာကြောင့်များ စာမရေးပါလိမ့်နော်" ဟု ညည်းမိသည်။ "ဖြောင့်ဖြောင့်တန်းတန်းမှ ရောက်ပါမလား" ဟု ကြောင့်ကြမိသည်။ "ဩော်... သူလည်း ကလေးမှ မဟုတ်တဲ့" ဟု စိတ်ကို ဖြေကြည့်သည်။ ခဏသာ။ စိတ်ပူလာပြန်သည်။ ကြောင့်ကြလာပြန်သည်။ "စာမရေးဘဲ နေနိုင်ရန်ကော" ဟု ဒေါသ ဖြစ်လာမိသည်။ သည်နေ့ မနက်ထိ မောင်ရုပ်ဆိုး စိတ်ထဲမှာ ဗလောင်ဆန်နေသည်။ ယောက်ယက်ခတ်နေသည်။ နေမထိထိုင်မထိ ဖြစ်နေသည်။

သည်နေ့လယ်တွင် စာရပါပြီ။ စာရသည်နှင့် မောင်ရုပ်ဆိုး စိတ်သည် ပေါ့ပါး ကြည်လင်သွားတော့သည်။ အနှစ်နှစ်အလလ ခေါင်းပေါ်ရွက်ထားသော အထုပ်ကြီး ကျသွားသလို ဖြစ်သွားသည်။ လေးငါးခြောက်ရက် စိုးရိမ်ခဲ့ရ၊ ဒေါသဖြစ်ခဲ့ရ၊ စိတ်ပူခဲ့ရသည်တို့ကို မောင်ရုပ်ဆိုး ချက်ချင်း မေ့သွားလေပြီ။ "စာရေးပြီးတာ ကြာပါပြီ၊ စာတိုက်နဲ့ မကြုံလို့ ချက်ချင်း မထည့်ရတာပါ"ဟု အကြောင်းပြလာသော ညီမလေးကို ခွင့်လွှတ်မိလျက်သား ဖြစ်လေပြီ။ ညီမလေးဆီ ဝမ်းသာအားရ စာပြန်ရေးသည်။ စာရေးရင်း ခဏနားနေစဉ် တစ်ဖက်အိမ်မှ ကလေးငယ်၏ အသံကို ကြားသဖြင့် လှမ်းခေါ်လိုက်သည်။

'ကျောက်ခဲရေ၊ ဦးဦးနဲ့ လာမကစားတော့ဘူးလား။ သားသားကို မုန့်ပေးမယ်လေ'

'အို... ဦးဦးကို ကြောက်တယ်။ မနေ့ကတော့ ဦးဦးက မင်းတော်တော်ရုပ်တယ်၊ မလာနဲ့ဆိုပြီး သားသားကို နှင်ထုတ်တယ်။ ဒီနေ့မှ ဘာဖြစ်လို့ ခေါ်ရတာလဲ။ လာချင်ပါဘူး'

ကျောက်ခဲ၏ စကားကြောင့် မောင်ရုပ်ဆိုး တစ်ချက် တွေသွားသည်။ "အင်း... သူပြောတာလည်း ဟုတ်သား၊ ငါကလည်း ငါပဲ"ဟု တွေးရင်း ပြုံးမိပြန်သည်။ ကျောက်ခဲသည် မနေ့ကနှင့် သည်နေ့ ဘာမှ မထူး။ အတူတူပင်။ မနေ့ကလည်း သည်ရုပ်၊ သည်အသံ၊ သည်အမူအရာ။ သည်နေ့လည်း သည်ရုပ်၊ သည်အသံ၊ သည်အမူအရာပင်။ သို့သော် မောင်ရုပ်ဆိုးအဖို့ မနေ့က ကျောက်ခဲသည် အလွန်ရုပ်သော မုန်းစရာ ကျောက်ခဲ၊ သည်နေ့ ကျောက်ခဲသည် အလွန် လိမ္မာသော ချစ်စရာ ကျောက်ခဲ ဖြစ်နေသည်။ ညီမလေးစာ မရခင်အထိဆိုလျှင် မောင်ရုပ်ဆိုးအဖို့ ကျောက်ခဲသာ မဟုတ်၊ မြင်သမျှ အရာအားလုံးသည် အရုပ်ဆိုးနေသည်။ အလကားနေရင်း မျက်စိထဲမှာ ထော်လော်ကန့်လန့် ဖြစ်နေသည်။ ကြားသမျှ စကားအားလုံးသည် ဘုစကား၊ ကန့်လန့်စကားတွေချည်း ဖြစ်နေသည်။ သည်ဟာတွေကို မောင်ရုပ်ဆိုးသည် ရန်လိုသော မျက်စိနှင့် ကြည့်ခဲ့သည်။ ခါးသီးသောနားနှင့် နားထောင်ခဲ့သည်။ ကြမ်းတမ်းသော နှုတ်နှင့် တုံ့ပြန်ခဲ့သည်။ ဟော... သည်နေ့ ညီမလေးဆီက စာရပြီးချိန်တွင်မူ အခြေအနေအားလုံး ပြောင်းပြန်ဖြစ်ကုန်ပေပြီ။ မောင်ရုပ်ဆိုးအဖို့ ကျောက်ခဲသည် အရုပ်မဆိုးတော့။ ချစ်စရာကောင်းနေလေပြီ။ မြင်သမျှ အရာအားလုံးသည် လှပနေလေပြီ။ ကြားသမျှ စကားအားလုံးသည် ချိုသာပြေပြစ်သော စကားတွေချည်း ဖြစ်နေလေပြီ။ သည်ဟာတွေကို မောင်ရုပ်ဆိုးသည် ချစ်သော မျက်စိနှင့် ကြည့်သည်။ စာနာသော နားနှင့် နားထောင်သည်။ ချိုသာသော နှုတ်နှင့် တုံ့ပြန်သည်။

မောင်ရုပ်ဆိုးသည် အတွေးမျှင် မပြတ်တော့။ ဆက်တွေးနေမိသည်။ တွေးရင်း ငယ်ငယ်က အကြောင်းတစ်ခုကို သတိရလာသည်။ မောင်ရုပ်ဆိုးတို့ ကျောင်းရှေ့တွင် အကိုင်းအခက်တွေ ခြောက်နေသော ထိမ်ပင်ကြီး တစ်ပင်ရှိသည်။ အမေ့ဆီက မုန့်ဖိုးမုန်မုန်ရသောနေ့၊ ဆရာ့ အရိုက်မခံရသောနေ့ဆိုလျှင် မောင်ရုပ်ဆိုး မျက်စိထဲတွင် ထိုထိမ်ပင် ခြောက်ကြီးသည် မင်းသမီးလေး ကနေသလို ထင်ရသည်။ ထိမ်ပင်ကြီးကို ကြည့်ရင်း အလိုလို ပျော်နေတတ်သည်။ အင်း... မုန့်ဖိုးမရသောနေ့၊ ဆရာ့ အရိုက်ခံရသောနေ့များဆိုလျှင်တော့ ထိုထိမ်ပင်သည် မောင်ရုပ်ဆိုး မျက်စိထဲတွင် ခြေကားရား လက်ကားရားနှင့် ကမ္ဘောဇ်ရုပ်ကြီး ဖြစ်သွားတော့သည်။ ထိမ်ပင်ကို ကြည့်ပြီး အလကားနေရင်း စိတ်တိုနေတတ်သည်။ ဟိုတုန်းကတော့ ဘာကြောင့်ရယ်ဟု မသိ။ ခုမှ အတွေးမျှင် တန်းမိခြင်း ဖြစ်သည်။

အတွေးမျှင်သည် မနက်က ဖတ်ခဲ့သော တက္ကသိုလ် စကားပြေ ကောက်နုတ်ချက် စာအုပ်ဆီသို့ မောင်ရုပ်ဆိုးအား ခေါ်သွားပြန်သည်။ ထိုစာအုပ်မှ "မိခင့်သောက" ခေါ် ဝေဿန္တရာဇာတ်တော်ကြီး ကောက်နုတ်ချက်ကို ကျောင်းသားများအား သင်ပေးရန် မောင်ရုပ်ဆိုး မနက်ကပင် ဖတ်ကြည့်ခဲ့သေးသည်။ သစ်သီးရှာပြီး ပြန်အလာတွင် သားနှင့် သမီးကို မတွေ့သဖြင့် သောကရောက်ရသော မယ်မဒ္ဒီ၏ မြည်တမ်းပုံကို ရေးဖွဲ့သော စာပိုဒ် ဖြစ်သည်။

"နေ့တိုင်းမှာမူ သူတစ်ပါး မရှိသော်လည်း သားသမီးနှင့် နေရခြင်း ကြောင့် ဤကျောင်းသခ်မ်းသည် ပွဲသဘင်ကဲ့သို့ ဖြစ်၏။ ယခု သားသမီးတို့ကို မမြင်ရသော ငါ့အား ဤကျောင်းသခ်မ်းသည် သုသာန်တစပြင်ကဲ့သို့ ခြောက်ခြောက်ကပ်ကပ် ဖြစ်ခဲ့၏တကား။

အကြောင်းအသို့နည်း။ နေ့တိုင်းကား ကျီး၊ ဥသြ အစ ရှိသော တောငှက်တို့သည် တွန်မြူးကုန်၏။ ယခုကား ထိုငှက်အပေါင်းတို့သည် သေ၍ ကုန်လေသလော။"

ဤစာပိုဒ်ကို မောင်ရုပ်ဆိုး ရှစ်တန်းကျောင်းသား ဘဝကလည်း ဖတ်ခဲ့ဖူးသည်။ ထိုစဉ်ကတော့ အပြေးအလွှား ခုန်ကျော် ဖတ်သွားခဲ့သည်။ လေးလေးနက်နက် မစဉ်းစားမိခဲ့။ မနက်က ဖတ်တုန်းက အထိပင် သိပ်အရသာ မပေါ်လှသေး။ ယခု ကိုယ်နှင့် နှိုင်းပြီး ပြန်တွေးကြည့်မှ မယ်မဒ္ဒီ၏ ခံစားချက်ကို နင့်နင့်နဲနဲ သဘောပေါက်မိသည်။ အရသာလည်း ပေါ်လာသည်။ ဤကျောင်းသခ်ီမ်းသည် တစ်နေ့နှင့် တစ်နေ့ ဘာမှမထူး။ အတူတူပင်။ သို့သော် သားသမီးနှင့် သိုက်သိုက်ဝိုင်းဝိုင်း နေရ၍ ပျော်နေချိန်တွင် မယ်မဒ္ဒီ၏ စိတ်ထဲ၌ ဤကျောင်းသခ်ီမ်းသည် ပွဲသဘင် ဖြစ်နေသည်။ သားသမီးနှင့် ကွေကွင်းရ၍ သောက ရောက်ချိန်တွင်မူ သူ့စိတ်ထဲ၌ ဤကျောင်းသခ်ီမ်းသည်ပင် သုသာန်တစ ဖြစ်ရတော့သည်။ ပျော်နေတုန်းတွင် ငှက်တွေ ကွန့်မြူးသည်ကို သာယာမိသည်။ စိတ်ညစ်တုန်းကမူ "ငှက်တွေ သေပဲ ကုန်ပြီလား" ဟု စိတ်တိုနေမိသည့် သဘောပင်။

မောင်ရုပ်ဆိုးသည် အတွေးမျှင်တန်းရင်း "ဒီအတွေးအထိ ရောက်အောင် ဘယ်က စတာပါလိမ့်" ဟု ပြန်စဉ်းစားသည်။ ထိုအခါ "စာအိတ်ကလေးပြာပြာ" သီချင်းကို သတိပြန်ရလာသည်။ "သြော်... သီချင်းထဲက ကလေးမလေးလည်း ငါ့လို၊ မယ်မဒ္ဒီလိုပဲ နေမှာပေါ့။ သူ မျှော်နေတဲ့ စာရလို့ ပျော်ပြီး ရင်ခုန်နေတာ ဖြစ်မှာပါပဲ။ စာမရတဲ့ အခါကျတော့လည်း

ဝမ်းနည်းပြီး စိတ်တိုနေမယ် ထင်ပါရဲ့လေ” ဟု ဆက်စပ် တွေးနေမိသည်။

အတွေးမျှင်လည်း ပြတ်ချေပြီ။ “သူငယ်ချင်းတွေ အဖော်ကောင်းလို့ အညာ ဘုရားဖူး လိုက်သွားပါရစေ” ဟု ညီမလေး ပြောစဉ်က မောင်ရှပ်ဆိုး သဘောမကျ။ အရင်းအချာဆို၍ သည်မောင်နှမ နှစ်ယောက်သာ ရှိသည့်အတွက် ညီမလေးကို ကလေးဟုပင် ထင်နေသည်။ စိတ်မချချင်။ သူ သွားချင်လွန်း၍သာ ထည့်လိုက်ရသည်။ ယခုတော့ ညီမလေး စာလည်း ရပြီ။ မောင်ရှပ်ဆိုး စိတ်အေးလေပြီ။ ရေးလက်စ စာကို ဆက်ရေးနေသည်။ သည်ညတော့ စိတ်အေးချမ်းသာ အိပ်ရာဝင်ရပေတော့မည်။

ဘုန်းကြီးကျောင်းသား

ဘုန်းကြီးကျောင်းသို့ ရောက်သည့်အခါတိုင်း ဘုန်းကြီးကျောင်းသားဘဝကို ပြန်သတိရမိသည်။ ဘုန်းကြီးကျောင်းနှင့် ပတ်သက်သည့် အာရုံတစ်ခုခုကို ကြုံရ တွေ့ရ၊ ခံစားရသည့်အခါတိုင်းတွင် ကျွန်တော့် စိတ်သည် ပေါ့ပါးလာသည်။ သွက်လက်လာသည်။ လန်းဆန်းလာသည်။ ပြန်လည်နုပျိုလာသယောင်ပင် ထင်ရသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ငယ်ငယ်တုန်းကလို ဘုန်းကြီးကျောင်းသား တစ်ယောက်ဟုပင် ထင်လာမိသည်။

နားထဲတွင် ဘုရားရှိခိုးသံ၊ ဝတ်တက်သံမှအစ ပျော်မြူးသံ၊ ဆူသံ၊ ညံသံ၊ ရန်ဖြစ်သံအထိ ပြန်လည် ကြားယောင်လာမိသည်။ မျက်စိထဲတွင် သင်္ကန်းဝါဝါများ၊ သပိတ်များ၊ ဆွမ်းဟင်းခွက်များ၊ ဥပုသ်သည်များကို တသီတတန်းကြီး ပြန်လည် မြင်ယောင်လာသည်။ ယုဇ်ဖွအဆုံးနှာခေါင်းထဲတွင် ဟိုတုန်းက ဟင်းနံ့ ကျွေးနံ့ကလေးများပင် သင်းပျံ့လာသည်ဟု ထင်မိသည်။ ဤအခါမျိုးတွင် ကျွန်တော့် စိတ်အာရုံသည် အတားအဆီး မရှိ လွင့်ချင်တိုင်း လွင့်နေတတ်ပါသည်။

ပြန်စဉ်းစားကြည့်သောအခါ ဘုန်းကြီးကျောင်းသားဘဝ ရုပ်သွင်သည် ဟိုတစ်ကွက် သည်တစ်ကွက် ပြန်ပေါ်လာတတ်သည်။

ဟိုတုန်းက နံနက်အစောကြီး အိပ်ချင်မူးတူးနှင့် ဘုရားထရှိခိုးရသည်မှာ အရသာတစ်မျိုးပင်။ ထရသည့်အချိန်မှာ ကလတက်ခေါက်ချိန် လင်းအားကြီး ဖြစ်သည်။ မထချင် ထချင်နှင့် အိပ်ရာမှ ထသည်။ မထချင်၍လည်း မဖြစ်။ ဦးပဥ္စင်းကြီး၏ ကြိမ်လုံးကို ကြောက်ရသေးသည်။ ကလတက်ခေါက်ချိန်မှ မထလျှင် ဦးပဥ္စင်းကြီးက ကြိမ်လုံးနှင့် ရိုက်နှိုးလေ့ ရှိသည်။ 'တယ်... ဒီ အပျင်းကောင်ဟာ၊ ထ... ထ၊ ဘယ်အချိန်ရှိပြီလဲ' ဟု မြည်တွန် တောက်တီးပြီး ခြေဖဝါးကို ကြိမ်သေးသေးကလေးနှင့် ရိုက်တတ်သည်။

ဆရာတော်က အာဏာကုန် လွှဲထားသည့်အတွက် ဦးပဥ္စင်းကြီးကို ကျောင်းသားတိုင်း ကြောက်ရသည်။ အိပ်ရာထပြီး တညီတညာတည်း ဘုရားရှိခိုးရသည်။ အိပ်ရေးမဝတဝမို့ အိပ်ချင်မူးတူးနှင့် ဘုရားရှိခိုးကို ဝါးပြီး အော်ဟစ်ရသည်မှာ အရသာထူးလှသည်။

အရဏ်ဆွမ်းကပ်ရန် ကပ္ပိယကြီးကို ကူညီ လုပ်ကိုင်ပေးပြီးလျှင် နံနက်ပိုင်းတာဝန် ပြီးလေပြီ။ ဆွမ်းခံလိုက်ရန် အလှည့်မကျသူများအဖို့ နံနက်ပိုင်း တစ်ချိန်လုံးသည် ဆော့ချိန် ဖြစ်သည်။ ပေသီး၊ ငခွေး၊ ဖိုးကျားစသော ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ကျည်းသားရိုက်ကြသည်။ ထွေခင်းကြသည်။ ကုန်းစီးကြသည်။ လောက်စာလုံး ပစ်ကြသည်။ မီးဝင်းဝင်းတောက်နေအောင် ဆော့ကြသည်။ ဆူကြ ညံကြသည်။ ငြင်းကြခုံကြသည်။ ငြင်းရင်းခုံရင်း ရန်ဖြစ်ပြီး ထိုးကြ သတ်ကြသဖြင့် ဆရာတော့်ဆီ ရောက်သည်မှာ ခဏခဏ၊ အရိုက်ခံရသည်မှာလည်း အကြိမ်ကြိမ်ပင်။

သို့သော် ကျွန်တော်တို့သည် တစ်ယောက်နှင့် တစ်ယောက် အမှတ်မထားကြ၊ ခုရန်ဖြစ်ပြီး ခုပြန်ခေါ်ကြသည်။ ကစားမျိုးစုံ ကစားပြီး ငြီးငွေ့လာသောအခါ 'ရေချိုးကြမယ်ဟေ့' ဟု တစ်ယောက်က အော်လိုက်လျှင် ကျွန်တော်တို့သည် ကျောင်းဘေးရှိ ချောင်းထဲသို့ ပြေးဆင်းလေ့ရှိကြသည်။ ကုန်းဘက်ဆိုင်ရာ ဆော့နည်းများ ပြီးဆုံးသဖြင့် ရေဘက်ဆိုင်ရာ ဆော့နည်းကို ဆက်လက် ခင်းကျင်းကြသည်။ ကမ်းစပ်ရှိ တံတားကလေးပေါ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးချသူချ၊ ရေကူးပြိုင်သူပြိုင်၊ ရေငုပ်ပြိုင်သူပြိုင်နှင့် ကဲချင်တိုင်း ကဲကြသည်။

ရေကြောက်သဖြင့် ကမ်းစပ်မှာ တွယ်ကပ်ချိုးနေသူကို ရေလယ်သို့ အတင်းဆွဲခေါ်ကြသည်။ ရေကြောက်သူကလည်း အော်ဟစ်ပြီး အတင်းကုန်းပေါ် တက်ပြေးသည်။ ဆော့ချင်တိုင်း ဆော့၊ ကဲချင်တိုင်း ကဲ၍ နှုတ်ခမ်းတွေ ပြာနှမ်းလာပြီး သရဲရုပ်ပေါ်လာမှ ကုန်းပေါ် ပြန်တက်ကြတော့သည်။

ဆွမ်းခံအလှည့်ကျသောအခါတွင် ဆွမ်းဟင်းခွက်များ ထည့်ထားသော ဗျပ်နှစ်ချပ်ကို ဆိုင်းထမ်းတွင် တစ်ဖက်တစ်ချက် လျှိုထမ်းပြီး ဦးပဥ္စင်းများ၊ ကိုရင်များနောက်မှ ဣန္ဒြေရရ လိုက်သွားရသည်။ ရွာရိုးလမ်းတစ်လျှောက် "ဆွမ်းတော်ခင်ဗျာ" ဟု သံကုန်အော်သွားရသည်။ ဆွမ်းလောင်းမည့်အိမ်မှ "ရပ်တော်မူပါဦး ဘုရား" ဟု ဆိုပြီး ဆွမ်းလောင်းသည့်အခါ ဆွမ်းဟင်းပါ လောင်းလျှင် ပါလာသည့် ဆွမ်းဟင်းခွက်များတွင် ဣန္ဒြေရရ ထည့်ယူခဲ့ရသည်။ သည်လိုအခါမျိုးများတွင် ဣန္ဒြေမရ၍လည်း မဖြစ်။ ခုန်ချင် ပေါက်ချင်သော်လည်း ဆွမ်းဟင်းခွက်များ ကျွမ်းထိုး မှောက်ခုံ ဖြစ်ကုန်မည်စိုး၍ မလုပ်ရဲပေ။

ဆွမ်းဘုဉ်းပေးချိန်တွင် ကျွန်တော်တို့သည် ဘေးမှ သေသေဝပ်ဝပ်

စီတန်းထိုင်ကြရသည်။ ကျောင်းသား တစ်ယောက်က စာတိုင်ပေးပြီး ကျန်လူများက လိုက်ဆိုရသည်။ ဆိုရသည့် စာများမှာ စုံလှသည်။ "ကောသာ ဆံပင်၊ လောမာမွေးညင်း၊ နခါခြေသည်း၊ လက်သည်း" စသော သုံးဆယ့် နှစ်ကောဋ္ဌာသမှ စ၍ လာဘ်နေ၊ နတ်နေ၊ နဂါးလှည့်၊ မိတ်ဖက်၊ ရန် ဘက်၊ ပြဿဒါးရွေးနည်း၊ ရက်ရာဇာရွေးနည်း စသော လင်္ကာမျိုးစုံ ဖြစ်သည်။ ဟိုတုန်းကတော့ ဘာရယ်လို့ သေသေချာချာ မသိ။ ရှေ့က တိုင်ပေးသမျှ သူ့ထက်ငါကောင်း သံကုန်လိုက်အော်ကြသည်။ ဆိုကောင်း ကောင်းနှင့် ဆိုကြသည်။ နောက်ပိုင်း စာကလေး ပေကလေး ဝါသနာ ပါလာမှ ထိုလင်္ကာများ၏ တန်ဖိုးကို သိလာပါသည်။

ဦးပဉ္စင်းများ၊ ကိုရင်များ ဘုဉ်းပေးပြီး ကျွန်တော်တို့ နံနက်စာ စားရသည်။ ထမင်းမစားမီ ကျောင်းသားတစ်ယောက်က မတ်တတ်ရပ်၊ လက်ပိုက်ပြီး 'ကိုကျောင်းသားတို့ ထမင်းသုံးဆောင် ကြွတော်မူပါ ခင်ဗျား' ဟု သုံးကြိမ် အော်ရသည်ကို ပြန်သတိရမိပါသည်။ စားသောက်ရာတွင် ဘုန်းကြီးကျောင်းသား ဟူသော အမည်နှင့် လိုက်အောင် အချို့က လက် မြန်ကြသည်။ သို့သော် 'တစ်ကိုယ်ကောင်းဆန်ရင် ကြိမ်လုံး ကြည့်ထား' ဟူသော ဆရာတော့် စကားကြောင့် မည်သူမျှ တစ်ကိုယ်ကောင်း မဆန်ဝံ့ ကြ။ ဝေမျှစားကြရသည်။

နေ့လယ် တစ်ချိန်လုံးသည် ကျွန်တော်တို့၏ စာသင်ချိန် ဖြစ် သည်။ စာသင်ရန် ဦးပဉ္စင်းကြီးတစ်ပါးကို ဆရာတော်က လွှဲထားသည်။ သင်ရသော စာအုပ်မှာ "မင်္ဂလာသုတ်" မှသည် "ဖိုးသူတော် ဦးနု စကား ပုံ" အထိ ပါသော ဆယ်စောင်တွဲစာအုပ် ဖြစ်သည်။ ထိုစာအုပ် ကုန်သွား လျှင် သင်္ဂြိုဟ်တို့၊ သဒ္ဒါတို့ တက်ရသည်။ အခြား ကောင်းနိုးရာရာများ ကိုလည်း သင်ပေးသည်။

ပထမ ကိုယ် တက်မည့်စာကို သင်ပုန်းမှာ ကူးရေးပြီး ဦးပဉ္စင်းကြီး ရှေ့မှာ တစ်ခေါက် ဖတ်ပြရသည်။ ဦးပဉ္စင်းကြီးက အမှားအမှန် ပြင်ပေးသည်။ အဖတ်မှန်သွားပြီး ဌာန်ကရိုဏ်းကျပြီဆိုလျှင် ကိုယ့်နေရာ ကိုယ်သွားပြီး ထိုစာပုဒ်ကို အရကျက်ရသည်။ အလွတ်ရသောအခါ ဦးပဉ္စင်းကြီး ရှေ့မှာ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီ ရှိခိုးကာ အလွတ် ဆိုပြရသည်။ ရလျှင် စာပိုဒ်အသစ် ထပ်တက်ရသည်။

သူများတကာထက် သာချင်လွန်း၍ ကျေညက်အောင် မရသေးဘဲ အသစ်တက်ချင်စောဖြင့် ဦးပဉ္စင်းကြီးရှေ့မှာ အလွတ်ဆိုပြကာမှ ထစ်အထစ်အဖြစ်နေလျှင် ဦးပဉ္စင်းကြီးက ခေါင်းကို ဒေါင်ခနဲ ခေါက် လွှတ်တာဘ်သည်။ "သွား ကျေအောင်ကျက်" ဟု မာန်မဲလွှတ်တတ်သည်။ တစ်ကျောင်းလုံး စာကျက်သံများဖြင့် ဆူညံနေသည်။ မင်္ဂလသုတ် ဆိုသူက ဆို၊ လောကနီတိ ဖတ်သူက ဖတ်၊ ပရိတ်ကြီး ကျက်သူက ကျက်နှင့် စည်စည်ကားကား ဖြစ်နေပါသည်။

ညနေဘက်တွင် နံနက်က ချန်ထားသည့် ဟင်းများကို စုပေါင်းပြီး ဟင်းလေးကျိုကို စားရသည်မှာ အရသာထူးလှပါသည်။ တစ်ခါတစ်ခါလည်း ဟင်းအသစ်တစ်အိုး ထပ်ချက်ကြသည်။ ငယ်ရွယ်သူတွေမို့ ဘာစားစား စားလို့ကောင်းသည်ပင်။ နေ့ခင်း စာသင်ရင်း အလစ် အလစ် ထွက်ထွက်ပြီး ပြေးလွှားခုန်ပေါက်ရသည့်အတွက် ဗိုက်ချောင်ပြီး အစာကြေနေသဖြင့် စားသမျှ လျှောခနဲ လျှောခနဲ ဝင်ဝင်သွားတော့သည်။

ကျွန်တော်တို့မှာ နံနက် အိပ်ရာထ ပျင်းသဖြင့် 'ဆွမ်းချက်ရန် ထတော်မူကြပါ၊ ဘွန္တော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့' ဟု နှိုးဆော်ရသော အလုပ်ကို ကိုယ်တိုင်လုပ်ရန် မဆိုထားနှင့်၊ သူများ နှိုးဆော်သံကိုပင် ကြားချင်မှ ကြားသည်။ နံနက် နိဗ္ဗာန်ဆော် လုပ်ရသည်။ ကြေးစည်

ကလေး တစ်လုံးကိုင်ကာ နေဝင်ရီတရော ရွာရိုးလျှောက်ပြီး "လောကီကိစ္စ အဝဝတို့ကို ခေတ္တမျှ ရပ်နား၍ နိဗ္ဗာန်တံခါးဖွင့်ရန် အချိန်တန်ပါပြီ။ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ ခင်ဗျား" ဟု နှိုးဆော်ရင်း ကြေးစည်ကလေးကို "နောင် ဒူဝေ ဒူဝေ" ဟု တီးရသည်။

ဝါတွင်း ဥပုသ်နေ့များတွင် ကျောင်းမှာ ဥပုသ်သည်များနှင့် တစ်နေ့လုံး စည်ကားနေတတ်၏။ ထိုနေ့မျိုးတွင် ကျွန်တော်တို့သည် ဝတ်ကောင်းစားလှ ဝတ်ပြီး လှူဖွယ်ပစ္စည်းများကို သိမ်းဆည်းရသည်။ ဥပုသ်သည်များ၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးရသည်။ ဘယ်အခါမဆို ကျောင်းသို့ ဧည့်သည်လာလျှင် ကျွန်တော်တို့က လှေကားဝမှာ ဆီးကြိုရသည်။ ဦးကြီးတန် ဦးကြီး၊ အဒေါ်တန် အဒေါ် ခေါ်ငင် နှုတ်ဆက်ရသည်။

'ဆရာတော် ကျက်သရေခန်းထဲမှာ ရှိပါတယ် ခင်ဗျား၊ ကျွန်တော်သွားပြီး လျှောက်ထားပေးပါမယ်၊ ထိုင်ကြပါ' စသည်ဖြင့် လောကွတ်ပျူငှာ ပြောကြရသည်။ ရှိသေ ကိုင်းညွတ်သော အမူအရာကို ပြကြရသည်။ ယခုအချိန်တွင် ကျွန်တော်သည် ဘုန်းကြီးကျောင်းသား မဟုတ်တော့ပါ။ သို့သော် ထို နှစ်သက်ဖွယ် အမူအကျင့်ကလေးများသည် ယခုတိုင် ကိုယ်နှင့် တစ်ပါတည်း ပါလာသည်ကို သတိထားမိပါသည်။ ညဘက်တွင် တစုတဝေးကြီး ဝိုင်းထိုင်ပြီး ရောက်မိရောက်ရာ စကားများကို ပြောကြသည်။ ဘုရားရှိခိုးပြီးပြီဆိုလျှင် လသာညများတွင် ထုပ်ဆီးတိုးလေ့ ရှိကြသော်လည်း လမိုက်ညများတွင် အပြင်မထွက်ကြ။ တစ်နေရာရာမှ စုပြီး ဝိုင်းထိုင်ကြသည်။ ကိုရင်လေးများကလည်း ကျွန်တော်တို့ အုပ်စုထဲ ဝင်လာကြသည်။ ပုံတိုပတ်စ ပြောသူက ပြောသည်။ သရဲတစ္ဆေအကြောင်း ပြောသူက ပြောသည်။

'တို့ကျောင်းရှေ့ ညောင်ပင်ကြီးက သရဲကြီးဟာ မျက်လုံးတစ်လုံး တစ်လုံး စဥ့်အိုးလောက် ရှိတယ်တဲ့' ဟု တစ်ယောက်က ပြောလျှင် ကျန်လူများမှာ ကြောက်ပြီး ပုနေကြသည်။ မှောင်ကလည်း မှောင်၊ မီးရောင်ကလည်း မှိတ်တုတ်မှိတ်တုတ်မို့ ကြောက်စိတ် ပိုပိုလာကြသည်။ ငြီးငွေ့လာသောအခါ တစ်ယောက်နှင့်တစ်ယောက် ထိပ်ပုတ်တမ်း ကစားကြ၊ စုံ မ ဇုက်ကြနှင့် မအိပ်မချင်း အချိန်ပြည့် ဆော့ကြပြန်ပါသည်။

ဘုန်းကြီးကျောင်းသားဘဝက ဖြစ်ရပ်ကလေးများကို ပြန်တွေးမိတိုင်း တသိမ့်သိမ့် ကြည်နူးရပါသည်။ အကြောင်းဆိုက်လျှင် ဆိုက်သလို မကြာမကြာ သတိရမိသည်။ ယခုဆိုလျှင် ဟိုတုန်းက အပေါင်းအသင်းများနှင့်လည်း လူချင်းကွဲကုန်ကြပြီ။ ကိုယ့်အလုပ် ကိုယ့်တာဝန်နှင့် ဖြစ်ကုန်ကြပြီ။ သို့သော် ဟိုတုန်းက ဖြစ်ရပ်ကလေးများကို မကြာမကြာ သတိရစရာ ဖြစ်လာတတ်ပါသည်။

ကျောင်းနေစဉ် မြန်မာစာဆရာက 'မိုးကို ဃကြီးသတ်နဲ့ ရေးရမယ်လို့ ပါဠိသန်သူတွေက ဆိုကြတယ်ကွယ့်' ဟု ရှင်းပြလျှင် ကျွန်တော့်စိတ်အာရုံသည် ဘုန်းကြီးကျောင်းသို့ ပြန်ပြေးတော့သည်။ ဟိုတုန်းက ကျက်ခဲ့ရသော သဒ္ဒါနုသာရီ သတ်ပုံလင်္ကာမှ "ပဇ္ဇုန်မိုဃ်းတွင်၊ လုံးကြီးတင်၍၊ ငင်ပြန်ထုံလတ်၊ ဃကြီးသတ်သည်၊ ပညတ်စဉ်လာ ရေးထုံးတည်း" ဟူသော စာပိုဒ်ကလေးကို ဒက်ခနဲ သတိရလာမိပါသည်။

ဆရာက ဗြဟ္မာဘုံအကြောင်း ပြောလျှင် ကျွန်တော့်အဖို့ ဟိုတုန်းက ဦးပဥ္စင်းကြီး ကျက်ခိုင်းသဖြင့် ကျက်ခဲ့ရသော ဗြဟ္မာဘုံ (၂၀)အမည်များ စီကာရီကာ သတိရလာပါသည်။ ဟိုတုန်းက ဘာမှန်း ညာမှန်းမသိဘဲ အော်ဟစ်ကျက်ခဲ့သည်ကို အမှတ်ထင်ထင် ဖြစ်နေသည်။ ဘုန်းကြီးကျောင်းတုန်းက စာများသည် ယခုတိုင် အထောက်အကူ ပြုပါကလား

ဟုလည်း သဘောပေါက်လာရပါသည်။ ကျွန်တော် စဉ်းစားကြည့်ပါသည်။ ငယ်စဉ်က တောရွာများမှာ နေခဲ့ရသည့် လူငယ်များသည် ဘုန်းကြီးကျောင်း၏ အရိပ်အဝါနှင့် လွတ်ကင်းသူ မရှိသလောက်ပင် ဖြစ်သည်။ ကျောင်းအိပ် ကျောင်းစား မနေဖူးသည့်တိုင် အနည်းဆုံး ဘုန်းကြီးကျောင်းမှာ စာသင်ဖူးကြသည်ပင်။ သူတို့သည် ဆရာတော်များ၏ အဆုံးအမကို နာယူရင်း ကြီးပြင်းလာကြရသည်။

သူတို့တွင် ဘုန်းကြီးကျောင်းသား အတွေ့အကြုံကလေးများ ကိုယ်စီ ရှိကြသည်။ ကြီးပြင်းလာကြပြီး မြို့ရောက်သူ ရောက်ကြသည်။ စာဆက်သင်သူ သင်ကြသည်။ အလုပ်ကလေး တာဝန်ကလေးနှင့် ဖြစ်လာကြသည်။ ထိုအခါ လူအများနှင့် ဆက်ဆံလာကြရသည်။ ထိုအထဲတွင် လူငယ်များစွာသည် ယဉ်ယဉ်ကျေးကျေး ပြောဆိုတတ်ကြသည်။ သိမ်သိမ်မွေ့မွေ့ ပြုမူတတ်ကြသည်။ ပြေပြေပြစ်ပြစ် ဆက်ဆံတတ်ကြသည်။

သူတို့၏ ယဉ်ကျေးမှု၊ သိမ်မွေ့မှု၊ ပြေပြစ်မှုများသည် ဘယ်က အခြေခံပါသနည်း။ ဆန်းစစ်ကြည့်လျှင် ဟိုငယ်စဉ် ဘုန်းကြီးကျောင်းသား ဘဝကတည်းက အသည်းစွဲလာခဲ့သော ကိုယ်နှုတ်နှလုံး ယဉ်ကျေးမှု အငွေ့အသက်ကလေးများသည် အခြေခံအဖြစ် တော်တော်များများ ပါဝင်နေမည် မလွဲဟု ယုံကြည်ပါသည်။

ထိုအခါ ငယ်စဉ်က ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့ရသည့်အတွက် ကျွန်တော် ဝမ်းသာမိသည်။ ဂုဏ်ယူမိသည်။ ဘုန်းကြီးကျောင်းသားဘဝ အရသာကို ယခုမှ နားလည်သလိုလို ဖြစ်လာပါကလား ဟူ၍လည်း အတွေးပေါက်မိပါသည်။

မုသိကာနှင့် စိန်ပေဒါ

ဤအကြောင်းရေးဖို့ ဖန်လာပုံကို ပြောရမည်ဆိုလျှင် ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်း ကိုဝင်းဆွေတို့ မြို့ထဲ စာအုပ်ထွက်ဝယ်သည့် အကြောင်းက စ ရပါလိမ့်မည်။

လဆန်းရက် တစ်ရက်တွင် ကျွန်တော်တို့နှစ်ယောက် စာအုပ်ဝယ်ဖို့ မြို့ထဲ ထွက်ကြသည်။ တစ်လမ်းဝင် တစ်လမ်းထွက် ဟိုငေး သည်ငေး လျှောက်လာကြစဉ် 'ဟာ... ကိုခင်ထွန်းပါလား၊ ဗျို့... ကိုခင်ထွန်း' ဟူသော ကိုဝင်းဆွေ၏ အားပါးတရ နှုတ်ဆက်သံကြောင့် ကျွန်တော် သတိထားကြည့်လိုက်ရာ လမ်းဘေးမှာ ရပ်ထားသော ကားသစ်လှလှ ကလေးကို မှီပြီး စတိုင်နှင့် ရပ်နေသော လူရည်သန့် တစ်ယောက်ကို တွေ့လိုက်ရပါသည်။

'ဩော်... ကိုဝင်းဆွေ၊ ခင်ဗျား ကျောင်းမှာ လုပ်နေတုန်းပဲ ထင်တယ်'

ထိုသူက ကိုဝင်းဆွေကို အေးစက်စက် လေသံဖြင့် ပြန်နှုတ်ဆက်သည်။ ကိုဝင်းဆွေမှာ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ 'အေးပေါ့ဗျာ၊ ကျောင်းမှာပဲပေါ့' ဟု ခပ်ပြုံးပြုံး ပြန်ပြောသည်။

'ခင်ဗျား ကျူရှင်ကလေး ဘာလေး မပေးဘူးလားဗျ၊ ကျူရှင်မပေးဘဲနဲ့တော့ ကျောင်းဆရာ လုပ်ရတာ မနိုပ်ပါဘူးဗျာ၊ ကျွန်တော်တော့ ကျောင်းဆရာ ဝင်မလုပ်မိတာ ကံကောင်းတာပဲ'

ကိုခင်ထွန်း ဆိုသူက ရယ်သလိုလို လှောင်သလိုလို အသံမျိုးဖြင့် ဆက်ပြောနေသည်။ ထိုစဉ် အထုပ်တွေ တစ်ပွေ့တစ်ပိုက်နှင့် အမျိုးသမီး တစ်ယောက် ရောက်လာပြီး ကားရှေ့တံခါး ဆွဲဖွင့်ကာ ဝင်ထိုင်သည်။ ကိုခင်ထွန်းကလည်း 'သွားမယ်ဗျာ' ဟု ဆိုရင်း ကားထဲသို့ တစ်ဖက်က ဝင်ထိုင်ကာ မောင်းထွက်သွားတော့သည်။

'ကိုဝင်းဆွေ၊ ခင်ဗျား မိတ်ဆွေက ဘယ်လိုလဲဗျ၊ ကျောင်းဆရာ အလုပ်ကို နှိမ်လှချည်လား၊ ပြောပုံကိုက လှောင်သလိုလို ပြောင်သလိုလို'

ကျွန်တော်က မကျေမနပ် မှတ်ချက်ချလိုက်သည်။ ကိုဝင်းဆွေသည် ထွက်သွားသော ကားကလေးကို မျက်စိတစ်ဆုံး လှမ်းကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်ရင်း ကျွန်တော့်ကို ပြန်ပြောသည်။

'ကျွန်တော့်မိတ်ဆွေ မဟုတ်ဘူးဗျို့၊ ကျွန်တော့် တပည့်၊ ကျွန်တော့် တပည့်၊ တပည့်မှ ပထမနှစ် ဒုတိယနှစ် နှစ်နှစ်လုံး စာသင်ပေးလိုက်ရတဲ့ တပည့်ဗျ၊ သိလား'

'ဟင် ...'

ကျွန်တော် အံ့အားသင့်သွားပါသည်။ မတွေ့ရတာ ကြာပြီဖြစ်သော ဆရာကို တပည့်က ဆက်ဆံ ပြောဆိုလိုက်ပုံမှာ အံ့အားသင့်စရာ ကောင်းလှပါသည်။ ကိုဝင်းဆွေ ပြောပြ၍ သိရသည်ကတော့ ထို ကိုခင်ထွန်းဆိုသည့် သူငယ်ကလေးသည် ကိုဝင်းဆွေထက် ငါးနှစ်လောက် ငယ်သည်။ နယ်ကောလိပ် တစ်ခုမှာ ကိုဝင်းဆွေ အမှုထမ်းစဉ်က ကိုခင်ထွန်းက ကျောင်းသား၊ ကျောင်းဆောင်မှာ အတူတူ နေကြသည်။ ကိုဝင်းဆွေက ပထမနှစ်၊

ဒုတိယနှစ် သင်ရသည်။ ကိုခင်ထွန်းက ကိုဝင်းဆွေ အတန်းမှာ တက်ရသည်။ အဆောင်ကျတော့လည်း စာပြပေးရသေးသည်။ ဘွဲ့ရပြီးနောက် ကိုခင်ထွန်း ရန်ကုန် ရောက်ကာ သူ့နည်း သူ့ဟန်နှင့် ကြီးပွားသွားသည်ဟု သိလိုက်ရသည်။ လူချင်း မတွေ့သည်မှာ ကြာပြီ။ ယခု တွေ့လိုက်ရတော့ ကိုခင်ထွန်း အသွင်ပြောင်းနေပြီ။ သူ့ဆရာကို ဆရာ ဟုပင် မခေါ်တော့။ "ကိုဝင်းဆွေ" ဟု နာမည်တပ်ခေါ်ပြီ။ ခင်ဗျားနှင့် ကျွန်တော်နှင့် ပြောတော့သည်။ သည်တော့မှ တွေ့တွေ့ချင်း ဘာကြောင့် ကိုဝင်းဆွေ မျက်နှာပျက်သွားရသည်ကို သဘောပေါက်မိပါသည်။

ထိုနေ့က ကိုဝင်းဆွေအတွက် စိတ်မကောင်း ဖြစ်မိရင်း "ဆရာတပည့်" အကြောင်းကို ကျွန်တော် စဉ်းစားနေမိပါသည်။ ဆရာကို ခင်ဗျား တစ်လုံး၊ ကျွန်တော် တစ်လုံးသုံးပြီး ပခုံးချင်း ယှဉ်ချင်သော တပည့်မျိုးလည်း ရှိပါကလားဟု အံ့ဩမိရာမှ ငါးရာငါးဆယ် ဇာတ်ဝတ္ထု တစ်ပုဒ်က ဖျတ်ခနဲ ခေါင်းထဲမှာ ပေါ်လာသည်။ အခြား မဟုတ်ပါ။ အများ သိကြသော အလောင်းတော် ဂုတ္တိလဇာတ် ဖြစ်သည်။ ထိုဇာတ်တွင် ဘုရားလောင်း ဂုတ္တိလက နိုင်ငံကျော် စောင်းဆရာကြီး ဖြစ်၍၊ ဒေဝဒတ်လောင်း မုသိက က ဂုတ္တိလထံမှာ စောင်းလာသင်သော တပည့် ဖြစ်သည်။ ဆရာ ဂုတ္တိလက တပည့် မုသိကကို ဆရာစား မချန်ဘဲ ပညာကုန် သင်ပေးသည်။ မုသိက ပညာစုံတော့ "ဆရာလည်း ငါ့လောက်ပဲ တတ်တာပဲ" ဟူသော အသိဖြင့် ဆရာ့ကို ပခုံးချင်း ယှဉ်သည်။ ဆရာနှင့် ပညာချင်း တူသည့်အတွက် လစာလည်း ဆရာနှင့်အတူတူ ပေးပါဟု မင်းထံ တောင်းဆိုသည်။ မင်းက မုသိကကို ဆရာဂုတ္တိလနှင့် စောင်းတီးပြိုင်ခိုင်းသည်။ ဂုတ္တိလ စောင်းဆရာကြီးခမျာ တပည့်နှင့်ပြိုင်၍ မိမိ

ရှုံးလျှင် အရှက်ရတော့မည်ဟု သောက ရောက်ရရှာသည်။ ဤတွင် သိကြားမင်း မနေသာဘဲ ဂုတ္တိလကို ဝင်ကူရတော့သည်။

စောင်းတီးပြိုင်သည့်နေ့တွင် သိကြားမင်းက မှာထားသည့်အတိုင်း ဂုတ္တိလ ဆရာကြီးက စောင်းတီးရင်း စောင်းကြိုးများကို တစ်ကြိုးပြီး တစ်ကြိုး ဖြတ်ပစ်သည်။ စောင်းကြိုးအားလုံး ပြတ်သွားသော်လည်း စောင်းသံက ထွက်နေသည်။ နတ်သမီးများပင် ဆင်း၍ က သေးသည်။ ဤတွင် ဆရာကို ပခုံးချင်းယှဉ်သော မုသိက အရှုံးကြီး ရှုံးရသည်။ ပရိသတ်၏ ဒဏ်ခတ်ခြင်းကို မရှုမလှ ခံရသည်။ ဤဇာတ်ဝတ္ထုကို ဆက်စပ် သတိရသောအခါ ကိုဝင်းဆွေအတွက် စိတ်မကောင်းဖြစ်မိသည့် နည်းတူ ဂုတ္တိလ ဆရာကြီးအတွက်လည်း စိတ်မကောင်း ဖြစ်မိပါသည်။

ညဘက် အိမ်ပြန်ရောက်တော့ လူထုဒေါ်အမာ၏ "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်ကို အမှတ်မထင် ကောက်လှန်မိသည်။ "နေမျိုးဗလကျော်သူ ဘွဲ့ရ ရွှာစားစိန်ဗေဒါ" အကြောင်းတွင် ဖြစ်ရပ်ကလေး တစ်ခုကို တိုက်တိုက်ဆိုင်ဆိုင် စိတ်ဝင်စားဖွယ် သွားတွေ့ပါသည်။ ကိုလိုနီခေတ်က ရတနာဂီရိသို့ ရောက်နေသော သီပေါမင်း သမီးတော်များ နားထွင်းမင်္ဂလာပြုရာတွင် ပါဝင် တီးမှုတ်ရန် မြန်မာနိုင်ငံမှ တူရိယာအဖွဲ့တစ်ဖွဲ့ ရတနာဂီရိသို့ သွားရသည့်အကြောင်း ဖြစ်သည်။ ထိုအဖွဲ့တွင် ဆိုင်းတီးမည့်သူမှာ စိန်ဗေဒါ ဖြစ်၍ စောင်းတီးမည့်သူမှာ ဒေဝဣန္ဒာမောင်မောင်ကြီး ဖြစ်သည်။ အလှူနေ့မတိုင်မီ ဘုရင်အိပ်ဖန်တော်ဝင်ခိုက် စောင်းနှင့် ဆိုင်းနှင့် တစ်ဖက်စီ တီးကြရသည်။ ဆိုင်းက ပထမ အလှည့်ကျသည့်အတွက် စိန်ဗေဒါက ဖွဲ့.ဖွဲ့.နွဲ့.နွဲ့. တီးပြသည်။ ထို့နောက် စောင်းအလှည့်ရောက်၍ ဒေဝဣန္ဒာမောင်မောင်ကြီးက

တီးသည်။ စိန်ဗေဒါ့ စိတ်ထဲတွင် စောင်းသံသည် သူ့ပတ်သံထက် ဘယ်နည်းနှင့်မှ မသာနိုင်ဟု တွက်ထားသည်။ ဒေဝဣန္ဒာ စောင်းတီးသောအခါ စိန်ဗေဒါ ထင်ထားသလို မဟုတ်ဘဲ စောင်းသံက ပတ်သံကဲ့သို့ပင် ပြတ်ပြတ်သားသား ထွက်လာသည်။ ဤတွင် စိန်ဗေဒါ အံ့ဩသွားပြီး ငါ ထင်တာ မှားပကောဟု နောင်တ ရသွားသည်။ နောက်ဆက်တွဲဖြစ်ရပ်ကို ဆရာမကြီး ဒေါ်အမာက ဤသို့ ရေးပြထားပါသည်။

အိပ်ဖန်တော် တီး၍ ပြီးကြသဖြင့် ကိုယ့်အိပ်ရာသို့ ကိုယ်ဝင်၍ အိပ်ကြသည့် အခါတွင်ကား စိန်ဗေဒါမှာ အိပ်၍ပင် မရတော့။ ဆရာကြီး ပညာကို အထင်သေးမိလေခြင်း၊ ပညာကြီးသူကို ပြစ်မှားမိလေခြင်းဟု တစ်ညလုံး နောင်တကြီးစွာ ဖြစ်နေလေသည်။ ထို့ကြောင့် မနက်အရုဏ်တက်၍ တစ်ဖက်ခန်းက နိုးသံကြ ားပြီး ဘုရားဝတ်တက်သံ ဆုံးသည်နှင့် တစ်ပြိုင်နက် စိန်ဗေဒါသည် ဒေဝဣန္ဒာမောင်မောင်ကြီး အခန်းသို့ ကူးသွားပြီး 'မောင်မောင်' ဟု အသံပြု၍ ဝင်တော့သည်။ မောင်မောင်ကြီးက ဘယ်သူတုံးဟု မေးသည့်အခါ စိန်ဗေဒါက မိမိ ပြစ်မှားမိသည်များကို ကန်တော့ရန် လာပါသည်ဟု ပြော၍ ကန်တော့ပြီး သူ အထင်သေးမိပုံ၊ ပြစ်မှားမိပုံများကို အားလုံး ပြောပြ၍ မအိပ်နိုင်ဘဲ ရှိသည်အထိဖွင့်ဟ ဝန်ခံပြီး သူ့ကို အပြစ်လွှတ်ပါရန် ပန်ကြားသည်။

ပန်ကြားသည့်အခါ ဒေဝဣန္ဒာ မောင်မောင်ကြီးက 'မင်းလည်း စိန်ဗေဒါလို့ နာမည်ကြီးတဲ့ လူပေကိုး၊ အပြစ်မရှိပါဘူး၊ ငါ ခွင့်လွှတ်ပါတယ်' ဟု အကျေအလည် ပြန်ပြောသည်။ ထိုအခါ စိန်ဗေဒါက–

'ကျွန်တော် စောင်းသင်ရင် တတ်နိုင်ပါဦးမလား ခင်ဗျား'

'တောထဲက ကြက်တူရွေးတောင် သင်ရင် တတ်သေးတာပဲကွာ'

'ဒါဖြင့် ကနေ့ကစပြီး ကျွန်တော့်ကို တပည့်စာရင်းသွင်းပြီး အသိအမှတ်ပြုပါ ခင်ဗျား'

'သင်ချင်သပဆိုရင် သင်ပေးပါ့မယ်၊ မင်း စောင်းနဲ့ ဘာများ တီးဖူးသလဲ'

'အနည်းအကျဉ်း သင်ရိုးလောက်တော့ တီးဖူးတီးစ ရှိပါတယ် ခင်ဗျား'

'အေး... ဒါဖြင့် အဲဒါတွေအားလုံး မေ့ပစ်လိုက်တော့။ ရွှေမြို့တော် (မန္တလေး) ကျရင် ငါ သင်ပေးမယ်' ဟု မောင်မောင်ကြီးက ကတိပေးလိုက်သည်။

စိန်ဗေဒါမှာ တကယ်ကြီးသည့် စောင်းပညာ သေသေချာချာ တတ်ရချေတော့မည်ဟု ဝမ်းသာအားရ ဖြစ်နေပြီး အလှူနေ့တွင် တစ်နေ့လုံး တက်တက်ကြွကြွ တီးပေတော့သည်။

ဤဖြစ်ရပ်ကလေးကို ဖတ်လိုက်ရသောအခါ စိတ်ထဲတွင် အလွန်ကြည်နူးပြီး ပေါ့ပါးသွားပါသည်။ ကြည်နူးရခြင်းမှာ မိမိကိုယ်တိုင် နိုင်ငံကျော် ဆိုင်းဆရာကြီး ဖြစ်ပါလျက် ပညာကြီးသူကို ဆရာတင်ရန် ဝန်မလေးသော၊ ထက်ထက်သန်သန် ပညာလိုလားသော ဆရာကြီး စိန်ဗေဒါ၏ တပည့်ကောင်း စိတ်ဓာတ်ကို လေးစားဖွယ် တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။ စိတ်ထဲမှာ ပေါ့ပါးသွားရခြင်းမှာ ဆရာကို ဆရာမှန်း မသိတတ်သော ကိုခင်ထွန်းကို အကြောင်းပြု၍ ဆရာနှင့် ပခုံးချင်းယှဉ်ချင်သော တပည့်ဆိုး မုသိက အကြောင်းကို ဆက်စပ် သတိရ

သည့်အတွက် စိတ်ထဲမှာ တစ်နေ့လုံး လေးလံနေရာမှ ယခု ဆရာကြီး စိန်ဗေဒါအကြောင်းကို ဖတ်လိုက်ရသောအခါ စိတ်ထဲမှာ အလေးအပေါ့ ဟန်ချက်ညှိပေးလိုက်သလို ခံစားရသောကြောင့် ဖြစ်ပါသည်။ ဆရာတင် ထိုက်သော ပညာရှင်မှန်း သိလိုက်ရသည်နှင့် စိတ်ထဲမှာ စိတ်ထဲက ပြစ်မှားမိသည်ကို တစ်ညလုံး နောင်တကြီးစွာ ရသည်ဆိုသော စိတ်ဓာတ် မျိုးကား ရှာမှရှားသည့် စိတ်ဓာတ်မျိုး ဖြစ်ပါသည်။ ပညာနှင့်ဆိုင်သော အသိုင်းအဝန်းတွင် ဤစိတ်ဓာတ်မျိုး ပြန့်ပွား စည်ပင်လာမည်ဆိုလျှင်–

ကျွန်တော်သည် "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ် ကို ရှိသေစွာ ပိတ်လိုက်ပြီး အေးချမ်း ငြိမ်သက်စွာ အတွေးမျှင် တန်းနေ မိပါတော့သည်။

နေသေခကို ဘီလူးစာ ကျွေးရခြင်းအကြောင်း

ကျွန်တော်သည် မကြာမီက မဟော်သဓာ ဇာတ်တော်ကြီးဝတ္ထုကို တစ်ခေါက် ပြန်ဖတ်ဖြစ်ပါသည်။ ငယ်ငယ်ကတည်းက နှစ်သက် စွဲလမ်းခဲ့ရသော ဝတ္ထုတစ်ပုဒ် ဖြစ်သည့်အတွက် အခွင့်အခါသင့်တိုင်း ဤသို့ ပြန်ပြန်ဖတ်ဖြစ်ခဲ့ပါသည်။ မဟော်သဓာ၏ တရားစီရင်ခန်းများ၊ ပြဿနာ အဖြေခန်းများ၊ မဟော်သဓာနှင့် အမရာဒေဝီတွေ့ခန်း၊ မဟော်သဓာက ကေဝဋ္ဋပုဏ္ဏားကြီးကို ပရိယာယ်ဖြင့် အနိုင်ယူခန်း၊ ဥမင် စီရင်ခန်း စသည့် အခန်းများသည် ကျွန်တော့်အဖို့ အကြိမ်ကြိမ် ဖတ်၍ မရိုးနိုင်အောင် နှစ်သက်စွဲမက်ရသည့် အခန်းများ ဖြစ်ပါသည်။ အလောင်းတော် မဟော်သဓာ၏ ထက်မြက် ထူးချွန်သော ပညာစွမ်းကို အလေးအနက် ဖော်ညွှန်းသည့် အခန်းများ ဖြစ်ပါသည်။

ယခုတစ်ခေါက် ပြန်ဖတ်သောအခါ ရေစောင့်ဘီလူး ပဥှာခန်းခေါ် အခန်းကို အာရုံစိုက်မိပါသည်။ ဤအခန်းသည်လည်း မဟော်သဓာ၏ ပညာဂုဏ်ကို ထင်ရှားစွာ ဖော်ညွှန်းသောအခန်း ဖြစ်သည်။ ပါဝင်သော အကြောင်းအရာကို အကျဉ်းမျှ တင်ပြပါရစေ။ မဟော်သဓာ သုခမိန်သည်

မိမိ၏ အရှင်ဖြစ်သော ဝိဒေဟရာဇ်မင်း၏ အကျိုးအတွက် စူဠနီဗြဟ္မဒတ် မင်းကို နည်းပရိယာယ် အမျိုးမျိုးဖြင့် အနိုင်ယူခဲ့သည်။ စူဠနီဗြဟ္မဒတ်မင်း ၏ သမီးတော်ကို မရ ရအောင် ဆောင်ကြဉ်းပြီး ဝိဒေဟရာဇ်မင်းအား ဆက်သခဲ့သည်။ စူဠနီဗြဟ္မဒတ်မင်းသည် မဟော်သဓာ၏ ပညာဂုဏ်ကို ကောင်းစွာ သိရသောအခါ ရန်သူဟု သဘောမထားဘဲ အလွန် ကြည်ညို လေးစားသွားသည်။ မိမိ နိုင်ငံမှာ နေထိုင်ရန် ဖိတ်ခေါ်သည်။ မဟော်သဓာ ကလည်း ဝိဒေဟရာဇ်မင်း နတ်ရွာစံသောအခါ လာနေပါမည်ဟု ကတိပြု သည်။ ကတိအတိုင်းလည်း သွားနေသည်။ စူဠနီဗြဟ္မဒတ်မင်းက မဟော် သဓာကို အလွန် ချီးမြှောက်ထားသည်။ မင်းကြီး ကိုးကွယ်သော ဘေရီ ခေါ် ပညာရှိ ပရိဗိုဇ်မကလည်း မဟော်သဓာ ပညာကြီးမားပုံကို ကောင်းစွာ သိရှိသည်။ တစ်နေ့တွင် မင်းကြီးက မဟော်သဓာကို မည်သို့ သဘောထား ကြောင်း ထင်ထင်ရှားရှား သိနိုင်ရန် မဟော်သဓာ၏ မေတ္တာရပ်ခံချက်အရ ဘေရီပရိဗိုဇ်မက မင်းကြီးအား ဤရေစောင့်ဘီလူး ပြဿနာကို မေးခြင်း ဖြစ်သည်။

ပြဿနာကား ဤသို့ ဖြစ်သည်။ စူဠနီဗြဟ္မဒတ်မင်းကြီးနှင့်တကွ မယ်တော်၊ မိဖုရားကြီး၊ ညီတော်၊ စားတော်ကဲသား ဓနုသေခ၊ ကေဝဋ္ဋ ပုဏ္ဏားနှင့် မဟော်သဓာ ဟူသော ပုဂ္ဂိုလ် ခုနစ်ယောက်သည် မဟာ သမုဒ္ဒရာထဲ၌ လှေသင်္ဘောဖြင့် မျောနေသည် ဆိုပါစို့။ ထိုစဉ် ရေစောင့် ဘီလူး ပေါ်လာပြီး မင်းကြီးအား ပါလာသူ ခြောက်ယောက်ကို မိမိ စားရန် အစဉ်အတိုင်းပေးလျှင် မင်းကြီးကို လွှတ်မည်ဟု ဆိုလာပါက ထို ခြောက်ယောက်ကို မည်သို့ ပေးမည်နည်း ဟူသော ပြဿနာပင် ဖြစ်ပါသည်။ စူဠနီ ဗြဟ္မဒတ်မင်းကြီးကလည်း ပြတ်ပြတ်သားသားပင် အဖြေပေးသည်။ ဘီလူးစားရန်အတွက် မယ်တော်၊ မိဖုရားကြီး၊ ညီတော်၊

စားတော်ကဲသား ဓနုသေခနှင့် ကေဝဋ္ဋ ပုဏ္ဏားတို့ကို တစ်ယောက်ပြီး တစ်ယောက် ပေးပြီးနောက် မဟော်သဓာနှင့် မိမိတို့ ကျန်သောအခါတွင် မိမိသာ ဘီလူးပါးစပ်ထဲသို့ ခုန်ဆင်းပြီး ဘီလူး အစားခံမည်။ မိမိ အသက်ရှင် နေခိုက် မဟော်သဓာကို ဘီလူးစာ မပေး ဟူ၍ ဖြစ်သည်။ ဤသို့ဖြင့် စူဠနီ ဗြဟ္မဒတ်မင်းက မဟော်သဓာကို မိမိ အသက်ထက်ပင် မြတ်နိုး ကြောင်း ထင်ရှားပြလိုက်ခြင်း ဖြစ်ပါသည်။ မဟော်သဓာ၏ ကြီးမား သော ပညာဂုဏ်ကို ဖော်ထုတ် မိန့်ကြားကာ ဤအဖြေကို ပေးလိုက်ခြင်း ဖြစ်ပါသည်။

ဤအခန်းတွင် ဘေရိပရိဗိုဇ်မနှင့် စူဠနီဗြဟ္မဒတ်မင်းတို့ အပြန် အလှန် အချီအချ ပြောကြပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ မင်းကြီးက 'မည်သူ့ကို ဘီလူးစာ ပေးမည်' ဟု ဆိုလိုက်တိုင်း ပရိဗိုဇ်မ က ထိုသူ၏ ကောင်းကွက်များ၊ ဂုဏ်ကျေးဇူးများကို ဖော်ထုတ်ကာ ဘီလူးစာ မပေးထိုက်ကြောင်း ဖော်ညွှန်းသည်။ ထိုအခါ မင်းကြီးက ထိုသူ၏ ညံ့ကွက်များ၊ အပြစ်များကို ဖော်ညွှန်းကာ ထိုအကြောင်းများ ကြောင့် ဘီလူးစာ ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြသည်။

ကျွန်တော်သည် ဤသို့ ပရိဗိုဇ်မနှင့် မင်းကြီးတို့ အချီအချ ပြောကြ ပုံကို စိတ်ဝင်တစား ဖတ်ရင်း တစ်ယောက်စီ၏ အကြောင်းကို အာရုံ ဝင်စား နေမိသည်။ ပထမဆုံး မင်းကြီး၏ မယ်တော်၊ ဒုတိယ မင်းကြီး ၏ မိဖုရားကြီး၊ တတိယ မင်းကြီး၏ ညီတော်၊ စတုတ္ထ မင်းကြီး၏ ငယ်သူငယ်ချင်း စားတော်ကဲသား ဓနုသေခ။ ဓနုသေခသည် စူဠနီ ဗြဟ္မဒတ်နှင့် တစ်နေ့တည်း မွေးဖွားသူ ဖြစ်သည်။ ထမင်းတစ်ခွက်တည်း အတူတူ နှိုက်စားသော ငယ်သူငယ်ချင်းလည်း ဖြစ်သည်။ စူဠနီဗြဟ္မဒတ် မင်းသားတွင် အသက်အန္တရာယ် ကြုံသည့်အတွက် မယ်တော်မိဖုရားကြီး

၏ စီစဉ်ချက်အရ ဓနုသေခ၏ ဖခင် စားတော်ကဲက စူဠနီဗြဟ္မဒတ်ကို မိမိတို့နှင့်အတူ တိုင်းတစ်ပါးသို့ ခေါ်ဆောင် ထွက်ပြေးခဲ့ပြီး မိမိ သား အဖြစ် ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။ ထိုမျှ ကျေးဇူးရှိသောသူ ဖြစ်သည့် အတွက် ဘေရီပရိဗိုဇ်မက–

ဤပြည်၌ မင်းကြီးနှင့် ဖွားဖက်တော်ကို ရှာလျှင် ဤ ဓနုသေခ သည်သာလျှင် မင်းကြီးနှင့် တစ်ညဥ့်တည်း ဖွားဖက်ဖြစ်၏။ မင်းကြီးနှင့် ငယ်စဉ်ကလျှင် အတူတကွ ကစားလျက် ကြီးသော သူငယ်ချင်းလည်း မှန်၏။ ငယ်စဉ်ကပင် မင်းကြီး သွားလေရာ အရိပ်သဖွယ်ပါသော ဆင်းရဲ ဖော် ချမ်းသာဖက် သမာန သုခ ဒုက္ခ အဆွေခင်ပွန်းစစ်လည်း မှန်၏။ ညဥ့်နေ့မဟူ အပူ အချမ်း မရွေး၊ ဘေးရန်မှန်းမသိ မင်းကြီး၏ စီးပွား တော်ကိုလည်း အခါခပ်သိမ်း လုံ့လပြုလျက် အမြဲရှက်ဆောင်လေ့ရှိ၏။ ငယ်သောအခါမှသည် ယခုတိုင်အောင် မင်းကြီး၏ အလိုသို့သာလည်း လိုက်၍ ကျင့်ဆောင်တတ်၏။ ဤသို့ အတူမကွဲ ဆင်းရဲချမ်းသာခံလျက် ရောင့်ရဲဖက်ဖြစ်သော အဆွေခင်ပွန်းစစ်ကိုလျက် အဘယ်အပြစ်ကြောင့် ရေစောင့်ဘီလူးအား ပေးမည် ဆိုဘိသနည်းဟု မေးမြန်းစုံစမ်းလိုက်သည်။ မင်းကြီးကလည်း ပြန်၍ ဖြေကြားသည်။ အရှင်မ ကျွန်ုပ်နှင့် ဆင်းရဲဖော် ချမ်းသာဖက် ဖြစ်သော ဓနုသေခသည် အရှင်မ ဆိုတိုင်းပင် အကျွန်ုပ်အား ကျေးဇူးကြီးသည် မှန်ပေ၏။ ယင်းသို့ မှန်သော်လည်း... စူဠနီ ဗြဟ္မဒတ် မင်းကြီး၏ ဖြေကြားချက်ကို ဖတ်လိုက်ရသည့် ဤခဏ၌ ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင်သူ သုံးယောက်၏ မျက်နှာများသည် ကျွန်တော့် မျက်စိ ထဲတွင် ရိပ်ခနဲ ရိပ်ခနဲ ပေါ်လာပါတော့သည်။ တစ်ယောက်က ကျွန်တော် တို့ ရွာမှ ဘကြီးအုန်းရွှေ၊ နောက်တစ်ယောက်က ကျွန်တော့် ဦးလေး

တစ်ဝမ်းကွဲ ဦးဖိုးလူ၊ နောက်တစ်ယောက်ကတော့ ကျွန်တော့်အစ်ကို၏ သူငယ်ချင်း ကိုငြိမ်းမောင်။

ဘကြီးအုန်းရွှေသည် ကျွန်တော်တို့ ရွာမှာ လူချစ်လူခင်ပေါသူ တစ်ယောက် ဖြစ်၏။ သူ့သမီးနှင့် သမက်က အလုပ်အကိုင်ကောင်းသည် မို့ ဘကြီးအုန်းရွှေမှာ ဘာမှ ပင်ပင်ပန်းပန်း လုပ်စရာမလိုဘဲ ထမင်းပွဲ ရှေ့ရောက် ထိုင်စားရသည်။ နေ့စဉ် သူ လုပ်နေကျ အလုပ်မှာ ကွမ်း တမြုံ့မြုံ့ဝါးရင်း ရွာရိုးလျှောက်ပြီး အိမ်ပေါက်စေ့ ဝင်ကာ စကားပြော တတ်ခြင်းပင် ဖြစ်သည်။ စကားဝိုင်းဖွဲ့မိပြီဆိုလျှင်လည်း ဘကြီးအုန်းရွှေ ကသာ စကားတွေ ဖောင်လောက်အောင် ပြောတတ်သည်။ ထူးခြားသော အချက်ကား သူ ပြောသော အကြောင်းအရာ အများစုသည် "သူနှင့် ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်များ မည်မျှ ခင်မင်ရင်းနှီးသည်" ဟူသော အကြောင်းအရာများ ဖြစ်နေခြင်းပင်။ ဆိုပါစို့၊ စကားအလျဉ်းသင့်ပြီ ဆိုလျှင် 'နယ်ချဲ့ကို တော်လှန်တုန်းက ဆရာတော် ဦးဥတ္တမနဲ့ ဘကြီး နဲ့ အတူတူပေါ့ကွ' ဟု အစချီကာ ဆရာတော် ဦးဥတ္တမနှင့် မည်မျှ ရင်းနှီးကြောင်း၊ ဆရာတော် ဂျပန်ပြည်သွားစဉ်က မိမိကို အတူလိုက်ရန် ခေါ်သေးကြောင်း၊ မိမိ အသက်ငယ်သေး၍ အိမ်နှင့် မခွဲနိုင်သည့်အတွက် မလိုက်ဖြစ်ကြောင်း စသည်တို့ကို ဝေဝေဆာဆာ ပြောပြတတ်ပါသည်။ ဇာတ်မင်းသားကြီး ဦးဖိုးစိန် ကွယ်လွန်ကြောင်း သတင်းစာထဲမှာ ပါလာ စဉ်ကလည်း ဘကြီးအုန်းရွှေသည် သတင်းစာကြီး ကိုင်ပြီး 'ဩော်... ဦးလေးစိန်၊ ဦးလေးစိန်၊ ဆုံးခါနီးမှာ ကျွန်တော်နဲ့တောင် မတွေ့ရတော့ ဘူးနော်' ဟု ကျယ်လောင်စွာ ညည်းတွားကာ ရွာရိုးလျှောက်ပြီး သူနှင့် ဦးဖိုးစိန်တို့ အလွန် ခင်မင် ရင်းနှီးကြောင်း မြိန်ရေရှက်ရေ ပြောပြန်ပါ သည်။ ကြားရသူများကတော့ ယုံရမလို မယုံရမလို ဖြစ်ကြရသည်။

တစ်ခါကလည်း ရန်ကုန်မှာ ပန်းချီသင်ပြီး ပြန်လာသော ကျွန်တော်တို့ ရွာသား လူငယ်တစ်ယောက်က ပန်းချီဆရာကြီး ဦးငွေကိုင်ထံမှ သူ နည်းနာခံခဲ့ပုံကို ပြောရုံရှိသေး၊ ဘကြီးအုန်းရွှေက ဝင်တဲ့ပြီး 'အေး... အဲဒီ ကိုငွေကိုင်ဟာ ငါ့သူငယ်ချင်းပေါ့ကွ' ဟု ပြောပါတော့သည်။ 'ငယ်ငယ် တုန်းက ကိုငွေကိုင်နဲ့ ဘကြီးနဲ့ဆိုတာ လည်ပင်းဖက်နေကြတာကလား။ ကိုငွေကိုင်က ပန်းချီ သိပ်ဝါသနာပါပြီး ပန်းချီဆရာကြီး ဖြစ်သွားတာ လေ။ ဘကြီးက ဝါသနာ မပါလို့ ပန်းချီဆရာ မဖြစ်တာပေါ့ကွ' ဟု အားပါးတရ ပြောပြန်ပါသည်။

ကြာတော့ ဘကြီးအုန်းရွှေ ပြောသည်ကို မယုံချင်ကြတော့ပါ။ စကားထဲတွင် ပါလာသည့် ထင်ပေါ် ကျော်ကြားသူတိုင်း သူ့အသိမိတ်ဆွေ ချည်း ဖြစ်နေလေတော့ နားထောင်သူများ စဉ်းစားစရာ ဖြစ်လာရပါသည်။ 'ဒီအဘိုးကြီးဟာလေ တယ်ကြွားတာပဲ။ မင်းတုန်းမင်းတရားကြီးတောင် စောစောစီးစီး နတ်ရွာစံသွားလို့၊ သူသာ မီလိုက်ရင် သူနဲ့ ကျောင်းနေဖက် သူငယ်ချင်းလို့ ပြောချင် ပြောနေဦးမှာ' ဟု ဘကြီးအုန်းရွှေ ကွယ်ရာမှာ ပြောပြီး ဟားသူက ဟားကြသည်။ ဘကြီးအုန်းရွှေကတော့ ကွမ်းတမြုံ့မြုံ့ နှင့် စကားဝိုင်းဖွဲ့မြဲပင်။ သူနှင့် ရင်းနှီး ကျွမ်းဝင်သည်ဆိုသော ထင်ပေါ် ကျော်ကြားသူများ အကြောင်းကို အရသာခံ၍ ပြောမြဲပင်။

ကျွန်တော့် ဦးလေးတစ်ဝမ်းကွဲ ဦးဖိုးလူကတော့ တစ်မျိုးဖြစ်၏။ သူ့ဝါသနာမှာ ထင်ပေါ် ကျော်ကြားသူများနှင့် ကိုယ်တိုင် သိကျွမ်းခင်မင် လိုခြင်း ဖြစ်သည်။ သူက နယ်မြို့ကလေးတစ်မြို့မှာ အခြေချနေသည်။ စီးပွားရေး အဆင်ပြေပြီး ချောင်ချောင်လည်လည် ရှိသည်။ ကျွေးနိုင် မွေးနိုင်သည်။ သည်တော့ ဇာတ်မင်းသား၊ ရုပ်ရှင်မင်းသား၊ စာရေးဆရာ၊ နိုင်ငံရေး ခေါင်းဆောင် စသည့် ထင်ရှားသော ပုဂ္ဂိုလ်တစ်ယောက်

သူတို့မြို့ကို ရောက်လာပြီ ဆိုသည်နှင့် ဦးလေး ဦးဖိုးလူ ဣန္ဒြေမရတော့။ သူ့ဝါသနာအတိုင်း အတင်းလိုက်ပြီး မိတ်ဖွဲ့သည်။ အိမ်မှာ ထမင်းဖိတ်ကျွေးသည်။ သူ့ဇနီး၊ သားသမီးများနှင့် မိတ်ဆက်ပေးသည်။ သို့ဖြင့် ဇာတ်သဘင်နယ်မှ ရွှေမန်းဦးတင်မောင်နှင့် ဦးစိန်အောင်မင်းတို့သည် လည်းကောင်း၊ ရုပ်ရှင်နယ်မှ မင်းသား ဦးရွှေဘနှင့် မင်းသမီး ဒေါ်ကြည်ကြည်မြေးတို့သည် လည်းကောင်း၊ စာပေနယ်မှ စာရေးဆရာ မင်းယုဝေနှင့် ငွေဥဒေါင်းတို့သည် လည်းကောင်း ဦးဖိုးလူ အိမ်သို့ ရောက်ဖူးကြသည်ဟု အဆိုရှိပါသည်။

တစ်ခါကလည်း ကျန်းမာရေးအကြောင်း ပညာပေး ဟောပြောရန် ရောက်လာသော ဆရာဝန်ကြီး တစ်ဦးကို တာဝန်ရှိသည့် လူကြီးများက ဧည့်ခံနေစဉ် ဦးလေး ဦးဖိုးလူ ရောက်လာကာ ဆရာဝန်ကြီးအနား ဝင်ထိုင်သည်။ သူ့ကိုယ်သူ မိတ်ဆက်သည်။ ပြီးတော့ 'ကျွန်တော့်သားက ဆယ်တန်းအောင်ရင် ဆရာဝန်ကြီးတို့လို ဆရာဝန်လိုင်းလိုက်ဖို့ ကြိုးစားနေပါတယ် ခင်ဗျာ' ဟု အစချီကာ သူ့သား စာတော်ကြောင်း၊ သူ့မိသားစုအကြောင်း အရှည်ကြီး လျှောက်ပြောနေတော့သည်။ သူကတော့ ဆရာဝန်ကြီးနှင့် သိကျွမ်းရသည်ကို အရသာခံပြီး စကားဖောင်ဖွဲ့နေခြင်း ဖြစ်သည်။ သို့သော် အချိန်က မရှိတော့။ ဟောပြောပွဲကလည်း နီးနေပြီ။ ဆရာဝန်ကြီးခမျာလည်း သူ ပြောသမျှ ခေါင်းညိတ်ပြီး 'ဟုတ်ကဲ့' လိုက်နေရသည်။ ဘေးက တာဝန်ရှိ လူကြီးများကလည်း ကသိကအောက်ဖြစ်နေပြီ။ နောက်ဆုံးတွင် လူကြီးတစ်ယောက်က 'ကဲ... ဦးလေး ဦးဖိုးလူရေ၊ ဆရာဝန်ကြီးက ဟောပြောပွဲ နီးနေပြီ၊ နောက်မှ တွေ့သေးတာပေါ့' ဟု အတင်းဝင်ပြီး စကားဖြတ်ရသည်။ အလိုက်မသိသော ဦးလေး ဦးဖိုးလူအတွက် ဆရာဝန်ကြီးကို အားနာကြရသည်။ ဦးလေး ဖိုးလူ

ကတော့ အားနာရကောင်းမှန်း မသိ။ ဆရာဝန်ကြီးကို ထမင်းစားပင် ဖိတ်နေသေးသည်။ 'သည်းခံပါ ခင်ဗျာ၊ ကျွန်တော် အချိန်မရလို့ပါ' ဟု ပြောပြီး အတင်းရှောင်ထွက်မှ လွတ်တော့သည်။ 'ဒီလူကြီးဟာ ဒီလိုချည်းပဲ' ဟု တာဝန်ရှိသူများက ဦးလေးဖိုးလူကို မကျေမနပ် ဖြစ်ကြရသည်။

ကိုငြိမ်းမောင်ကတော့ ကျွန်တော့်အစ်ကို၏ သူငယ်ချင်း ဖြစ်သည်။ သူ့အလုပ်က အထက်တန်းပြ ဆရာ။ သူ စကားပြောလျှင် ခေါင်းကို မော့ပြီး ခါးထောက်ပြောတတ်သည်။ သူ့ ဝါသနာက ဘကြီး အုန်းရွှေတို့၊ ဦးလေး ဦးဖိုးလူတို့ထက် ပိုပြီး အဆင့်မြင့်သည်။ ကိုယ့်အထက်က လူကို သူငယ်ချင်းလို သဘောထားပြီး တန်းတူ ဆက်ဆံတတ်သည့် ဝါသနာမျိုးဟု ခေါ်ရမည် ထင်ပါသည်။ တစ်ခါက သူတို့ကျောင်းကို လက်ထောက် တိုင်းပညာရေးမှူး တစ်ဦး လာရောက် စစ်ဆေးသည်။ ထို ပညာရေးမှူးက ကိုငြိမ်းမောင်နှင့် ကျောင်းနေဖက်ဟု ဆို၏။ အမည်က ဦးလှမြင့် ဖြစ်သည်။ ထို ပညာရေးမှူးကို ကျောင်းအုပ် ဆရာကြီးနှင့် တကွ ဆရာ၊ ဆရာမ အားလုံးက လေးစားစွာ စောင့်ကြိုနေကြစဉ် ကိုငြိမ်းမောင်က ဖောက်လာတော့သည်။ အခန်းထဲ ဝင်လာသည့် ပညာရေးမှူးကို 'ဟော့... သူငယ်ချင်း လှမြင့်ပါလားကွ၊ မင်း လာမယ် ကြားလို့ တို့ ကြိုနေကြတာ၊ ဝမ်းသာသကွာ' ဟု ပြောရင်း လည်ပင်း သွားဖက်တော့သည်။ ပညာရေးမှူးမှာ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ပြီးမှ ဣန္ဒြေပြန်ဆည်ပြီး အလိုက်သင့် စကားပြန်ပြောသည်။ ကျောင်းအုပ် ဆရာကြီးရော ဆရာ၊ ဆရာမများပါ ကိုငြိမ်းမောင်ကို မျက်စောင်းခဲကြသည်။ သူကတော့ မမှု။

ကျောင်းအုပ်ဆရာကြီးက ကျောင်းကိစ္စကို လေးစားစွာ အစီရင်ခံနေသည့်ကြားထဲက အတင်းဝင်ပြီး ကျောင်းနေတုန်းက အကြောင်း

များ ပြောကာ တဟားဟား ရယ်နေသေးတော့သည်။ 'ဒီဆရာနှယ်တော်၊ ကိုယ့်နေရာကိုယ် မသိလိုက်တာ' ဟူ၍ ဆရာမ တစ်ယောက်က မကျေမနပ် ပြောသည်ဟု ဆိုပါသည်။

ကိုငြိမ်းမောင်ကတော့ မဖြုံပါ။ ကျောင်းအုပ်ဆရာကြီးကို ဆရာ၊ ဆရာမ အားလုံးက "ဆရာကြီး" ဟုပင် လေးလေးစားစား ခေါ်သော်လည်း သူက "ဆရာ ဦးလှဝေ" ဟု နာမည်ထည့်ခေါ်သည်။ ကွယ်ရာမှာ စကားပြောလျှင် "ဦး" ပင် မထည့်။ ဆရာလှဝေက ဘယ်သို့ ညာသို့ စသည်ဖြင့် ပြောသည်။ 'ရန်ကုန် ရောက်ရင် ညွှန်ကြားရေးမှူး ကိုလှိုင်နဲ့ တွေ့ရဦးမယ်၊ ပါမောက္ခ ကိုဟန်စိန်ဆီလည်း ဝင်စရာ ရှိသေးတယ်' စသည့် ပြောပုံ ဆိုပုံမျိုးကို ကိုငြိမ်းမောင်ထံမှ အမြဲပင် ကြားရတတ်ပါသည်။

ကိုငြိမ်းမောင်၏ အမူအကျင့်မျိုးနှင့် ပတ်သက်၍ 'ကိုယ်က နိမ့်နေတော့ မြင့်တယ် ထင်ရအောင် မြင့်တဲ့သူကို လည်ပင်း လှမ်းဖက်တာပဲပေါ့ကွာ' ဟု ဆရာကြီး တစ်ယောက်က မှတ်ချက်ချဖူးပါသည်။

ကျွန်တော်သည် သူတို့ သုံးယောက် အကြောင်းကို တွေးနေမိရာမှ ဖတ်လက်စ မဟော်သဓာ ဇာတ်တော်ကြီး ဝတ္ထုမှ စူဠနီဗြဟ္မဒတ်မင်းကြီး၏ ပြောကြားချက်ကို ပြန်ဖတ်မိပြန်ပါသည်။

ဓနုသေခသည် အရှင်မ ဆိုတိုင်းပင် အကျွန်ုပ်အား ကျေးဇူးကြီးသည် မှန်ပေ၏။ ယင်းသို့ မှန်သော်လည်း ကျေးဇူးမဲ့ကို ပြုသောအရာလည်း အလွန်များခဲ့၏။ အထက်က အကျွန်ုပ် ဆင်းရဲသောအခါ ဤဓနုသေခနှင့် ထမင်းတစ်ခွက်တည်း စားခြင်း၊ အတူ တစ်နေရာတည်း နေခြင်းတို့ကို ပြုလျက် အကျွမ်းတဝင် အချင်းချင်း လက်ဖြင့် တို့ဆိတ်ကျီစယ် ရယ်ရွှင်မြူးထူးခြင်းကို ပြုကြ၏။ ထို ဆင်းရဲသောအခါက ပြုသည့်အတိုင်းသာလျှင် မင်း ဖြစ်ပေသည် ဟူ၍မျှ ထောက်ထား ဆင်ခြင်

ခြင်း မရှိ။ မှူးမတ်များစွာ အခြံအရံနှင့်နေသော အကျွန်ုပ်အား ပြင်းစွာ ရယ်ရွှင်ခြင်း၊ ပြက်ရယ် ပြောဆိုခြင်းကို ပြုဘိ၏။ အကျွန်ုပ်သည် ကျက်သရေတိုက်၌ နန္ဒီဒေဝီ မိဖုရားကြီးနှင့် နှစ်ယောက်ထဲ တံခါးပိတ်လျက် နေလျှင်လည်း ဓနုသေခသည် အကျွန်ုပ် မမြင်အောင် ကွယ်ရာက အမှတ်မထင်လာလျက် ငါ တံခါးကို ရသောသူတကား ဟူ၍သာလျှင် တံခါးကို ဖွင့်၍ အဆောတလျင် ဝင်လာဘိ၏။ အကျွန်ုပ်အား ရိုသေခန့်ညားခြင်း၊ ရှက်ကြောက်ခြင်း တစ်စုံတစ်ရာ မရှိ။ ထိုသို့သော အပြစ်ကြောင့် ရေစောင့်ဘီလူးအား ပေးမည် ဆိုပေသည်ဟု ဆို၏။

ကျွန်တော့် မျက်စိထဲတွင် ဘကြီးအုန်းရွှေနှင့် ဟားတိုက်နေသော ရွာသားများ၊ ဦးလေး ဦးဖိုးလူနှင့် ကသိကအောက် ဖြစ်နေသော တာဝန်ရှိ လူကြီးများ၊ ဆရာ ကိုငြိမ်းမောင်နှင့် မျက်နှာ ကွက်ခနဲ ပျက်သွားသော ပညာရေးမှူးတို့၏ ရုပ်သွင်များသည် အတွဲလိုက် ပေါ်လာပြန်၊ လုံးထွေးမှုန်ဝါးသွားပြန် ဖြစ်နေပါသည်။ ထိုမှတစ်ဖန် စားတော်ကဲသား ဓနုသေခနှင့် စူဠနီဗြဟ္မဒတ် မင်းကြီးတို့၏ ရုပ်သွင်များသည်လည်း ကွက်ခနဲ ပေါ်လာပြန်ပါသည်။

ကျွန်တော့် မျက်စိထဲက စူဠနီဗြဟ္မဒတ်မင်းကြီး၏ မျက်နှာသည် မှုန်မှိုင်းတင်းမာလျက် ရှိနေပါသည်။

ဖဲထီးအနက်ကြီးနှင့် ပိုးထီးလှလှ

ကဗျာနှင့် စကားပြေတို့ ခြားနားပုံကို ပညာရှင်များ နှိုင်းယှဉ် မိန့်ဆိုခဲ့ကြဖူးပါသည်။ ထိုပညာရှင်များတွင် ဆရာကြီး ဦးဖေမောင်တင်လည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်။ ဆရာကြီးက ကဗျာလင်္ကာသည် မိန်းမများ အဆင်တန်ဆာ ဆင်ယင်သည်နှင့် တူ၍ အလှကြည့်ရန် သင့်လျော်ကြောင်း၊ စကားပြေမှာမူ အလုပ်လုပ်သော ယောကျ်ားနှင့် တူ၍ ကျန်းမာတောင့်တင်း သန်စွမ်းရန် လိုအပ်ကြောင်း နှိုင်းယှဉ် မိန့်ဆိုဖူးသည်ကို မှတ်သားရပါသည်။ ဆရာကြီး၏ အဆိုအမိန့်ထဲတွင် ကဗျာနှင့် စကားပြေတို့၏ ခြားနားချက် တစ်ခု ပါဝင်နေသည်ကို တွေ့နိုင်ပါသည်။ အခြားမဟုတ်ပါ။ 'ကဗျာက စကားပြေထက် ပို၍ လှပသည်' ဟူသော အချက်ဖြစ်ပါသည်။

မှန်ပါသည်။ 'စကားပြေကား လူ နားလည်အောင် ရေးရသည်။ ကဗျာကား လူခံစားအောင် ရေးရသည်' ဟူသော ဆရာဒဂုန်တာရာ၏ အဆိုအမိန့်နှင့်အညီ စာဖတ်သူ၏ စိတ်ထဲမှာ ညွတ်နူး ခံစားသွားရအောင် ရေးဖွဲ့ရသော ကဗျာက အဓိပ္ပာယ် နားလည်အောင် ရှင်းရှင်းရေးရသော

စကားပြေထက် ပို၍ လှပဖို့၊ ပို၍ နှစ်သက် ညွှတ်နူးဖွယ်ဖြစ်ဖို့ လိုအပ်သည်မှာ သဘာဝပင် ဖြစ်ပါသည်။ ကဗျာသည် ရသစာပေ ဖြစ်သည်။ စာဖတ်သူ၏ စိတ်တွင် နှစ်သက်မှု အရသာပေါ်လာအောင် ရေးဖွဲ့ရသော စာပေ ဖြစ်သည်။ ထို့ကြောင့် ကဗျာဆရာ၏ အတွေးအမြင်ကို စကားတန်ဆာ၊ အနက်တန်ဆာတို့ဖြင့် တန်ဆာဆင်ရသည်။ အသံကာရန်တို့ဖြင့် ပုံဖော်ရသည်။ နိမိတ်ပုံများ၊ သင်္ကေတများဖြင့် ဖွဲ့ယှက်ရသည်။ ဤသို့ဖြင့် ကဗျာတွင် စာဖတ်သူ စိတ်ညွှတ်နူးဖွယ် အလှအပများ မပါမဖြစ် ပါဝင်မြဲ ဖြစ်သည်။

စကားပြေကတော့ ထိုသို့ မဟုတ်။ စာဖတ်သူ ခံစားဖို့ထက် နားလည်ဖို့ကို ပို၍ အားပြုရသည့် စကားပြေ၏ သဘာဝအရ လှပဖို့ထက် ရှင်းလင်းဖို့က ပို၍ ပဓာနကျနေသည်။ စကားပြေက ကဗျာလောက် လှပစရာ မလိုသည်မှာ သဘာဝပင် ဖြစ်သည်။ ကဗျာမှန်လျှင် ရသစာပေချည်း ဖြစ်သော်လည်း စကားပြေ အားလုံးက ရသစာပေချည်း မဟုတ်။ ဝတ္ထုလို၊ ပြဇာတ်လို စကားပြေက ရသစာပေ ဖြစ်သော်လည်း ပညာပေး စကားပြေများက ရသစာပေ မဟုတ်။ ထို့ကြောင့် စာဖတ်သူအဖို့ ကဗျာအားလုံးက စိတ်ညွှတ်နူးဖွယ် ဖြစ်သော်လည်း စကားပြေ အချို့သာလျှင် စာဖတ်သူကို စိတ်ညွှတ်နူးဖွယ် ရသများ ပေးစွမ်းနိုင်ပါသည်။

ကျောင်းသား၊ ကျောင်းသူများကို ပြဋ္ဌာန်းချက်နှင့်အညီ ကဗျာများ၊ စကားပြေများ သင်ကြား ပို့ချပေးသည့် အလုပ်ကို လုပ်နေရသော ကျွန်တော်သည်လည်း ကဗျာ သင်ကြားပို့ချရသည့် အနေအထားနှင့် စကားပြေ သင်ကြားပို့ချရသည့် အနေအထား ကွာခြားပုံကို နှိုင်းယှဉ် သတိပြုမိပါသည်။

ကျွန်တော်သည် မြန်မာစာ သင်ကြားပို့ချရသော ကျောင်းဆရာ

တစ်ယောက် ဖြစ်သည်နှင့်အညီ တပည့်များကို ကဗျာ သင်ကြားရသည့် အခါလည်း ရှိသည်။ စကားပြေ သင်ကြားရသည့် အခါလည်း ရှိသည်။ ထို့ကြောင့် ကဗျာသင်သည့် ဆရာဘဝကိုလည်း ကိုယ်တွေ့ ကြုံရဖူး သည်။ စကားပြေ သင်သည့် ဆရာဘဝကိုလည်း ကိုယ်တွေ့ ကြုံရဖူး သည်။ ထိုဘဝ နှစ်ခုကို နှိုင်းယှဉ် သတိပြုမိရာမှ အတွေးမျှင်တန်းစရာများ ပေါ်လာရပါသည်။

ရှေ့တွင် တင်ပြခဲ့သည့်အတိုင်း ကဗျာက စကားပြေထက် ပို၍ လှလှပပ ရှိသည်။ ကဗျာက စကားပြေထက် အလှကွက်ကလေးတွေ ပိုများသည်။ အသံကလေးများ၊ ကာရန်ကလေးများက ကျောင်းသား၏ အာရုံကို ဆွဲဆောင်နိုင်စွမ်း ရှိသည်။ ကဗျာဆရာက စိတ်ကူးဉာဏ် ကွန့်မြူး ကာ ဖန်တီး ရေးဖွဲ့ထားသော အလင်္ကာ အဖွဲ့အနွဲ့များကလည်း နှစ်သက် ဖွယ် ကောင်းသည်။ အချုပ်ဆိုရလျှင် ကျောင်းသားများ စိတ်အာရုံ ညွတ်နူး လောက်သည့် အလှကွက်တွေ ကဗျာမှာ တော်တော်များများ ပါဝင်နေ သည်။ ထို့ကြောင့် ကဗျာသင်သော ဆရာက ထို အလှကွက်ကလေးတွေကို ဖော်ထုတ် ရှင်းပြရင်း ကျောင်းသားကို စိတ်ဝင်စားလာအောင် အလွယ် တကူ ဆွဲဆောင်နိုင်သည်။ လက်ဝဲသုန္ဒရ အမတ်ကြီး၏ "မဲဇာတောင်ခြေ ရတု"ကို သင်ကြားမည် ဆိုပါစို့။ ဆရာက ဘာမှ ရှင်းမပြသေးဘဲ 'မဲဇာ တောင်ခြေ၊ စီးတွေတွေတည့်၊ မြစ်ရေဝန်းလည်၊ မြိုင်တောစည်က၊ ရွှေပြည်ကိုသာ' ဟူ၍ ဌာန်ကရိုဏ်းကျကျ ဖတ်ပြလိုက်ရုံနှင့်ပင် ကျောင်းသား က မျက်စိကျယ်သွားမည် ဖြစ်ပါသည်။ ထိုထက် တစ်ဆင့်တက်၍ ဆရာ က အသံနေ အသံထားနှင့် ဆိုတတ်သည့်အတွက် ဇာတ်မင်းသားကြီး ရွှေမန်းဦးတင်မောင်၏ အဆွဲအငင်များဖြင့် 'မဲဇာတောင်ခြေ၊ စီးတွေတွေ တည့်' ဟု "ဟဲ" လိုက်မည် ဆိုလျှင်ကား အထူးပြောစရာ မလိုတော့ပါပြီ။

ကဗျာကို တစ်လုံးမှ ရှင်းမပြရသေးမီကပင် ကျောင်းသားက ဆရာကိုရော ကဗျာကိုပါ သဘောကျသွားမှာ သေချာပါသည်။ ဘာမှ မသင်ရသေးမီကပင် အသင်အပြကောင်းသော ဆရာအဖြစ် လက်ခံသွားပါလိမ့်မည်။ စိတ်ဝင်စားစရာကောင်းသော ကဗျာအဖြစ် လက်ခံသွားပါလိမ့်မည်။ ကဗျာနှင့် နီးနွယ်နေသော နောက်ခံအကြောင်းကလေးများ ကလည်း စိတ်ဝင်စားစရာ ကောင်းတတ်ပါသည်။ "မဲဇာတောင်ခြေ" ၏ နောက်ခံအဖြစ် လက်ဝဲသုန္ဒရ အမတ်ကြီးကို ဘုရင်က အမျက်တော်ထား၍ မဲဇာသို့ ပို့သည့်ဖြစ်ရပ်ကို ဆရာက ရှင်းပြလိုက်ရုံနှင့် ကျောင်းသားက အမတ်ကြီးကို သနားသွားပါလိမ့်မည်။ အမတ်ကြီး၏ ဘဝနှင့် ဆက်စပ်ပြီး "မဲဇာတောင်ခြေ" ကို ပို၍ စိတ်ဝင်စားသွားပါလိမ့်မည်။

ကဗျာက တစ်ပန်းသာနေသော အချက် တစ်ချက် ရှိပါသေးသည်။ ကျောင်းသားက ကဗျာကို ဖတ်ပြီး အလွယ်တကူ နားမလည်နိုင်ခြင်းပင် ဖြစ်ပါသည်။ ကိုယ့်ဘာသာ ဖတ်၍ နားမလည်နိုင်သော စာမျိုး ဖြစ်သည့်အတွက် ဆရာ သင်သည်ကို ပို၍ အာရုံစိုက်ရသည်။ နားလည်အောင် နားထောင်ရသည်။ ဆရာက "တွေတွေ" ဟူသော စကား၊ "မြိုင်တောစည်" ဟူသော စကား၊ "မိုးရှိရှိ" ဟူသော စကား၊ "ပိတ်ဆီးခြယ်သန်း" ဟူသော စကား စသည် စသည်ဖြင့် မဲဇာတောင်ခြေ ရတုမှ ကျောင်းသား နားမလည်သော စကားများကို ရှင်းလင်းဖွင့်ဆိုကာ ကဗျာ့အဓိပ္ပာယ်ကို ရှင်းပြရုံနှင့်ပင် ကျောင်းသားအဖို့ ကျေနပ်စရာ ကောင်းနေပါပြီ။ မိမိ နားမလည်သည်ကို နားလည်အောင် ရှင်းလင်း သင်ပြသော ဆရာကိုလည်း အားကိုးလေးစားသည့် စိတ်များ ပေါ်ပေါက်နေမည်သာ ဖြစ်ပါသည်။

စကားပြေ သင်သည့် ဆရာကမူ ကဗျာသင်သည့် ဆရာ ရထားသည့် အခွင့်အရေးမျိုး မရသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ကဗျာမှာ

တွေ့ရသော စိတ်ညွတ်နူးစရာ အလှကွက်မျိုးတွေကို စကားပြေမှာ မြင်သာသည် မဟုတ်။ အများ ဖတ်၍ နားလည်အောင် ရေးရသောစာမျိုးဖြစ်သည့်အတွက် ဖွဲ့ရိုးဖွဲ့စဉ် ဝါကျဖွဲ့ထုံးအတိုင်း ရိုးရိုးရှင်းရှင်း ဖွဲ့ထားသော စကားပြေက ကျောင်းသားအဖို့ ကဗျာလောက် စိတ်ဝင်စားစရာ မကောင်းလှ။ ကျောင်းသားကို စိတ်ညွတ်နူးသွားအောင် ဆွဲဆောင်နိုင်သည့် အကွက်မျိုး ကဗျာမှာလောက် များများစားစား မရှိလှ။ ထို့ထက်ဆိုးသည်က စကားပြေ အတော်များများမှာ ကျောင်းသားက သူ့ဘာသာသူ ဖတ်ပြီး အဓိပ္ပာယ် နားလည်နိုင်သည့်စာများ ဖြစ်နေခြင်းပင် ဖြစ်သည်။ သည်တော့ သူ့ဘာသာသူ ဖတ်ပြီး နားလည်နိုင်သော စာမျိုးကို ဆရာက ဘာတွေ ထပ်ပြီး ရှင်းပြရပါမည်နည်း။ ဆိုပါစို့၊ "လွန်လေပြီးသောအခါဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကုန်သည်မျိုး၌ ဖြစ်၍ ရွာ၌နေ၏။" အစရှိသော စကားပြေ သင်ခန်းစာကို ဆရာက သင်မည်ဆိုလျှင် ဘာကို သင်မည်နည်း။ "မဲဇာတောင်ခြေ" လို သံနေသံထားနှင့် ဆိုပြ၍လည်း မရ။ အဓိပ္ပာယ် ရှင်းပြဖို့ကလည်း ကျောင်းသား နားမလည်သော စကားလုံး တစ်လုံးမှ မပါ။ ကျောင်းသားက ဆရာ မသင်ရသေးမီကပင် သူက နားလည်နေသည့်အတွက် ဆရာကိုရော စာကိုပါ စိတ်ဝင်စားမှု လျော့ပါးနေပေပြီ။ ထို့ကြောင့်လည်း 'စကားပြေဆိုတာ ကိုယ့်ဘာသာ ဖတ်လို့ နားလည်နေတာပဲ၊ အထူးအထွေ သင်စရာ မလိုပါဘူး' ဟု အချို့က သဘောထားကြခြင်း ဖြစ်သည်။ ဤမျှနှင့်ပင် စကားပြေ သင်သောဆရာ တစ်ပန်းရှုံးနေပါပြီ။

ကဗျာဆိုသော စာပေအဖွဲ့မျိုးက မြင်သာသော အလှကွက်များ ထင်ရှားသည့် စာပေအဖွဲ့မျိုး ဖြစ်သည်။ ထို့ကြောင့် ကဗျာသင်သော ဆရာသည် (အထူးအထွေ ကြိုးပမ်း အားထုတ်မှု မပြုလိုလျှင်လည်း)

ကဗျာ၏ ထိုအလှကွက်ကလေးများ နောက်က မေးလိုက်ပြီး ရှင်းလင်း ဖွင့်ဆိုရုံနှင့်ပင် "အလုပ်" ဖြစ်ပါသည်။ ဤသို့ သူ့ဘာသာသူ လှနေသော စာနောက်က အသာကလေး မေးပြီး လိုက်သည်ကို "စာရိပ်ခိုသည်" ဟု ကျွန်တော့် ဆရာတစ်ဦးက သုံးဖူးပါသည်။ ထို့ကြောင့် ထိုစကားကို တစ်နည်းဆိုရလျှင် ကဗျာသင်သော ဆရာသည် သူ့ဘာသာသူ လှနေ သော ကဗျာများကို သင်ကြားရာ၌ ကိုယ်က အထူးအထွေ အားမထုတ် လိုလျှင်လည်း ထိုကဗျာတို့၏ "စာရိပ်ခို" ပြီး အသာကလေး မေးလိုက် သွားရုံနှင့် ကိစ္စပြီးပါသည်။ ဆရာလုပ်သူက ထိုသို့ စာရိပ်ခိုပြီး မလိုက်ဘဲ အထူးအားထုတ်ပြီး ကဗျာ့အရည်အသွေး ပေါ်လာအောင် ကဗျာ၏ ကောင်း ကွက် လှကွက်များကို ကဗျာဆိုင်ရာ သဘောတရား နည်းနာများဖြင့် ပညာရပ်ဆန်ဆန် စနစ်တကျ ဖော်ထုတ် သင်ကြားပို့ချမည်ဆိုလျှင်ကား အတိုင်းထက်အလွန် ဖြစ်ပါသည်။ မူလကပင် သူ့ဘာသာသူ လှနေသော ကဗျာသည် သင်ကြားပို့ချသော ဆရာ၏ ပညာစွမ်းကြောင့် ပို၍ လှသွား ပြီး ကျောင်းသား၏ စိတ်အာရုံမှာ ပို၍ စွဲငြိသွားမည် ဖြစ်ပါသည်။

စကားပြေကတော့ ကဗျာလောက် အလှကွက်များ မထင်ရှား ပါ။ ဝတ္ထုလို၊ ပြဇာတ်လို စကားပြေမျိုးက ရသစာပေ ဖြစ်သည့်အငွေ့ကြောင့် ကျောင်းသား၏ အာရုံကို ဆွဲဆောင်နိုင်သည့် ဇာတ်လမ်းတွေ၊ ဇာတ်ဆောင် တွေ ပါတန်သလောက် ပါသေးသည်။ ပညာပေး စကားပြေတွေကျ တော့ ဇာတ်လမ်းဇာတ်ဆောင် မပါဘဲ သိစရာ မှတ်စရာ အချက်အလက် တွေသာ ပါသည့်အတွက် ကျောင်းသားအဖို့ ပျင်းစရာကြီး ဖြစ်နေတတ် ပါသည်။ စကားပြေထဲက ဝါကျဖွဲ့ပုံတွေက နေ့စဉ် ဖတ်နေကျ ဝါကျ မျိုးတွေ ဖြစ်သည့်အတွက် ကဗျာထဲက ချိုသာပြေပြစ်သော ကာရန်တွေ၊ အသံတွေလောက် ဆွဲဆောင်အား မကောင်းသည်မှာလည်း အမှန်ပင်

ဖြစ်သည်။ သည်တော့ စကားပြေသင်သည့် ဆရာက စကားပြေ နောက်
က မေးလိုက်၍ မရ။ စာရိပ်ခိုပြီး မှျောလိုက်၍ မရ။ မျှောလိုက်လျှ
သင်စရာ မလိုဘဲ နားလည်နိုင်သော စာမျိုးကို သင်နေသော ဆရာအဖြ
ကျောင်းသားက သဘောထားမည် အမှန်ပင်။

ဤပြဿနာကို လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကပင် စာပေ
ပညာရှင်ကြီး တစ်ဦးက ဂရုပြုမိသည့်အတွက် ဖော်ထုတ် မိန့်ကြားဖူးပ
သည်။ ထို ပညာရှင်ကြီးကား ဆရာကြီး ဦးဖေမောင်တင် ဖြစ်ပါသည်

ဆရာကြီးသည် ၁၉၃၅ ခုနှစ်တွင် "အထက်တန်း မြန်မာစကားပြေ
ကောက်နုတ်ချက်များ" ဟူသော စာအုပ်တစ်အုပ်ကို ပုံနှိပ် ထုတ်ဝေခဲ့ပါ
သည်။ ထို စာအုပ်နိဒါန်းတွင် ဆရာကြီးက ဤသို့ မိန့်ဆိုထားပါသည်

> မြန်မာလူမျိုးတို့ကား ကဗျာနှင့် စကားပြေ နှစ်ခုအနက် ကဗျာ
> ကို အထူးနှစ်သက်ဟန် ရှိသည်။ အထူးလည်း လေ့လာ လိုက်စား
> ကြ၏။ စကားပြေကိုကား ဝတ္ထုအကြောင်းအရာအတွက်မှ တစ်ပါး
> စကားသုံးနှုန်းပုံ၊ ဝါကျ စီစဉ်ပုံ၊ ဝတ္ထုအကြောင်း ဆင်ယင်ပုံတို့ကို
> လေ့လာ မှတ်သားဖို့ရန် ဂရုမပြုသယောင် ရှိလေသည်။ ဤသည်ကား
> စာပေအတွက် ချို့ယွင်းချက်ကြီးတစ်ခု ဖြစ်တော့၏။

ဆရာကြီး မိန့်ဆိုသည့်အတိုင်းပင် ကဗျာကို စကားပြေထက်
ပို၍ အလေးထား နှစ်သက်တတ်သော မြန်မာ့စရိုက်ကလည်း ကဗျာ
သင်သော ဆရာနှင့် စကားပြေ သင်သော ဆရာတို့၏ အနေအထားကို
ခြားနားအောင် ဖန်တီးနေသကဲ့သို့ ရှိပါသည်။

ကျွန်တော်သည် ဤပြဿနာနှင့် ပတ်သက်၍ အတွေးမျှင်တန်း
မိရင်း ဥပမာတစ်ခုကို ဖျတ်ခနဲ တွေးမိပါသည်။

ကဗျာသင်သော ဆရာကား ပိုးထီးလှလှကလေးကို ဆောင်းထား

သည့် မိန်းမပျိုကလေးနှင့် တူပေစွ။ ပိုးထီးကလေးကား မူလကပင် လှနေသည့်အတွက် ပိုးထီးကလေး၏ အရိပ်ကို ခိုနေသော မိန်းမပျိုကလေး မှာလည်း ပိုးထီးကလေး၏ အလှရှိန် ဟပ်နေပါလိမ့်မည်။ မိန်းမပျိုကလေး က သိပ်မလှလျှင်လည်း ကိစ္စမရှိပါ။ ပိုးထီးအရှိန်ကြောင့် ပိုလှလာသလို ထင်ရပါလိမ့်မည်။ မိန်းမပျိုကလေးက ချောချောလှလှကလေး ဖြစ်နေ လျှင်ကား အထူးပြောဖွယ် မရှိတော့ပါ။ နဂိုက လှနေသော မိန်းမပျိုမှာ ပိုးထီးလှလှကလေး၏ အရှိန်ဟပ်ပြီး ပို၍ လှနေပါလိမ့်မည်။

စကားပြေ သင်သော ဆရာကား ဖဲထီးအနက်ကြီး ဆောင်းထား သည့် ယောကျာ်းပျိုနှင့် တူပေစွ။ ဖဲထီးအနက်ကြီးမှာ ပိုးထီးကလေးလို မလှသည့်အတွက် ဖဲထီးဆောင်းထားသော ယောကျာ်းပျိုမှာ ဖဲထီးကြောင့် အရောင်အသွေး ပိုထွက်လာနိုင်စရာအကြောင်း မရှိပါ။ သူ့ အရောင် အသွေး ထင်ရှားဖို့ ဖဲထီးကြီးကို အားကိုး၍ မရနိုင်ပါ။ ပင်ကို အလှ၊ ပင်ကို အရောင်အသွေး ရှိမှသာလျှင် ပေါ်လွင်ပါလိမ့်မည်။

"ပိုးထီးလှလှ" နှင့် တူသော ကဗျာ၏ အရိပ်ကို ခိုရသော အနေအထားနှင့် "ဖဲထီးအနက်ကြီး" နှင့် တူသော စကားပြေ၏ အရိပ် ကို ခိုရသော အနေအထားသည် အလွန် ခြားနားပါသည်။ သင်ကြားရေး ရှုထောင့်က ကြည့်လျှင် ကျောင်းသား နားမလည်သေးသော ကဗျာကို သင်ရခြင်းထက် ကျောင်းသား နားလည်ပြီးသားဖြစ်သော စကားပြေကို သင်ရခြင်းက ပို၍ ခက်ပါသည်။ ဆရာကြီး ဦးဖေမောင်တင် အမိန့် ရှိသည့်အတိုင်း စကားပြေတစ်ပုဒ်၏ "စကားသုံးနှုန်းပုံ၊ ဝါကျစီစဉ်ပုံ၊ ဝတ္ထုကြောင်း ဆင်ယင်ပုံ" ဟူသော လက္ခဏာများကို ဆရာက မြင်သာ အောင် ဖော်ထုတ်ပြပြီး ကျောင်းသားများ မှတ်သား နည်းယူဖွယ် ဖြစ် အောင် သင်ကြားပေးနိုင်ဖို့ လိုပါလိမ့်မည်။ စကားပြေ တစ်ပုဒ်သည်

အချက်အလက် အစီအစဉ် ကောင်းမွန်မှု၊ စကားအသုံးအနှုန်း ကောင်းမွန်မှုတို့ကြောင့် မည်သို့ နှစ်သက်ဖွယ် ဖြစ်ရကြောင်း ကျောင်းသားများ မြင်လာအောင် သင်ကြားပေးနိုင်ဖို့ လိုပါလိမ့်မည်။ ကဗျာလောက် မမြင်သာသော စကားပြေ၏ အလှကို မြင်သာအောင် ဖော်ထုတ်ပြနိုင်ဖို့အတွက် စကားပြေ သင်သော ဆရာတွင် ကိုယ်ခံ အရည်အချင်းများစွာ လိုအပ်ပါသည်။ စကားပြေဆိုင်ရာ သဘောတရား နည်းနာများကို ကျွမ်းကျင်ထားဖို့ လိုအပ်ပါသည်။

ပိုးထီးကလေး၏ အလှကို ရိုးရိုးမျက်စိနှင့် ကြည့်လျှင်လည်း အလွယ်တကူ မြင်သာပါသည်။ ပညာမျက်စိဖြင့် ကြည့်လျှင်ကား ပို၍ မြင်သာပါသည်။

ဖဲထီးအနက်ကြီး၏ အလှကိုကား ရိုးရိုးမျက်စိဖြင့် ကြည့်၍ မမြင်သာပါ။ ပညာမျက်စိဖြင့် ကြည့်မှ မြင်သာပါလိမ့်မည်။

ဤကား ကဗျာ သင်ကြားသော ဆရာအဖြစ် လည်းကောင်း၊ စကားပြေ သင်ကြားသော ဆရာအဖြစ် လည်းကောင်း ကျင်လည် လှုပ်ရှားရင်း ကျွန်တော် အတွေးမျှင် တန်းမိသော အချက်များပင် ဖြစ်ပါသည်။

ချစ်စရာ ပုံနှိပ်စာလုံးကလေးများ

ပုံနှိပ်စာလုံးကလေးများကို ကျွန်တော် ချစ်ပါသည်။ ကျွန်တော် ချစ်သော ပုံနှိပ်စာလုံးကလေးများကား အခြားမဟုတ်ပါ။ ကျွန်တော် လက်ရေးနှင့် ရေးထားသော စာမူကို အသွင်ပြောင်းပြီး ပုံနှိပ်ထားသော စာလုံးကလေး များပင် ဖြစ်ပါသည်။

ကိုယ့်စာမူကို ပုံနှိပ်ထားသည့် စာလုံးကလေးတွေကို ချစ်မိပါသည် ဆိုတော့ အတ္တ သိပ်ဆန်နေပြီလား မသိပါ။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ရာ ရောက်နေပြီလား မသိပါ။ အတ္တဆန်ကာမှ ဆန်ပါစေတော့။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ကာမှ ချဉ်ပါစေတော့။ ကိုယ့်စာမူကို ပြန်ရိုက်ထားသည့် ပုံနှိပ်စာလုံးကလေးတွေကိုဖြင့် မချစ်ဘဲ မနေနိုင်။ ရင်ထဲမှာ သိမ့်ခနဲ သိမ့်ခနဲ လှုပ်ခါသွားလောက်အောင်ပင် ချစ်နေမိပါသည်။

ပထမဆုံး စချစ်ရသည့် အချစ်က ကျွန်တော် (၁၇) နှစ်သား အရွယ်၊ အလယ်တန်း ကျောင်းသား ဘဝတွင် ဖြစ်သည်။ စောစောတုန်းကတော့ "စာရူး ပေရူး ကလေးတွေ" ဟု လူကြီးတွေက ဘွဲ့ပေးထားကြသော ကျွန်တော်တို့ သူငယ်ချင်းတစ်စု လက်ရေး စာစောင်ကလေးတွေ

ထုတ်ကြသည်။ ဝါသနာတူ သူငယ်ချင်းတွေ တိုင်ပင်ပြီး ပထမဆုံး စာမူတွေ ရေးကြသည်။ ဝတ္ထု ရေးသူက ရေး၊ ဆောင်းပါး ရေးသူက ရေး၊ ကဗျာဖွဲ့သူက ဖွဲ့နှင့် စာမူတွေ စုမိသောအခါ ဝိုင်းဖွဲ့ပြီး သူ့စာ ကိုယ်ဖတ်၊ ကိုယ့်စာ သူ ဖတ် လုပ်ကြသည်။ မွမ်းမံသင့်သည်ကို မွမ်းမံကြသည်။ စိတ်တိုင်းကျပြီဆိုသောအခါ လက်ရေးလှသည့် သူငယ်ချင်း တစ်ယောက်က မျဉ်းကြောင်း မပါသော ဗလာ စာအုပ်ထဲမှာ စိတ်ရှည်လက်ရှည် ပြန်ကူးသည်။ ပန်းချီ ဝါသနာပါသော သူငယ်ချင်းက စာမူထိပ်မှာ သရုပ်ဖော် ပုံတွေ၊ ခေါင်းစီးစာလုံးတွေ ရေးဆွဲသည်။ ပြီးတော့ မျက်နှာဖုံးလှလှလေး ဆွဲပြီး "ပွင့်သစ်စ၊ ပွင့်သစ်ဦး" စသည့် အမည်များပေးကာ စာစောင်ကလေး တစ်စောင်ပြီး တစ်စောင် ဖန်တီးလိုက်ကြသည်။ ထိုစာစောင်လေးများကို တစ်လက်မှ တစ်လက် ပြောင်းကာ လှည့်ဖတ်ကြရင်း မတောက်တခေါက် ကလောင်သွေးထားသော ကိုယ့် လက်ရာကလေးတွေကို ကြည်ကြည်နူးနူး အရသာ ခံမိကြပါသည်။ ပြီးတော့ "အဆင့်မီသည်" ဟု ကိုယ့်ဟာကိုယ် အကဲဖြတ်ထားသည့် စာမူကလေးများကို မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်များသို့ စမ်းပြီး ပို့ကြည့်ကြသည်။ ဤတွင် ချစ်စရာ ပုံနှိပ်စာလုံးကလေးများနှင့် ဆုံစည်းဖို့ အခွင့်ကြုံလာရခြင်း ဖြစ်ပါသည်။

ထိုစဉ် "ဗမာဒိုင်ဂျက်" ခေါ် ပြားငါးဆယ်တန် စာစောင်ကလေး တစ်ခု ထွက်လာပါသည်။ ဆောင်းပါးတိုကလေးတွေ၊ ဝတ္ထုတိုကလေးတွေ ဝေဝေဆာဆာ ပါဝင်သည်။ ကျွန်တော်က ထိုစာစောင်ကို စိတ်ဝင်စားမိသည်။ "ရှုမဝ" "သွေးသောက်" တို့လို မဂ္ဂဇင်းကြီးတွေကျတော့ စာမူပို့ဖို့ လက်မရဲသေးပါ။ ထို စာစောင်ကလေးတွေကျတော့ လက်လှမ်းမီနိုင်သည်ဟု ကိုယ့်ကိုယ်ကို အားပေးကာ ဆောင်းပါးတိုကလေး တစ်ပုဒ်

ကြိုးကြိုးစားစား ရေးပြီး စမ်းပို့ကြည့်သည်။ ဆောင်းပါးနာမည် က "တီထွင်မှုများ"၊ မော်တော်ကား တီထွင်မှု၊ လျှပ်စစ်မီးလုံး တီထွင်မှု၊ တယ်လီဖုန်း တီထွင်မှု စသည့် တီထွင်မှုများကို ဟိုမှ သည်မှ ဖတ်ရှုစုဆောင်းပြီး ပြန်ရေးထားသော စုပေါင်းစပ်ပေါင်း ဆောင်းပါးကလေး ဖြစ်သည်။ သိပ်မကြာပါ။ စာစောင်ထွက်တော့ ကျွန်တော့် ဆောင်းပါး ပါလာသည်။ သို့သော် ကလောင်နာမည်က တစ်လုံး မှားနေသည်။ "မောင်ခင်မင်" ကို စာစီသူက "မောင်ခင်မောင်" ဟု မှားစီလိုက်သည်။ သို့သော် ကိစ္စမရှိပါ။ ပထမဆုံး ပုံနှိပ်ခံရသော ကိုယ့်ဆောင်းပါးကလေးကို ပုံနှိပ်ထားသည့် စာလုံးကလေးတွေကို တစိမ့်စိမ့်ကြည့်ပြီး ဖတ်မဝနိုင်အောင် ရှုရပါသည်။ ဆောင်းပါးကို အခေါက်ခေါက် ဖတ်ရင်း ပုံနှိပ်စာလုံးကလေးတွေကို ချစ်သည့်စိတ်များ ဝေလျှံလာရပါသည်။ စာရေးဝါသနာပါသော စာရူးပေရူး လူငယ်ကလေး တစ်ယောက်အနေနှင့် ပထမဆုံး ခံစားရသော ခံစားမှုဖြစ်သည့်အတွက် ယခုတိုင် အမှတ်ထင်ထင် ဖြစ်နေမိပါသည်။

စာတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးရင်း ကိုယ့်စာမူတွေကို ပုံနှိပ်စာလုံးနှင့် မကြာမကြာ မြင်လာရသော်လည်း ထို ခံစားမှုက ရိုးမသွားပါ။ ပျောက်မသွားပါ။ လက်နှင့် ရေးထားသော ကိုယ့်စာမူကို ပုံနှိပ်စာလုံးနှင့် မြင်လိုက်ရသောအခါ ရေမိုးချိုး ဖြီးလိမ်းပြင်ဆင်ထားသည့် ကိုယ့်မျက်နှာကို မှန်ထဲမှာ ပြန်မြင်လိုက်ရသလို ခံစားရပါသည်။ လန်းဆန်းတက်ကြွမှုနှင့်အတူ ထို ပုံနှိပ်စာလုံးကလေးတွေကို ချစ်လို့မဝ၊ ဖတ်လို့မဝနိုင်အောင် ဖြစ်ရပါသည်။ ချစ်မြတ်နိုးစွာ အခေါက်ခေါက်အခါခါ ပြန်ဖတ်လိုက်မိသည်ချည်း ဖြစ်ပါသည်။

ပထမတော့ ကိုယ့်စာကိုယ် အကြိမ်ကြိမ် ပြန်ဖတ်မိခြင်းအတွက်

စိတ်ထဲမှာ ရှက်သလိုလို ခံစားရသည်။ ထင်ရှားသော စာရေးဆရာကြီး များ၏ စာပေအတွေ့အကြုံများကို ဖတ်ရ ကြားရသောအခါ ထိုပုဂ္ဂိုလ်ကြီးများသည်လည်း ထိုအရသာမျိုး ခံစားရကြောင်း၊ အလွန် ကြည်နူးရပုံ၊ အကြိမ်ကြိမ် ပြန်ဖတ်မိပုံ စသည့် အတွေ့အကြုံများ ရေးသားထားသည်ကို ဖတ်ရသောအခါ စိတ်ထဲမှာ လုံခြုံသွားသလိုပင် ခံစားရပါသည်။ စာရေးသူအချင်းချင်း ဝေမျှ နားလည်နိုင်သည့် ခံစားမှုမျိုး ဖြစ်မည်ဟုလည်း ထင်မိပါသည်။

ကျွန်တော့်အတွေးကို အခိုင်အမာ အတည်ပြုပေးသည့် ပုဂ္ဂိုလ်ကြီး တစ်ဦး၏ အဆိုအမိန့်ကို အမှတ်မထင် တွေ့လိုက်ရပြန်သောအခါ ပြောမပြနိုင်လောက်အောင်ပင် ဝမ်းမြောက် ကြည်နူးရပါသည်။ ထိုပုဂ္ဂိုလ်ကြီးကား နယ်နယ်ရရ မဟုတ်ပါ။ နိုင်ငံရပ်ခြားတွင် မြန်မာစာပေကို နှစ်ပေါင်းများစွာ သင်ကြား ပို့ချပေးခဲ့သော ပညာရှင်ကြီး ဖြစ်သည်။ ထို ဆရာကြီးသည် "မြန်မာစကားပုံများ" ကို လေ့လာ ဆန်းစစ်သည့် ကျမ်းတစ်စောင်ကိုလည်း ပြုစုဖူးသည်။ ဆရာကြီးက ထိုကျမ်း ပြုစုသည့် အတွေ့အကြုံကို ဆွေးနွေးပွဲတစ်ခုတွင် တင်ပြရာ၌ နောက်ဆုံး ပုံနှိပ်ပြီးသည့် အဆင့်အထိ ရောက်အောင် မည်သို့ အားထုတ်ခဲ့ရကြောင်း တင်ပြပြီးနောက် နိဂုံးတွင် ဤသို့ မိန့်ဆို ကျူးရင့်ထားပါသည်။

'ကျွန်တော့်အဖို့ မိမိ ရေးသားပြုစုသော စာကို ပုံနှိပ်စာလုံးနှင့် မြင်ရသော ကြည်နူးမှုထက် ပိုမို သာလွန်သော ကြည်နူးမှုမျိုး ကျွန်တော့် ဘဝတွင် မရှိပါ' ဟူ၍ ဖြစ်ပါသည်။

ကျွန်တော် စဉ်းစားကြည့်ပါသည်။ ကိုယ် ရေးသောစာကို ပြန်ပြီး ပုံနှိပ်ထားသော ပုံနှိပ်စာလုံးကလေးများသည် ကိုယ့်လက်ရေးထက် ပိုပြီး သေသပ် လှပသော အသွင်ကိုလည်း ဆောင်ပါသည်။ ပုံနှိပ်သည့် စာအုပ်

အရေးအတွက်နှင့် တူမျှသော စာဖတ်ပရိသတ် လက်ထဲသို့ ကိုယ့်စာမူကလေး ရောက်သွားပြီ ဖြစ်ကြောင်း ဖော်ညွှန်းနေသကဲ့သို့လည်း ရှိပါသည်။ စာတစ်ပုဒ်ဖြစ်အောင် ရေးသား ပြုစုရင်းက ကိုယ့်ကြိုးပမ်းမှု ပြီးမြောက် အောင်မြင်ပြီးဖြစ်ကြောင်း ဖော်ပြနေသည့် သင်္ကေတလည်း ဖြစ်ပါသည်။ အဆုံးဆိုရလျှင် ကိုယ့်ရင်ထဲက အမြတ်တနိုး မွေးထုတ်လိုက်သော ရင်သွေး ရတနာများ၏ ရုပ်ပုံလွှာကလေးများဟုလည်း ဆိုနိုင်ပါသည်။ ထိုသို့ အဓိပ္ပာယ်အမျိုးမျိုး ဆောင်နေသော ပုံနှိပ်စာလုံးကလေးများကို မရှောင့်ရဲနိုင်သော ချစ်ခြင်းဖြင့် ကျွန်တော် ဆက်လက်၍ ချစ်သွားရဦးပါမည်။

မျက်နှာပွင့်ဆေး

‘ဟေ့ ချာတိတ်၊ မတွေ့တာ ကြာပါပကော၊ နေကောင်းရဲ့လားကွ’

‘ဟာ… နေမကောင်းရင် အိပ်ရာထဲ လဲနေမှာပေါ့ ဦးလေးရ။ နေကောင်းလို့ ခုလို ထူထူထောင်ထောင် တွေ့ရတာပေါ့။ နေကောင်းမှန်း သိလျက်သားနဲ့ ဘာဖြစ်လို့ အပိုဆာဒါးတွေ မေးနေရတာလဲ’

‘တယ် ဒီခွေးကောင်လေး၊ လူကြီးကို ဒီလိုပဲ ပြန်ပြောရသလား။ ဘယ်လို ခွစာကလေးမှန်း မသိပါဘူး’

ဦးလေးသည် ရှုးရှုးရှားရှား ဖြစ်ကာ ထွက်သွားပါသည်။ ကျွန်တော်သည် စိတ်ဆိုးသွားသော ဦးလေးကို ကြည့်ရင်း ပြုံးလိုက်မိသည်။ “အလကားသက်သက် အပိုစကားတွေ ပြောသွားသော ဦးလေးကို ကသိကအောက် လုပ်လိုက်ရပြီ” ဟူ၍ ကိုယ့်ဟာကိုယ် တော်တော် ကျေနပ်သွားပါသည်။ သူက “ခွစာ” ဟု အမည်ပေးသွားသည်ကို သဘောကျသလိုပင် ဖြစ်မိသည်။ “အင်း… ဒီလိုပဲ၊ လူတွေဟာ တော်တော်ခက်တယ်။ လူများစု လုပ်တာမျိုးကို လိုက်မလုပ်ရင် ခွစာလို့ ပြောတတ်ကြတာပဲ” ဟူ၍လည်း ကြီးကြီးကျယ်ကျယ် ရေရွတ်မိပါသည်။

ယခု ပြောပြနေသော အကြောင်းမှာ ကျွန်တော် ခပ်ငယ်ငယ် တုန်းက ဦးလေးတစ်ယောက်နှင့် လမ်းမှာတွေ့စဉ် ကြုံရသော အကြောင်း တစ်ခု ဖြစ်ပါသည်။ သို့သော် ဤမျှ ပြောရုံဖြင့် ကျွန်တော့် ဆိုလိုချက် သည် ပြည့်စုံမည် မဟုတ်ပါ။ ဝတ္ထုစာအုပ် တစ်အုပ်အကြောင်းက စပြော မှ ပြည့်စုံမည် ဖြစ်ပါသည်။ ထို ဝတ္ထုသည် ကျွန်တော် စာဖတ်ဝါသနာ ပါစက ဖတ်ခဲ့ရသော အချစ်ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ယခု ဝတ္ထုအမည် ကို မေ့နေပါပြီ။ စာရေးဆရာကိုလည်း မမှတ်မိတော့ပါ။ ဝတ္ထုထဲက ဇာတ်ကွက်ကလေး တစ်ကွက်ကိုမူ မှတ်မိနေပါသေးသည်။ ဆိုပါစို့၊ ဝတ္ထုထဲတွင် အမျိုးသမီးကလေးက သူ့ချစ်သူ အမျိုးသားကလေးကို စကား ပြောရင်း 'ထမင်းစားပြီးပြီလား' ဟု မေးသည်။ လောကဝတ်အနေနှင့် မေးလိုက်ခြင်း ဖြစ်သည်။ ဤသို့ မေးသည်ကို အမျိုးသားကလေးက သဘောမကျ။ 'စားပြီးပြီ၊ မပြီးသေးဘူးဆိုတာ သိရတော့ မင်းမှာ ဘာ အကျိုးထူးမှာမို့လဲ။ လူတွေဟာ ဒီလိုပဲ။ လူတစ်ယောက်ကို တွေ့တာနဲ့ ထမင်းစားပြီးပြီလားလို့ စ နှုတ်ဆက်တတ်ကြသည်။ မစားရသေးရင် သူတို့ ကျွေးမှာလဲ မဟုတ်ဘဲနဲ့၊ ဘာဖြစ်လို့ အပိုသက်သက် မေးရသလဲ မသိဘူး' ဟု ပြန်ပြောသည်။ ထို့နောက် လူများသည် တစ်ယောက်နှင့် တစ်ယောက် တွေ့သည့်အခါ 'နေကောင်းရဲ့လား'၊ 'ဘယ်သွားမလို့လဲ'၊ 'ဘယ်က ပြန်လာသလဲ' စသော စကားများကို နှုတ်ဆက်သည့်အနေနှင့် မေးကြသည်မှာ အပိုသက်သက်သာ ဖြစ်ကြောင်း၊ စကားတစ်လုံးကို ပြောရာတွင် ထို စာထဲမှာပါသော အဓိပ္ပာယ်အတိုင်း တကယ် ရည်ရွယ်၍ ပြောလိုမှသာ ထိုစကားကို ပြောသင့်ကြောင်း၊ ဘာကြောင်း ညာကြောင်း များကို လက်ချာပေးလိုက်သေးသည်။

ထိုစကားတွေကို ကျွန်တော် အကြီးအကျယ် သဘောကျသွား

ပါသည်။ "သူ ပြောတာ သိပ်ဟုတ်တာပဲ။ လူတွေဟာ စကားပိုတွေကို သက်သက် ပြောနေကြတာပဲ။ နောင် ငါ စကားပြောရင် ဒီလို စကား အပိုတွေကို ဘယ်တော့မှ မပြောတော့ဘူး" ဟု ဆုံးဖြတ်လိုက်ပါသည်။ ဤသို့ဖြင့် ဝတ္ထုထဲက ဇာတ်လိုက်သည် ကျွန်တော့်ကို လွှမ်းမိုးပါတော့ သည်။ ကိုယ် နှစ်သက်သော ဝတ္ထုထဲက ဇာတ်လိုက်၏ အပြုအမူ၊ အပြောအဆို၊ စိတ်နေသဘောထားမျိုးကို အားကျ အတုယူကာ အပြင် တွင် တကယ်တူအောင် လိုက်လုပ်ချင်တတ်သော အရွယ်မို့လား မသိ၊ ထို ဇာတ်လိုက် ပြောသလို ကျွန်တော် လိုက်ပြောပါတော့သည်။ သူနှင့် တကယ် တူ၊ မတူတော့ မသိပါ။ ထူးခြားသည်မှာ ထိုအချိန်မှစ၍ လူကြီး များက ကျွန်တော့်ကို တဖြည်းဖြည်း နှာခေါင်းရှုံ့လာခြင်းပင် ဖြစ်ပါ သည်။ "ခွစာကလေး" ဟူ၍လည်း ကင်ပွန်းတတ်လာပါသည်။ သူတို့ ပြောလည်း ပြောစရာပင်။ ကျွန်တော်သည် စကားပို မပြောရေး လမ်းစဉ် ကို လက်တွေ့ အကောင်အထည် ဖော်နေသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း စကားပိုတွေ မပြောမိအောင် ဂရုစိုက်သည်။ သူများက ကျွန်တော့်ကို ပြောလာ၊ မေးလာလျှင်လည်း ဘုကျကျပင် တုံ့ပြန်တတ်သည်။ 'ဘယ်သွားမလို့လဲ' ဟူသော မေးခွန်းကို 'သွားမယ့် နေရာသိတော့ ခင်ဗျားက လိုက်ပို့မှာလား' ဟု ရန်စွယ်ငေါငေါ တုံ့ပြန် တတ်သည်။ 'ထမင်းစားပြီးပြီလား' ဟူသော မေးခွန်းကို 'မစားရသေး တော့ ခင်ဗျားက ကျွေးမှာမို့လား။ ကျွေးမှာလည်း မဟုတ်ဘဲနဲ့ ဘာဖြစ် လို့ အပိုတွေ မေးရတာလဲ' ဟု ကန့်လန့်ကျကျ ပြန်ပြောတတ်သည်။ စကားပိုတွေဟု ကျွန်တော် ထင်သည့် အခြားစကားများကိုလည်း ဤနည်း အတိုင်းပင် ဘုကျကျ တုံ့ပြန်တတ်ပါသည်။ ဤသို့ဖြင့် "ခွစာကလေး" ဟူသော ဘွဲ့ကို ကျွန်တော် ရလာခြင်း ဖြစ်ပါသည်။ သို့သော် မမှုပါ။

ဤသို့ ပြောရ ဆိုရသည့်အတွက် "ငါ တော်တော် ဟုတ်ပါကလား" ဟုပင် ပီတိဖြစ်မိပါသည်။

နှစ်တွေ ကြာခဲ့ပါပြီ။ အသက်တွေလည်း ကြီးလာပါပြီ။ အသက်ကြီးလာလေလေ လူများများနှင့် ဆက်ဆံရလေလေ၊ စကားများများ ပြောလာရလေလေ ဖြစ်သည်။ လူတွေနှင့် စကားပြောရင်း ပြောရင်းပင် ကျွန်တော် ချမှတ်ခဲ့သော စကားပို မပြောရေး လမ်းစဉ်ကြီးကို မေ့မှန်းမသိ မေ့မေ့ပျောက်ပျောက် ဖြစ်လာခဲ့သည်။ ကိုယ့်ဟာကိုယ်လည်း ပြန်၍ သတိမထားမိတော့ပါ။ ဤသို့နေရင်း တစ်နေ့တွင် အိမ်က လူကြီးတွေနှင့် စကားလက်ဆုံ ကျရာမှ ကျွန်တော် ငယ်ငယ်က အကြောင်းတွေဆီ ရောက်သွားသည်။

'မင်းကွာ၊ ငယ်ငယ်က ပြောရဆိုရ တော်တော် ကန့်လန့်ကျတဲ့ ကောင်လေးပဲ။ ခွစာမှ ခွစာအစစ်။ အခု အသက်ကြီးလာတော့လည်း တော်သားပဲ'

ဦးလေးက ကျွန်တော့်အကြောင်းတွေကို စားမြုံ့ပြန်လိုက်သည်။ သည်တော့မှ ကျွန်တော် မေ့နေသော စကားပိုမပြောရေး လမ်းစဉ်ကြီးကို ဖြုန်းခနဲ ပြန်သတိရပါတော့သည်။ ထို့ပြင် ကျွန်တော် ယ်တိုင်ပင် ကိုယ့်ဟာကိုယ် မသိဘဲ ထိုလမ်းစဉ်ကို ချိုးဖောက်မိလျက်သား ဖြစ်နေသည်မှာ တော်တော်ကြာခဲ့ပြီ ဖြစ်ကြောင်းကိုလည်း သတိပြုမိပါတော့သည်။ ယနေ့ထိ ကျွန်တော်သည် လူတွေ အများကြီးကို စကားအခွန်းတွေ အများကြီး ပြောခဲ့ပြီး ဖြစ်သည်။ သူတို့ကလည်း ကျွန်တော့်ကို စကားအခွန်းတွေ အများကြီး ပြောခဲ့ပြီး ဖြစ်သည်။ ထိုစကားတွေထဲတွင် စကားပို ဟု ကျွန်တော် ဆိုခဲ့သော စကားမျိုးတွေ အခွန်းပေါင်း မည်မျှ ပါခဲ့ပြီပါနည်း။

စကားဆိုသည်မှာ ကျွန်တော်တို့ လူတွေ တစ်ယောက်နှင့် တစ်ယောက် ဆက်သွယ်နိုင်ရန် ပေါ်ပေါက်လာရသည့် လက်နက် ကိရိယာ ဖြစ်သည်။ ထို လက်နက်ကိရိယာကို သုံးခြင်းကြောင့် ကျွန်တော်တို့ တစ်ယောက်နှင့် တစ်ယောက် ချောချောမောမော ဆက်သွယ်နိုင်ကြခြင်း ဖြစ်သည်။ ကျွန်တော်တို့၏ အတွေ့အကြုံအမျိုးမျိုး၊ အတွေးအခေါ် အမျိုးမျိုး၊ ခံစားမှု အမျိုးမျိုးကို စကားများဖြင့် ဖော်ပြကြရသည်။ လူမှုကိစ္စ အမျိုးမျိုးကို စကားများဖြင့် ဖော်ပြကြရသည်။ တစ်ယောက်နှင့် တစ်ယောက် နားလည်မှု ယူကြရသည်။ ပူးပေါင်း၍ အလုပ်တူတူ လုပ်ကြရသည်။ ဤမျှ အရေးကြီးသော "စကား" ကို ကျွန်တော်တို့ မသေမချင်း ပြောရဦးမည်။ ပြောတိုင်း ပြောတိုင်းလည်း 'ထမင်းစားပြီးလား'၊ 'နေကောင်းရဲ့လား'၊ 'ဘယ်သွားမလို့လဲ' စသော လောကဝတ် စကားမျိုးတွေ အများကြီး ပါပေဦးမည်။ စကားလုံးထဲက အဓိပ္ပာယ် အတိုင်း တကယ် ရည်ရွယ်လျက် ပြောချင်၍ ပြောခြင်းမျိုး မဟုတ်ဘဲ "စကားအဖြစ်သာ" ပြောရသည့် အလားတူ စကားမျိုးတွေလည်း အများကြီး ပါပေဦးမည်။ ဘာကြောင့် ထိုစကားတွေကို ကျွန်တော်တို့ ပြောနေကြရပါသနည်း။

ဆိုပါစို့၊ စကားလုံးမှာပါသော အဓိပ္ပာယ်အတိုင်း တကယ် ရည်ရွယ်မှ ထိုစကားကို သုံးစတမ်းဆိုလျှင် "နေကောင်းရဲ့လား" ဟူသော စကားမျိုးကို လူမမာ မေးရာတွင်သာ သုံးရပေမည်။ "စားပြီးပြီလား" ဟူသော စကားမျိုးကို စားပြီးခြင်း၊ မပြီးခြင်းကို တကယ် သိလိုသော ရည်ရွယ်ချက် ရှိမှသာ သုံးရပေမည်။ "ဘယ်က ပြန်လာသလဲ" ဟူသော စကားမျိုးကို ပြန်လာသည့်နေရာကို တကယ်သိလိုသော ရည်ရွယ်ချက် ရှိမှသာ သုံးရပေမည်။ လက်တွေ့သုံးရာတွင် ကျွန်တော်တို့သည် ဤရည်ရွယ်ချက်

မျိုးများဖြင့် သုံးပါသလော။ မသုံးပါ။ ဤလို ရည်ရွယ်ချက်များ မရှိဘဲ လည်း ဤစကားများကို ကျွန်တော်တို့ သုံးနေကြသည်။ နေရာတကာ သုံးနေကြသည်။ ဘာကြောင့် သုံးပါသနည်း။ အလကားသက်သက် အဓိပ္ပာယ်မရှိဘဲ သုံးခြင်းလော။

"နေကောင်းရဲ့လား" ဟူသော မေးခွန်းကို ထုထုထောင်ထောင် လူများအား မကြာမကြာ မေးတတ်ကြပါသည်။ နေကောင်းမှုန်း သိလျက် သားနှင့် မေးခြင်း ဖြစ်သည်။ သို့သော် အလကားသက်သက် မေးခြင်း မဟုတ်ပါ။ ထို စကားတွင် နေကောင်းခြင်း၊ မကောင်းခြင်းနှင့် ဘာမှ မဆိုင်သော၊ အလွန်သိမ်မွေ့သော အခြားအဓိပ္ပာယ်မျိုး ရှိသေးသည်ဟု ဆိုချင်ပါသည်။ ဘယ်လို အဓိပ္ပာယ်မျိုးပါနည်း။

"ထမင်းစားပြီးပြီလား" ဟု မေးခြင်းမှာလည်း စားပြီး၊ မပြီး အရေးတကြီး သိလို၍ မေးခြင်းမျိုး ဟုတ်ချင်မှ ဟုတ်တတ်သည်။ စား ပြီးရင် ဘယ်လိုလုပ်စရာ ရှိသည်။ မစားရသေးရင် ဘယ်လိုလုပ်စရာရှိ သည် ဟူသော နောက်ဆက်တွဲများလည်း ပါချင်မှ ပါတတ်သည်။ သို့သော် ထို စကားတွင် ထမင်းစားပြီးခြင်း၊ မပြီးခြင်းနှင့် ဘာမှမဆိုင်သော၊ အလွန် သိမ်မွေ့သော အခြားအဓိပ္ပာယ် ရှိသေးသည်ဟု ဆိုချင်ပါသည်။ ဘယ်လို အဓိပ္ပာယ်မျိုးပါနည်း။

"ဘယ်သွားမလို့လဲ" ဟု မေးခြင်းမှာလည်း အမေးခံရသူ သွားမည့် နေရာကို အရေးတကြီး သိလို၍ မေးခြင်းမျိုး ဟုတ်ချင်မှ ဟုတ်တတ် သည်။ ထို့ကြောင့်လည်း ဖြေသူက "ဒီနားကိုပါပဲ" ဟု သာမန် ဖြေလိုက် ရုံနှင့် မေးသူသည် ကျေနပ်သွားတတ်သည်။ ထို စကားတွင် ဘယ်ကို သွားခြင်း၊ မသွားခြင်းနှင့် ဘာမှမဆိုင်သော၊ အလွန်သိမ်မွေ့သော အခြား အဓိပ္ပာယ် ရှိသေးသည်ဟု ဆိုချင်ပါသည်။ ဘယ်လိုအဓိပ္ပာယ်မျိုးပါနည်း။

"ဆက်ဆံရေး ချောမွေ့ ပြေပြစ်မှု ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်" ဟု ဆိုချင်ပါသည်။ ထို စကားမျိုးတွေ မေးကြ ပြောကြရာတွင် မေးသူကလည်း စကားလုံးတွင်ပါသော အဓိပ္ပာယ်ကို အရေးတကြီး ဂရုပြု၍ မေးသည် မဟုတ်။ လောကဝတ်အရ မေးခြင်းသာ ဖြစ်သည်။ ဖြေသူကလည်း စကားလုံးတွင်ပါသော အဓိပ္ပာယ်ကို အရေးတကြီး ဂရုပြု၍ ပြန်ဖြေရန် မလိုပါ။ လောကဝတ်အရ သင့်လျော်သလို တုံ့ပြန်လိုက်ရုံသာ ဖြစ်သည်။ ဤသို့ မေးခြင်း၊ ဖြေခြင်းဖြင့် တစ်ယောက်နှင့်တစ်ယောက် ဂရုစိုက်သည်၊ လေးစားသည် ဟူသော သဘောကို ထင်ရှားစေခြင်းသာလျှင် ထိုစကားများ၏ ရည်ရွယ်ချက် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် "သောင်းပြောင်းထွေလာ" ဟု ခေါ်ကြသော ထိုစကားမျိုးတွေကို နေ့စဉ်နှင့်အမျှ ခုံခုံမင်မင် ပြောနေကြခြင်း ဖြစ်သည်။ စကားစမြည် ပြော၍ မိတ်ဖွဲ့ခြင်းလောက် မိတ်ဖြစ်မြန်သောနည်း ရှိမည် မထင်ပါ။ ကျွန်တော်တို့သည် မြောက်မြားစွာသော မိတ်ဆွေကောင်းများကို သောင်းပြောင်းထွေလာ အာလာပသလ္လာပပြောရင်း ရရှိလာကြခြင်း ဖြစ်ပါသည်။ ထိုစကားများသည် အလွန် ပေါ့ပေါ့ပါးပါး ရှိသည်။ အကြောင်းမျိုးစုံ ပါသည်။ ပမာပြရလျှင်–

'မနေ့က ခင်ဗျားတို့အိမ်မှာ ဘာဖြစ်တာလဲဗျ' ဟူသော မေးခွန်းမျိုးလည်း ပါသည်။ ဤမေးခွန်းသည် သူများကိစ္စကို စပ်စပ်စုစု သိချင်ခြင်း သက်သက်ထက် မနေတတ်သော သဘော၊ သူ့ကိစ္စကို ကိုယ့်ကိစ္စလို ယူဆ ရိုင်းပင်းတတ်သော သဘောကို ဆောင်သည့် မေးခွန်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ လူသည် ကိုယ့်ကိစ္စကို စိတ်ဝင်စားသူအား နှစ်သက်တတ်စမြဲမို့ ဤမေးခွန်း၏ အာနိသင်သည် မသေးလှပါ။ ထို့ပြင် 'ဘယ်နှယ့်လဲဗျ၊ ခင်ဗျား ဓနီးကော တော်တော် ဝရဲ့လား၊ သားတွေ

သမီးတွေလည်း တော်တော် စာတတ်ကုန်ရောပေါ့' ဟူသော စကားမျိုးလည်း ပါသည်။ မေးသူက သူ့ဇနီး ဘယ်လောက် ဝသည် ပိန်သည်၊ သူ့သားသမီးတွေ ဘယ်လောက် စာတတ် မတတ်သည်ကို သိလိုလှ၍ မေးခြင်းမျိုး မဟုတ်။ သူ့မိသားစုကို စိတ်ဝင်စားကြောင်း ပြလိုသည့်သဘောကြောင့် မေးခြင်းသာ ဖြစ်သည်။ ဖြေသူကလည်း ကိုယ့်မိသားစုကို သူ စိတ်ဝင်စားကြောင်း သိရှိနှင့်ပင် မေးသူကို ကျေနပ်သွားပြီ ဖြစ်သည်။ ဤပေါ့ပေါ့ပါးပါး စကားကလေး နှစ်ခွန်း၊ သုံးခွန်း ပြောရုံနှင့် သူတို့နှစ်ယောက်အဖို့ စကားမပြောမီကထက် ပိုမို ခင်မင် ရင်းနှီးသွားခြင်း ဟူသော အကျိုးတရားကြီးတစ်ခု ရရှိသွားသည်မှာတော့ အမှန်ပင်ဖြစ်ပါသည်။

ထိုစကားများတွင် အခြားအကြောင်း အမျိုးမျိုးလည်း ပါပါသေးသည်။ 'တို့ သူငယ်ချင်း သန်းထွန်းတော့ မုံရွာမှာ ကျောင်းဆရာ လုပ်နေသတဲ့။ ငွေရကြီးတော့ အိမ်ထောင်ကျလို့ ကလေးတွေ ဘာတွေတောင် ရနေပြီဆိုပဲ' စသည်ဖြင့် ကွဲကွာနေသော မိတ်ဆွေတွေအကြောင်းလည်း ပါသည်။ 'ဟာ မနေ့ကစပြီး လေပိတ်နေတာ၊ အိုက်စပ်စပ်ဖြစ်နေတယ်။ မိုးများ ရွာမလားမသိဘူး' စသည်ဖြင့် ရာသီဥတုအကြောင်းလည်း ပါသည်။ 'ဒီလအတွင်း ကားတိုက်မှု ၃၀ ဖြစ်တယ်ဆိုပဲ' စသည်ဖြင့် ကြားလိုက်၊ ဖတ်လိုက်ရသော အကြောင်းလည်း ပါသည်။ ဤအကြောင်းတွေသည် ဘာမှမထူးသော သိပြီးသား အကြောင်းတွေချည်း ဖြစ်ချင် ဖြစ်နေတတ်သည်။ ထိုစကားများတွင် ပါဝင်သည့် အဓိပ္ပာယ်များကို ဂရုတစိုက် သိလို မှတ်လိုသည့်အတွက် ပြောကြ ဆိုကြခြင်းမျိုး ဖြစ်လေ့မရှိပါ။ တွေ့တုန်း ကြုံတုန်း ရောက်တတ်ရာရာ ပြောခြင်းမျိုးသာ ဖြစ်လေ့ရှိပါသည်။ ဤသို့ တောင်အကြောင်း မြောက်အကြောင်းတွေ ပြောပြီးသော

အခါ ထိုစကားများနှင့် ပတ်သက်၍ အရည်အဖတ် ရချင်မှရမည်။ ဗဟုသုတ တိုးချင်မှ တိုးမည်။ အသိဉာဏ် ရင့်လာချင်မှ ရင့်လာမည်။ သို့သော် ထိုစကားများ ပြောလိုက်ရသည့်အတွက် နဂိုက စိမ်းနေသူများသည် မိတ်ဆွေအစစ် ဖြစ်လာရသည်။ နဂိုက မိတ်ဆွေ ဖြစ်ပြီးသူများသည် ပို၍ ရင်းနှီးလာကြရသည်။ ဤအကျိုးသည် အလွန်ကြီးမားသော အကျိုး ပင် မဟုတ်လော။

"စကားဆိုတာ ပြောစရာအကြောင်းရှိမှ ပြောရတယ်" ဟု ငယ်ငယ်ကလို လုပ်၍ မဖြစ်နိုင်ကြောင်း ကျွန်တော် သိလာပါသည်။ စကား တစ်လုံး၏ အဓိပ္ပာယ်သည် ထို စကားလုံးထဲတွင်သာ တည်မနေနိုင်ကြောင်း ကိုလည်း ကျွန်တော် သိလာပါသည်။ အကြောင်းရှိမှသာ ပြောစတမ်း၊ ထိုအဓိပ္ပာယ်အတိုင်း တကယ်ရည်ရွယ်မှ ပြောစတမ်းဟုဆိုကာ ပါးစပ်ပိတ် နေလျှင် မိတ်သစ်ဆွေသစ် မတိုးသည့်အပြင် မိတ်ဟောင်းပင် လျော့စရာ ရှိကြောင်းလည်း ကျွန်တော် သိလာပါသည်။ စကားကို လူမှုဆက်ဆံရေး ကိရိယာအဖြစ် သဘောပေါက်လာသောအခါ မာကြောင်း သာကြောင်း၊ သားအကြောင်း သမီးအကြောင်း၊ ရာသီဥတုအကြောင်း၊ တောင်အကြောင်း မြောက် အကြောင်း၊ သောင်းပြောင်းထွေလာ ပြောသည့် စကားများ၏ တန်ဖိုးကို ကျွန်တော် သိလာပါသည်။ လူမှုဆက်ဆံရေး ယန္တရားကြီး လည်ပတ်ရာတွင် ထို ရောက်တတ်ရာရာ စကားကလေးများသည် အရေး ပါသော ခွေးသွားစိပ်များ၊ ဝက်အူများအဖြစ် ပါဝင်နေသည်ဟု သဘော ပေါက်လာပါသည်။

လူအချို့သည် လူချစ်လူခင် ပေါအောင် မျက်နှာပွင့်ဆေး ဆောင် ကြသည်ဟု ကြားဖူးပါသည်။ မျက်နှာပွင့်ဆေးတွေ ဘယ်လောက် စွမ်း သည်ကို ကျွန်တော် မသိပါ။ သို့သော် ဆိုခဲ့သော စကားကလေးများကို

သူ့နေရာနှင့်သူ စိတ်ပါလက်ပါ သုံးစွဲတတ်လျှင်မူ လူချစ်လူခင် ပေါနိုင်ပါသည်။ ပရိသတ်အလယ်တွင် မျက်နှာပွင့်လန်းနိုင်ပါသည်။ ထို့ကြောင့် ထိုစကားကလေးများကို "မျက်နှာပွင့် ဆေးလုံးကလေးများ" ဟု ခေါ်နိုင်ကောင်းမည် ထင်ပါသည်။

ကျွန်တော်တို့သည် မသေမချင်း လူအမျိုးမျိုးနှင့် ဆက်ဆံရပေဦးမည်။ ဆက်ဆံတိုင်းလည်း ဆိုခဲ့သော "မျက်နှာပွင့် ဆေးလုံးကလေးများ" ကို သင့်ရာသင့်ရာ သုံးစွဲသွားရပေဦးမည်။

အရိုး အဆန်း

"ရိုးသားခြင်း" သည် ဂုဏ်တစ်ခု ဖြစ်သည်။ လူသည် မိမိကိုယ်တိုင် မရိုးသားခါမှ ရှိစေ၊ ရိုးသားခြင်းကိုမူ နှစ်သက်တတ်စမြဲပင်။

"ဒီလူဟာဖြင့် လူရိုးတစ်ယောက်ပါပဲ" ဟူ၍ အသိအမှတ်ပြုခံရသူကို လူအများ ခင်မင်တတ်ကြသည်။ ထို လူရိုးသည် ရှုပ်ရှုပ်ထွေးထွေး ကွေ့ကွေ့ကောက်ကောက် မပြုမူတတ်၊ မပြောဆိုတတ်၊ မကျင့်ကြံတတ်။ ဘယ်နေရာမှာမဆို ရှင်းရှင်းလင်းလင်း ရိုးရိုးသားသား ပြုမူတတ်သည်။ ပြောဆိုတတ်သည်။ ကျင့်ကြံတတ်သည်။ ထို လူရိုးတွင် တည်ကြည်သော၊ သိမ်မွေ့သော၊ လေးနက်သော လက္ခဏာများ တွေ့ရလျှင်မူကား ထိုလူမှာ ကြည်ညိုစရာ၊ မြတ်နိုးစရာ ဖြစ်လာပါသည်။

ကျွန်တော် တင်ပြလိုသည်ကား "လူရိုး" အကြောင်း မဟုတ်။ "စာရိုး" အကြောင်း ဖြစ်သည်။ စာရိုးဟူရာ၌ ရိုးသော ရှင်းသော နားလည်လွယ်သော စာကို ဆိုလိုပါသည်။ စာရိုးတွင် ရှုပ်ထွေးသော လက္ခဏာ၊ ကွေ့ကောက်သော လက္ခဏာများ မတွေ့ရ၊ ရိုးရိုးရှင်းရှင်းကလေး ရေးထားသည်ကိုသာ တွေ့ရသည်။ ထို စာမျိုးတွင် "ရိုးဂုဏ်" ရှိသည်။ ထို့ကြောင့်

လူအများ နှစ်သက်ကြသည်။ ထိုစာမျိုးသည် ရိုးဂုဏ်သာမက သိမ်မွေ့ လေးနက်သော လက္ခဏာကိုပါ ဆောင်တတ်သည့်အတွက် နှစ်သက်စရာ၊ မြတ်နိုးစရာကောင်းသော စာမျိုး ဖြစ်လာရပါသည်။

"စာရိုး" ဟု ဆိုအပ်သော ကဗျာတိုကလေး တစ်ပုဒ်ကို တင်ပြလိုပါသည်။ "မောင်းထောင်းသီချင်းများ" ဟု အမှတ်အသားတွေ့ရသော ကဗျာကလေးတစ်ပုဒ် ဖြစ်ပါသည်။ တောနေ လုံမငယ်များ ဆန်ဖွပ်မောင်းထောင်းရင်း သီဆိုကြသော ကဗျာကလေး ဖြစ်ပါသည်။ ကျွန်တော် တင်ပြမည့် ကဗျာကလေးမှာ အတွေ့ရ အမြင်ရ နည်းသော၊ ရှားပါးသော ကဗျာလည်း မဟုတ်ပါ။ အများ တွေ့ဖူး မြင်ဖူးသည့် ကဗျာကလေးသာ ဖြစ်ပါသည်။ ထို ကဗျာတွင် ဘာမှ အဆန်းအပြား မပါပါ။ လုံမပျိုကလေး တစ်ယောက်၏ စိတ်ဆန္ဒ ဖော်ပြချက် ရိုးရိုးကလေးသာ ပါပါသည်။

ပိန်းဖိနပ်တဲ့ အနီထယ်၊ စီးမယ်လို့ ဝယ်
ခုနှယ်ခါ မယ်မစီးသေး၊
မောင်နှင့်မယ် တကယ်ရမှ စီးပါ့မယ်လေး။

ဖတ်ကြည့်သူတိုင်း ကဗျာ့သဘောကို နားလည်နိုင်ပါသည်။ မိန်းမပျိုကလေးသည် ပိန်းတန်းဖိနပ် အနီကလေးတစ်ရန်ကို စီးဖို့ ဝယ်ထားသည်။ သို့သော် သူ မြတ်နိုးသော မောင်နှင့် တကယ် ပေါင်းဖက်ရသည့် အချိန်ကျမှ ဖိနပ်ကလေးကို စီးပါတော့မည်ဟု ဆန္ဒပြုလိုက်ပုံကို ဖော်ပြထားသော ကဗျာကလေး ဖြစ်သည်။

မြတ်နိုး နှစ်သက်မှု နှစ်ခု မျဉ်းပြိုင်ပမာ ယှဉ်၍ ကြုံရသည့် ဖြစ်ရပ်မျိုးကို ကျွန်တော်တို့ မကြာမကြာ တွေ့ရဖူးပါသည်။ ကျွန်တော် ငယ်ငယ်တုန်းကဆိုလျှင် အင်္ကျီလှလှကလေးများကို အမေ ဝယ်ပေးတိုင်း ဝမ်းသာရသည်။ ပျော်မြူးရသည်။ အင်္ကျီကလေးကို အရိပ်တကြည့်ကြည့်

နှင့် မတို့ရက် မထိရက်အောင် ဖြစ်ရသည်။ 'ငါ ဒီအင်္ကျီကလေးကို အခု မဝတ်သေးဘူး၊ တန်ဆောင်တိုင်ပွဲတော်ကျမှ ဝတ်ပြီး လျှောက်လည်မယ်' စသည်ဖြင့် စိတ်ထဲမှာ အားခဲထားသည်။ ကျွန်တော်သည် အင်္ကျီကလေးကို မြတ်နိုး၏။ တန်ဆောင်တိုင်ပွဲကိုလည်း နှစ်သက်၏။ ဤနေရာတွင် ကျွန်တော်၏ နှစ်သက်မြတ်နိုးမှု နှစ်ခုသည် မျဉ်းပြိုင် ဖြစ်နေသည်။ သို့သော် ပထမ နှစ်သက်မှုက ဒုတိယ နှစ်သက်မှုကို သွား၍ ထောက်ကူသည်။ ကိုယ် မြတ်နိုးသော အင်္ကျီကလေးကို ကိုယ် ပို၍ နှစ်သက်သော တန်ဆောင်တိုင် ပျော်ပွဲမှာမှ ဝတ်လိုသည့်ဆန္ဒကို ဆိုလိုရင်း ဖြစ်ပါသည်။ ကျွန်တော်တို့သည် အသက်အရွယ် ကြီးရင့်လာသည့် အခါတွင်လည်း ဤသို့သော ဆန္ဒပြိုင်မှုမျိုးကို ကြုံရ၊ တွေ့ရ၊ ခံစားရမည်ပင်။ အလားတူ ဖြစ်ရပ်မျိုးကို လူတိုင်း မကြာမကြာ ကြုံရဖူးသည်ဟု ထင်ပါသည်။

ကဗျာပါ လုံမငယ်၏ ဆန္ဒသည်လည်း ထိုနည်းတူပင် ဖြစ်တန်ရာသည်။ သူသည် ဖိနပ်ကလေးကို အမြတ်တနိုး ဝယ်ခဲ့၏။ ဖိနပ်ကလည်း သာမန် မဟုတ်။ သူ နှစ်သက်သော အနီရောင်ကလေး ဖြစ်သည်။ အလှအပကို မြတ်နိုးသော မိန်းမသားပေမို့ ဖိနပ်ကလေးကို သူ အလွန်မြတ်နိုးပေမည်။ သို့သော် မိန်းမပျိုသည် သူ မြတ်နိုးသော ဖိနပ်ကလေးထက် သူ့မောင်ကို ပို၍ မြတ်နိုးသည်။ မောင်နှင့် ပေါင်းရမည့် အရေးကို ပို၍ မျှော်ကိုးသည်။ စောင့်စားသည်။ ဖိနပ်ကလေးကို မြတ်နိုးမှုနှင့် မောင့်ကို နှစ်သက်မှု ပြိုင်၍နေသည်။ သို့သော် မောင်ကသာ အဓိက။ ထို့ကြောင့် မောင်နှင့် ပေါင်းရ၍ အပျော်ဆုံးအချိန် ရောက်သော အခါကျမှ သူ နှစ်သက်သော ဖိနပ်ကလေးကို စီးပါတော့မည်ဟု ချုပ်တည်းနေရရှာသည်။

ဤကဗျာကလေးမျိုးကို ဖတ်ရသောအခါ ဤသို့သော အရသာ

ကလေးများ ပေါ်လာသည်။ ကဗျာကလေးသည် ရိုးသည်။ ရှင်းသည်။ လွယ်သည်။ သို့သော် ဤရိုးသော ရှင်းသော လွယ်သော ကဗျာကလေး ထဲတွင် လူ့စိတ်သဘာဝကို တစေ့တစောင်း တွေ့ရသည်။ ထို့ကြောင့် သူ့အတိုင်းအဆနှင့် သူ သိမ်မွေ့ လေးနက်သော သဘောကို ဆောင်သည်။ ဖတ်သူအဖို့ နှစ်သက် မြတ်နိုးစရာ ကောင်းသည်။

စာပေနယ်တွင် ခမ်းနား ခက်ခဲသော၊ ဆန်းပြား နက်နဲသော စာများ ရှိကြပါသည်။ ထို စာများသည် သူ့နေရာနှင့်သူ ထည်ဝါစွာ ရပ်တည်နေကြသည်။ သိမ်မွေ့ နက်နဲမှု ရှိကြသည်။ အာနိသင် ရှိကြ သည်။ ကျွန်တော် တင်ပြသည့် ကဗျာမျိုး၊ စာမျိုးကိုလည်း စာပေနယ် တွင် ‿တွေ့နိုင်ပါသည်။ သူ့အတိုင်းအဆနှင့်သူ အာနိသင်ရှိသော စာများ ဖြစ်ပါသည်။

ကျွန်တော် ဆိုပါမည်။

လောကတွင် ဘယ်အခါမှ ရိုးမသွားသော အရာတစ်ခု ရှိပါသည်။ အခြား မဟုတ်ပါ။ ရိုးသားမှုပင် ဖြစ်ပါသည်။

"အရိုး" နှင့် "အဆန်း"သည် ဆန့်ကျင်ဘက်ဟု ဆိုနိုင်လျှင်၊ အဘယ် အခါမှ မရိုးနိုင်သော အရာကို ဆန်းသည်ဟု ဆိုနိုင်လျှင် ယခု ကျွန်တော် တင်ပြခဲ့သည့် အဘယ်အခါမှ မရိုးသော ကဗျာကလေးမျိုးကို ကဗျာဆန်း ကလေးဟု မဆိုနိုင်ပါပြီလော။

ငါးပြားစေ့

ကျွန်တော့်မှာ တူကလေး တစ်ယောက် ရှိသည်။ သူသည် သုံးနှစ်သား အရွယ် လူမမည်ကလေးမျှသာ ဖြစ်၏။ မပီကလာပီကလာ တွတ်တီး တွတ်တာ ပြောတတ်ခါစ၊ အိမ်ပေါ်မှာ တဒိုင်းဒိုင်း မြည်အောင် ပြေးတတ် ခါစ အရွယ်ဖြစ်၍ အလွန် ချစ်စရာကောင်းပါသည်။ သူ့ကို ဘယ်သူက သင်ထားသည် မသိ။ ငယ်ငယ်ကလေးနှင့် ပိုက်ဆံတောင်းတတ်နေသည်။ သူသည် မနက် အိပ်ရာက နိုးသည်နှင့် 'မေမေ့ ပိုက်ချံငါးဂျား' ဟုဆိုကာ လက်ဖြန့်တောင်းလေ့ ရှိပါသည်။ ပိုက်ဆံမရမချင်း ထိုစကားကို ထပ်ကာ ထပ်ကာ ရေရွတ်နေသည်။ သူ့အမေက ငါးပြားစေ့ တစ်မေ့ ပေးလိုက်မှ ကျေနပ်ပြီး ခုန်ပေါက် မြူးထူးတော့သည်။ ပိုက်ဆံကလေးကို လက်ထဲ မှာ မြှောက်ချည် လှန်ချည် လုပ်ကစားရင်း 'မုန့်ဝယ်ချားမယ်ဟော့၊ မုန့် ဝယ်ချားမယ်' ဟု အော်ဟစ်နေတော့သည်။ 'အကြော်စုံ' ဟု အော်၍ လျှောက်ရောင်းသော အဒေါ်ကြီး ရောက်လာမှ ငါးပြားတန် အကြော် တစ်ခု ဝယ်စားပြီး ငြိမ်သွားတော့သည်။

ကျွန်တော့် တူကလေးသည် "ငါးဂျား" ဟူသော ဝေါဟာရမှလွဲ၍ ပိုက်ဆံအကြောင်း ဘာမျှ နားမလည်ရှာပါ။ သူ နားလည်သည်မှာ အနား တွန့်ကလေးများပါသော ငါးပြားစေ့ကလေးကို ရဖို့ရန်သာ ဖြစ်သည်။ ထို ငါးပြားစေ့သည် သူ့ကို မုန့်တစ်ခု စားရအောင် စွမ်းဆောင်ပေးနိုင် ကြောင်း သူ သိ၏။ ထို့ကြောင့် သူ့ဆန္ဒကို ဖြည့်ပေးနိုင်သည့် ငါးပြားစေ့ ကလေးကို သူ နှစ်သက်သည်၊ မက်မောသည်။

ငါးပြားစေ့ကလေးကို မက်မက်မောမော ကိုင်နေရှာသော တူ ကလေးကို ကြည့်ရင်း ဖြစ်ရပ်တစ်ခုသည် ကျွန်တော့် အတွေးထဲသို့ ရုတ်တရက် ဝင်လာပါသည်။

ရန်ကုန် လဟာပြင် ဈေးထဲတွင် ဖြစ်သည်။ တစ်ညနေတွင် ကျွန်တော်သည် စာအုပ်ဆိုင် တစ်ဆိုင်၌ စာအုပ်တွေကို တောင်လှန်၊ မြောက်လှန် လုပ်နေစဉ်တွင် 'ဝယ်ပေးပါ၊ ဝယ်ပေးပါ' ဟူသော အသံ စာစာကြောင့် ဘေးဘက်သို့ အာရုံစိုက်သွားမိသည်။ ဘေးက ဆိုင်မှာ အလှကုန်မျိုးစုံ ရောင်းသောဆိုင် ဖြစ်၏။ ဆိုင်ရှေ့တွင် အသက် ခပ်ကြီး ကြီး အဒေါ်ကြီး တစ်ယောက်နှင့် ၇ နှစ်အရွယ် မိန်းကလေး တစ်ယောက် ရပ်နေကြသည်။ မိန်းကလေးက 'မှန်လေး လိုချင်တယ်၊ ဝယ်ပေးပါ အမေ ရယ်၊ ဝယ်ပေးပါ' ဟု ပူဆာနေခြင်း ဖြစ်သည်။ မိန်းကလေး ပူဆာသော မှန်မှာ မှန်ဝိုင်းသေးသေးကလေး ဖြစ်သည်။ အဒေါ်ကြီးက 'ဘယ်လောက် လဲ' ဟု ဈေးမေး၏။ ဆိုင်ရှင်က 'တစ်မတ်' ဟု တုံးတိတိ ပြန်ဖြေသည်။ 'ကဲ ဝယ်ပေးမယ်၊ ဝယ်ပေးမယ်' ဟု ကလေးကို လှည့်ချော့ရင်း အဒေါ် ကြီးက ဆယ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ 'အို တစ်မတ်တည်း နဲ့ ဆယ်တန် ဘယ်အမ်းနိုင်မလဲ။ အကြွေလည်း မရှိပါဘူး' ဟု ဆိုင်ရှင် က ဆူဆူဆောင့်ဆောင့် ပြန်ပြောသည်ကို ကြားရပါသည်။ အဒေါ်ကြီး

မှာ အခက်ကြုံနေသည်။ မိန်းကလေးကလည်း လိုချင်တာ မရမှာစိုး၍ ခြေဆောင့် ပူဆာနေသည်။ 'အကြွေကလည်း ပြားနှစ်ဆယ်ပဲ ရှိလို့ပါ ကွယ်' ဟု အဒေါ်ကြီးက ညည်းနေသည်။ ဆိုင်ရှင်ကလည်း မရောင်းချင် သလိုလို၊ ရောင်းချင်သလိုလို လုပ်နေ၏။ နောက်ဆုံးတွင် အဒေါ်ကြီးမှာ ဟိုစမ်း သည်စမ်း စမ်းရင်း 'ဟယ် တော်ပါသေးရဲ့၊ ဒီမှာ ငါးပြားစေ့ တစ်စေ့ တွေ့ပြီ' ဟု ပြောရင်း ဘော်လီအင်္ကျီအိတ်ထဲမှ ငါးပြားစေ့ကလေး ထုတ်ယူလိုက်သည်ကို တွေ့ရသည်။ ထိုအခါကျမှ ကလေးမလေးလည်း ပြုံးလာနိုင်တော့သည်။ အကယ်၍ ငါးပြားစေ့ကလေးသာ မကယ်လျှင် မိန်းကလေးလည်း လိုချင်တာ မရ၍ ငိုရမည်။ အဒေါ်ကြီးလည်း စိတ် မကောင်း ဖြစ်ရမည်ဟု ထင်ပါသည်။

ဤဖြစ်ရပ်ကလေးမှာ စာဖွဲ့ရလောက်အောင် ထူးခြားသော ဖြစ်ရပ် မဟုတ်ပါ။ အမှတ်မထင် ကြုံတွေ့ရသော ဖြစ်ရပ်ကလေးမျှသာပင်။ သို့သော် ကျွန်တော်သည် တူကလေး ကိုင်ထားသည့် ငါးပြားစေ့ကလေး ကို မြင်ရာမှ ဆက်စပ် သတိရမိခြင်း ဖြစ်ပါသည်။ ငါးပြားစေ့သည် တန်ဖိုးအားဖြင့် ဘာမျှ မရှိပါ။ တစ်ဆယ်တန်၊ နှစ်ဆယ်တန်တွေလို ထည်ဝါ ခမ်းနားမှုလည်း မရှိပါ။ သေးသေးနုပ်နုပ်သာ ဖြစ်ပါသည်။ သို့သော် ထို တန်ဖိုးနည်းသော၊ ထည်ဝါ ခမ်းနားမှု မရှိသော၊ သေးနုပ် သော ငါးပြားစေ့ကလေးတွင် သူ့အတိုင်းအဆနှင့်သူ အစွမ်းသတ္တိရှိသည် မှာ အမှန်ပင်။

ငါးပြားစေ့ မကိုင်ဖူးသူ ဟူ၍ ရှိမည်မထင်ပါ။ အမြင့်ဆုံးအဆင့်မှ အနိမ့်ဆုံး အဆင့်ထိ လူတိုင်းပင် ငါးပြားစေ့ကို ကိုင်ဖူးသည်၊ သုံးဖူးသည်။ နေရာတကာမှာ သူ ပါသည်။ ငါးပြားစေ့သည် ကျွန်တော့် တူကလေးလို လူမမည်ကလေးကို မုန့်တစ်ခု စားရအောင် စွမ်းဆောင်ပေးပြီး စိတ်

ပျော်ရွှင်စေပါသည်။ မှန်ဝိုင်းကလေး လိုချင်လွန်း၍ ဖျပ်ဖျပ်လူးနေရှာသော မိန်းကလေး၏ ဆန္ဒကိုလည်း ဖြည့်စွမ်းပေးနိုင်သည်။ ဘုရားစောင်းတန်းရှိ အလှူခံသေတ္တာထဲတွင်လည်း လှူဖွယ်ပစ္စည်းအဖြစ် သူ့ကို တွေ့ရသည်ပင်။ လူတို့၏ လှူချင်တန်းချင်စိတ်ကို အလွယ်ဆုံး အကောင်အထည်ဖော်နိုင်အောင် ငါးပြားစေ့က ပါရမီဝင်ဖြည့်သည်။ လှူသူသည် တစ်ဆယ် နှစ်ဆယ် ဝန်လေးချင် လေးမည်၊ ငါးပြားစေ့ကို အလှူခံပုံးထဲ ချောက်ခနဲ ထည့်ရန် ဝန်လေးမည် မဟုတ်ပါ။

ဘတ်စ်ကား လက်မှတ်ရောင်းသူ၏ ပိုက်ဆံအိတ်ထဲတွင်လည်း သူ့ကို တွေ့နိုင်သည်။ သူ ရှိ၍သာ ခရီးသည်တွေ တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူ သွားနိုင်ခြင်း ဖြစ်သည်။ သူသာ မရှိလျှင် ခရီးသည်နှင့် လက်မှတ်ရောင်းသူ အဆင်မပြေ ဖြစ်ရတော့သည်။ 'ငါးပြားခရီးနဲ့ ကျပ်တန် မအမ်းနိုင်ဘူးဗျ' ဟူသော အသံမျိုး၊ 'မအမ်းနိုင်နေပေါ့၊ ပိုက်ဆံပေး စီးတာ၊ အလကားစီးတာ မဟုတ်ဘူး' ဟူသော အသံမျိုးကို ကြားရတော့သည်။ ယုတ်စွအဆုံး 'အစ်ကိုကြီးတို့၊ အစ်မကြီးတို့ ပေးမှ ကျွေးမှ စားရ သောက်ရမယ့် ဘဝပါ ခင်ဗျာ' ဟု သနားစဖွယ် အော်ဟစ်တောင်းနေသော သူတောင်းစား၏ ခွက်ထဲမှာပင် သူ့ကို တွေ့ရသည်။ သူသည် သူဌေး လက်၊ သူတောင်းစား လက် မခွဲခြား၊ လက်တကာ လက်ထဲမှာ သူ့ကို တွေ့နိုင်သည်။ ငါးပြားစေ့၏ နယ်သည် ကျယ်ပြန့်လှပါသည်။

ငါးပြားစေ့သည် ငွေကြေးလောကတွင် သိမ်ငယ်လှသည်။ သူ့မှာ ဂုဏ်ဒြပ်မရှိ၊ အရေးလည်းမပါ၊ မျက်နှာလည်းမလှ။ သို့သော် သူ့အစွမ်းသတ္တိကလေးနှင့်သူ လူတကာ၏ အဆင်မပြေမှုကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသည်။ သူဌေးရော၊ သူတောင်းစားပါ သူနှင့် အပေါင်းအသင်းပြုရသည်။

ဆယ်တန်၊ နှစ်ဆယ်တန်များမှာ ထိုသို့မဟုတ်။ ခမ်းနား ထည်ဝါလှသည်။ သုံးစွဲနိုင်သူ၏ အိတ်ထဲမှာသာ အခန့်သား နေကြသည်။ မသုံးနိုင်၊ မစွဲနိုင်သူဘက်သို့ လှည့်၍ မကြည့်။ သူတောင်းစား၏ ခွက်ကို မျက်စောင်းမျှ မထိုးပေ။ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် လူအမျိုးမျိုး ရှိပါသည်။ အချို့မှာ ဟိတ်ဟန်ကြီးလှသည်၊ ထည်ဝါလှသည်၊ ခမ်းနားလှသည်။ မြေကြီးနှင့် ခြေထောက် မထိချင်သော၊ မျက်စိကောင်းကောင်း မဖွင့်ချင်သောလူမျိုး ဖြစ်သည်။ သူတို့သည် 'ငါတို့လိုလူမျိုး ငါတို့ပဲ ရှိတယ်ဟေ့' ဟု ကြုံးဝါးချင်တတ်ကြသည်။ သူတို့လို လူမျိုးချင်းသာ ပေါင်းသင်း ဆက်ဆံချင်ကြသည်။ သူတို့လောက် အဆင့်အတန်းမမြင့်ဟု ယူဆသူတွေကို မျက်မှောင်ကုတ်၍ ကြည့်တတ်ကြသည်။ သူတို့ ပတ်ဝန်းကျင်မှာ သူတို့လို လူတွေသာ ရှိသည်။ ထို့ကြောင့် အလွန်နယ်ကျဉ်းသည်။ သူတို့တွင် စွမ်းရည်သတ္တိကြီးတွေ ရှိချင် ရှိမည်။ သို့သော် ထိုစွမ်းရည်ဖြင့် လူအများ၏ အဆင်ပြေမှုကို ဖန်တီးမပေးနိုင်ကြ။ ကျဉ်းမြောင်းစွာ သီးခြား တည်နေတတ်ကြသည်။ ထိုထိုလူမျိုးသည် "နှစ်ဆယ်တန်" လို လူမျိုး ဖြစ်သည်ဟု ဆိုချင်ပါသည်။

အချို့မှာမူ ဟိတ်ဟန်လည်း မရှိ၊ ထည်လည်း မထည်ဝါ၊ ခမ်းလည်း မခမ်းနား။ အေးချမ်းသည်။ ရိုးသားသည်။ သူတို့သည် သိပ်အစွမ်းထက်ချင်မှ ထက်မည်။ သို့သော် သူတို့မှာ ရှိသမျှသော စွမ်းရည်ကလေးဖြင့် လူများ၏ အဆင်ပြေမှုကို အတတ်နိုင်ဆုံး ဖန်တီးပေးတတ်ကြသည်။ ခြေသိမ်းခေါင်းပိုက် လုပ်ပေးတတ်ကြသည်။ ဟိတ်ဟန်မရှိသဖြင့် လူတကာနှင့် ရောနှော ဆက်ဆံကြသည်။ ထို့ကြောင့် သူတို့ ပတ်ဝန်းကျင်မှာ ကျယ်ပြန့်သည်။ သူတို့၏ စေတနာကြောင့်လည်း သူတို့ကို မေတ္တာထား

သည်။ ထို လူမျိုးသည် "ငါးပြားစေ့" လို လူမျိုး ဖြစ်သည်ဟု ဆိုချင်ပါသည်။

ကျွန်တော် စဉ်းစားကြည့်ပါသည်။ နှစ်ဆယ်တန်ကို လူတိုင်းကိုင်မသုံးနိုင်၊ ငါးပြားစေ့ကို လူတိုင်း ကိုင်သုံးနိုင်သည်။ နေရာတကာနှစ်ဆယ်တန်ကို သုံးနေ၍ချည်းမဖြစ်၊ နှစ်ဆယ်တန်ကို သုံး၍ အဆင်မပြေနိုင်သော ကိစ္စများစွာတွင် ငါးပြားစေ့ကို သုံး၍ အဆင်ပြေအောင် လုပ်နိုင်သည်။

ကျွန်တော်သည် "နှစ်ဆယ်တန်" မဖြစ်ရ၍ ဝမ်းမနည်းပါ။ "ငါးပြားစေ့"ဖြစ်လျှင် လူဖြစ်ကျိုးနပ်ပြီဟု ထင်ပါသည်။ "ငါးပြားစေ့" ဖြစ်အောင် ကျွန်တော် ကြိုးစားရပေဦးမည်။

[ငွေတာရီမဂ္ဂဇင်း၊ အောက်တိုဘာ ၁၉၆၅]

ကျားကျားလျားလျား

မြန်မာရာဇဝင် နောက်ခံ ဇာတ်လမ်းတစ်ခုကို ဗီဒီယိုရိုက်ထားသော ဇာတ်ကား တစ်ကားကို ကြည့်လိုက်ဖူးပါသည်။ မင်းသားနှင့် နောက်လိုက် နောက်ပါများက ခေါင်းပေါင်းတွေ ပေါင်းထားကြသည်။ အင်္ကျီတော့ မပါ။ ကြွက်သား အဖုအထစ်တွေ ပေါ်နေသည်။ အောက်ပိုင်းမှာတော့ ဘောင်းဘီရှည် ကိုယ်စီနှင့် မြင်းစီးပြီး ဓားရေးပြိုင်ကြ၊ မြင်းပေါ်က ဆင်းပြီး ခုတ်ကြ ထစ်ကြနှင့် လှုပ်ရှားကြသည်။ ကြည့်နေရင်း တစ်ခုခုလိုနေသလို တွေးမိစဉ် အတူကြည့်နေသော မိတ်ဆွေ တစ်ယောက်က 'ဟာ ဒီလူတွေ မြန်မာသူရဲကောင်းတွေဆိုပြီး ပုဆိုး ခါးတောင်းကျိုက်နဲ့လည်း မဟုတ်ဘူး။ ရှေးက အဲဒီလို ဘောင်းဘီရှည်တွေ ဝတ်လို့လား' ဟု မှတ်ချက်ချပါသည်။

မိတ်ဆွေ ပြောတော့မှ သတိရသည်။ ဟုတ်ပေသားပဲ။ ရှေးမြန်မာသူရဲကောင်းဆိုလျှင် သျှောင်ထုံးနှင့် ပေါင်မှာ ထိုးကွင်းမင်ကြောင်များထိုးကာ ခါးတောင်းကျိုက်ထားသော ကျားကျားလျားလျား အသွင်မျိုးကို မြင်နေကျ ဖြစ်သည်။ ယခု ဘောင်းဘီတွေနှင့် ဆိုတော့ တစ်မျိုးဖြစ်နေသည်။

ရန်ကုန် ပြည်လမ်းပေါ်က ယခင် "ဆီမီယို" အဆောက်အအုံ အောက်ဆုံးထပ် ဘောပတ်လည် သျှောင်ထုံးနှင့်၊ ခါးတောင်းကျိုက်နှင့် ဓားကိုင်ပြီး လှုပ်ရှားနေဟန် ရုပ်ကြွများ ရှိသည်။ အသက်ဝင်သော လက်ရာများ ဖြစ်သည်။ ထို အရုပ်ကြီးများကို နောက်ခံပြုပြီး အမျိုးသမီး ကလေးများ ဓာတ်ပုံရိုက်ကြသည်ကို တွေ့ရသည်။

အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား စသည့် သူရဲကောင်း မင်းများ၏ ရုပ်လုံးများကို နေရာအနှံ့မှာ တွေ့ရသည်။ အားနှင့် မာန်နှင့် ခါးတောင်းကျိုက်ထားဟန် အရုပ်များ ဖြစ်သည်။

ကျွန်တော်တို့ ခပ်ငယ်ငယ်က မြန်မာ ယောကျ်ားကလေးများ ဘောင်းဘီရှည်ဝတ်သည့် အလေ့ သိပ်မတွင်ကျယ်သေးပါ။ ငယ်စဉ်က ဘောင်းဘီတိုကလေးတွေ ဝတ်ပြီး ပုဆိုးဝတ်တတ်သည့်အရွယ် ရောက် လျှင် ပုဆိုးဝတ်ကြသည်။ ပုဆိုးဝတ်ပြီ ဆိုသည်နှင့် ခါးတောင်းကျိုက်ပြီး အမျိုးမျိုး ဆော့ကြမြဲ ဖြစ်သည်။ ပုဆိုးဝတ်စ အရွယ်ကို ခါးတောင်းကျိုက် မမြဲသေးတဲ့ အရွယ်ဟု ခေါ်သည်။ ဆော့ချင်လျှင် လူကြီးတွေက ခါးတောင်း မြဲအောင် ကျိုက်ပေးရသည်။ ကျွန်တော် ငယ်စဉ် စာရေးတတ် ဖတ်တတ် စက အမ (အမေ) ကို ကိုယ်လုပ်ချင်တာ ကျောက်သင်ပုန်းမှာ စာရေးပြပြီး လုပ်ခိုင်းတတ်သည်။ တစ်ခါတွင် ဖက်ဖူးရောင် ပုဆိုးစိမ်းကလေး ဝတ်ပြီး ဆော့ကစားနေရင်း အိမ်ရှေ့မှာ ရွယ်တူ သူငယ်ချင်းတွေ ခါးတောင်းကျိုက် ပြီး ခုန်ပေါက် ဆော့ကစားနေတာ မြင်သည့်အတွက် ကျောက်သင်ပုန်းမှာ 'အစ်မ ကျွန်တော် ဖက်ဖူးရောင် ပုဆိုးလေးကို ခါးတောင်းကျိုက်ပေးပါ' ဟု စာရေးပြသည်ကို အမ (အမေ) က ရယ်ပြီး 'ကဲ... လာ... လာ' ဟု ခေါ်ကာ ခါးတောင်းကျိုက်ပေးလိုက်သည့် အတွက် ခုန်ပေါက် ဆော့ ကစားရသည်ကို မှတ်မိနေပါသည်။

ကျောင်းမှာ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်တိုင်း ဆရာက 'ကဲ... လေ့ကျင့်ခန်း လုပ်မယ်၊ မိန်းကလေးတွေ ထဘီတိုတိုဝတ်၊ ယောက်ျား လေးတွေ ခါးတောင်းကျိုက်' ဟု အမိန့်ပေးပြီး တစ်၊ နှစ်၊ သုံး၊ လေး တိုင်ပေးကာ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ရသည်။ ဘောလုံးကန် ပြေးလွှား ခုန်ပေါက်ရာတွင်လည်း ခြေလွတ်လက်လွတ် လှုပ်ရှားနိုင်အောင် ခါးတောင်းကျိုက်၍ ဆော့ကစားမြဲ ဖြစ်သည်။ သစ်ပင်တက်မလား၊ ရေကူး မလား၊ ခါးတောင်းကျိုက်ပြီး လုပ်မှ အားရကြသည်။

ယောက်ျားကလေးဖြစ်ပြီး ပျော့တိပျော့ဖပ် ကန့်ကလျဆိုရင် ဆရာ များက မကြိုက်။ ကျွန်တော်တို့ ဆရာ တစ်ယောက်ဆိုလျှင် 'ယောက်ျား လေးတွေ ကျားကျားလျားလျား ရှိပါစေနော်။ လူရှေ့ သူရှေ့မှာ ခါးတောင်း မကျိုက်ရဲတဲ့ ယောက်ျားမျိုး မဖြစ်စေနဲ့' ဟု ဆုံးမလေ့ရှိသည်။ 'ခါးတောင်း ကျိုက်ပြီး ကျားကျားလျားလျား ဦးမဆောင်နိုင်ရင် ဘယ်မိန်းကလေးက အားကိုးမှာလဲ' ဟုလည်း ပြောသေးသည်။ အရွယ်ရောက်လာတော့ ဝိုင်းဖွဲ့ပြီး ခြင်းခတ်လျှင် ခါးတောင်းကျိုက်၍ ခတ်ကြသည်။ 'ခါးတောင်း ရယ်မြှောင်၊ မည်းမှောင်တဲ့ သျှောင်စောင်း၊ ပျိုလေးတွေ ရေခပ်ဆင်းကို ခြင်းခတ်လို့ချောင်း' ဟူ၍ စာဖွဲ့ရသော မြင်ကွင်း ဖြစ်သည်။ ဒေါ်မီမီခိုင် ဟု ထင်ရှားသော ဆရာမကြီးက Burmese Family (မြန်မာမိသားစု) အမည်ဖြင့် အင်္ဂလိပ်လို စာအုပ်တစ်အုပ် ရေးသားခဲ့ရာ ထိုစာအုပ် တစ် နေရာတွင် သူ့မိခင်က သူ့အဘိုး (မိခင်၏ ဖခင်) အကြောင်း ပြောပြရာ တွင် အဘိုးသည် ခါးတောင်း မြှောင်အောင်ကျိုက်ပြီး အင်္ကျီချွတ်နှင့် ခြင်းလုံးခတ်လေ့ရှိရာ ခါးပတ်လည်နှင့် ပေါင်မှာထိုးထားသော ပြာလဲ့လဲ့ မင်ကြောင်ကွက်များဖြင့် အလွန် ကြည့်ကောင်းပုံကို ပြောပြကြောင်း ရေးသားထားပါသည်။ ဆရာသာခ၏ ဝတ္ထုတို တစ်ပုဒ်တွင် ယောက်ျား များ ခါးတောင်းကျိုက်ပြီး ကစားနေသော ခြင်းဝိုင်းကို ဘယ်မြန်မာ

မိန်းကလေး ဖြစ်စေ မျက်စိရဲရဲဖြင့် ကြည့်ရဲကြောင်း၊ မိဘ မောင်များ ရှေ့မှာ ကြည့်၍ရကြောင်း၊ မြန်မာ့ဓလေ့ဖြစ်၍ ထိုမြင်ကွင်းမှာ ဣန္ဒြေပျက် စရာ မရှိကြောင်း ရေးဖူးပါသည်။ ဆရာရွှေပြည်အေး၏ “ထိုးကွင်းကလေး နဲ့ ခြင်းခတ်သူ” သီချင်းကို ယခုအချိန်အထိ မြန်မာ့ဓလေ့ တေးတစ်ပုဒ် အဖြစ် နှစ်ခြိုက်နေကြဆဲပင် မဟုတ်လား။

ဝတ္ထုများတွင် မိန်းကလေးက ပိတောက်ပန်း ပန်ချင်သည်ဆို၍ ခါးတောင်းကျိုက်ပြီး ပိတောက်ပန်း တက်ခူးပေးသည့် အဖွဲ့များ မကြာခဏ တွေ့ရပါသည်။ မိန်းကလေးတွေ မလုပ်နိုင်သည့် ကိစ္စကို ယောကျ်ား ကလေးတွေက လုပ်ပေးသည့်အတွက် အားကိုးချင်စရာ ဖြစ်ရသည့် သဘော ကို သိမ်သိမ်မွေ့မွေ့ ဖော်ပြနေသောအဖွဲ့ ဖြစ်သည်။ ဇနီးဖြစ်သူက ‘ကျုပ် ကတော့ ကျုပ်ယောကျ်ားရဲ့ ခါးတောင်းမြီးကို ဆွဲပြီးလိုက်မှာပဲ’ ဟု ပြောပုံ၊ ယောက်မ ဖြစ်သူကို’ ငါ့မောင်တော့ ညည်းနဲ့ ပေါင်းနေသမျှ ခါးတောင်း ကျိုက် ဖြုတ်ရမှာ မဟုတ်ဘူး’ ဟု ပြောပုံတို့တွင် အမြဲခါးတောင်းကျိုက် ပြီး အလုပ်လုပ်ရသော မြန်မာယောကျ်ားများ၏ သွင်ပြင် ထင်ဟပ်နေ ပါသည်။

မင်းသားက၊ အိုးစည်က၊ ဒိုးပတ်က စသည့် မြူးကြွ သွက်လက် သော အကများတွင် ယောကျ်ားကလေးများ ကသည်ဖြစ်စေ၊ မိန်းကလေး များ မင်းသားလို ဝတ်ပြီး ကသည်ဖြစ်စေ ခါးတောင်းကျိုက်ပြီး ကကြ ပုံမှာ မြူးကြွ သွက်လက်ပြီး အသက်ဝင်ပါသည်။

သတိထားမိသလောက် ယခု နောက်ပိုင်း ဆယ်နှစ်ကာလအတွင်း မှာ ယောကျ်ားကလေးများ၏ ကျားကျားလျားလျား အသွင်ကို အတွေ့ရ နည်းလာပါသည်။

ယောကျ်ားကလေးများ ပုဆိုးကို အောက်လျှောပြီး ကျွတ်ကျတော့ မလို “ချက်ပြုတ်” ဝတ်သည့် အလေ့အထ တော်တော်ခေတ်စားလိုက်ပါ

သေးသည်။ ဆရာတစ်ယောက်က 'ဒီကောင်လေးတွေ ချက်ပြုတ်ဝတ် နေရင် ဘယ်လို ခါးတောင်းကျိုက်မှာလဲ' ဟု ပြောဖူးပါသည်။

'ဒီနေ့ ယောကျ်ားကလေးတွေက မလုံမခြုံ ဘောင်းဘီတိုနန့်နန့် လေးတွေ ဝတ်ရမှာတော့ မရှက်ကြဘူး။ ခါးတောင်းကျိုက်ရမှာတော့ ရှက်ကြတယ်' ဟု လူကြီးတစ်ယောက်က မှတ်ချက်ချဖူးပါသည်။

ခါးတောင်းကျိုက်ခြင်းသည် ဝတ်ဆင်ပုံ တစ်မျိုး ဟူသော ရိုးရိုး အဓိပ္ပာယ်မျှသာ မကတော့ဘဲ ကျားကျားလျားလျားရှိခြင်း၊ အားမာန် ပါခြင်း၊ တက်တက်ကြွကြွရှိခြင်း၊ အလုပ် ကြိုးစားအားထုတ်ခြင်း ဟူသော အဓိပ္ပာယ်များပါ ထင်ဟပ်နေကြောင်း 'ခါးတောင်းကျိုက်ပြီး ကြိုးစား ကြ၊ ခါးတောင်းကျိုက် မဖြုတ်ကြနဲ့' ဆိုသော စကားများက သက်သေ ခံနေပါသည်။

ရှေ့မှာ ပြောခဲ့သလို "ခါးတောင်း မကျိုက်သော" မြန်မာ သူရဲ ကောင်းများကို တွေ့ရသောအခါ တစ်ခုခု လိုနေသလိုလို၊ အားတွေ အင်တွေ လျော့ပါးနေသလိုလို ထင်မိပါသည်။

တစ်ခု သတိရပါသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်က "ရှင်မွေ့ နွန်း မင်းနန္ဒာ" ဗီဒီယိုကား တစ်ကားတွင် မင်းနန္ဒာက ငမိုးရိပ်မိကျောင်း စီးပြီး ဒဂုံမှ သန်လျင်သို့ ကူးသွားပုံကို ဘယ်လို ရိုက်ထားသည် ထင်ပါ သလဲ။ ခေါင်းပေါင်းနှင့်၊ ထိုင်မသိမ်းအင်္ကျီနှင့်၊ တောင်ရှည်ပုဆိုး တလွင့်လွင့် နှင့် သန်လျက်ကိုင်ပြီး မိကျောင်းပေါ်မှာ မတ်တတ်ရပ်လျက် လိုက်ပါ သွားပုံ ဖြစ်ပါသည်။ စိတ်ထဲမှာ 'အင်း... မင်းနန္ဒာခမျာ တဝဲဝဲလွင့်နေတဲ့ သူ့ပုဆိုးစ ပြန်နင်းမိပြီး ရေထဲ ပြုတ်ကျရင်တော့ ဒုက္ခပဲ' ဟု တွေးပူမိ သည်။

[Modern Times (၂၀ ဇူလိုင် ၂၀၁၀)]

သူ့လက်ရေး ကိုယ့်လက်ရေး

အမည်မသိ စာဆိုတစ်ဦး၏ တြိချိုးကဗျာတစ်ပုဒ်ကို အများ ကြားဖူးကြပါသည်။ ကဗျာကလေးမှာ ဤသို့။

ရွှေဝသွား
ပါးလိုက်ကဲ့ ဆောင်ပါလေ
လွမ်းသူ့စာခွေ။
သည်စာခွေ
အထွေထွေ ပါရဲ့လေး။
စီလို့သာ ကုံးရ
စာလုံးပုံ တယ်မလှတယ်
မိန်းမလက်ရေး။

အင်းဝသို့ သွားသော ချစ်သူမောင်ကို လွမ်းစာ ပါးလိုက်သော မိန်းမပျိုလေးက သူ့လက်ရေးမှာ မိန်းမ လက်ရေးမို့ မလှပါဟု အားငယ်သံကလေးဖြင့် ဆိုရှာသည်။

ဆရာ မြို့မငြိမ်းက သည်ကဗျာကလေးထဲက မိန်းမ လက်ရေး အကြောင်းကို စိတ်ဝင်စားသည့်အလျောက် "ပျို့မှာတမ်း" သီချင်းမှာ "မိန်းကလေး လက်ရေးသီရင် ခွင့်လွှတ်စေချင်" ဟု ရေးဖွဲ့သည်။ နောက် သည့်ဘက်ခေတ်မှာ ပေါ်သော သီချင်းတစ်ပုဒ် အမည်က "မိန်းကလေး လက်ရေး" ဖြစ်သည်။ ရေးသည့် စာဆိုကိုတော့ မမှတ်မိပါ။ သီဆိုသူက မစိန်မြင့်လတ်ပါ။ သီချင်းစာသားထဲမှာ "မိန်းကလေး လက်ရေး မောင် ဖတ်ရတာ ခက်မယ်ထင်တယ်ရှင်" "မိန်းကလေး လက်ရေးကလေးကို မောင် သည်းခံပြီး ဖတ်စေချင်တယ်ရှင်' ဟု ပါသည်။ လက်ရေးမလှရှာ သည့် မိန်းကလေးများ သနားစရာပါ။

မိန်းကလေး လက်ရေးတွေ မလှပုံကို ကဗျာတွေ၊ သီချင်းတွေ ဖွဲ့တော့ ယောက်ျားတွေ ရေးသည့် လက်ရေးက လှသည်ဟုဆိုရာ ရောက် နေသလားဟု တွေးမိသည်။

ဆရာကြီး ပီမိုးနင်း၏ လက်ရေးမှာ တော်တော်ဆိုးသည်ဟု ဖတ်ဖူးသည်။ ဖတ်နေကျသူ မဟုတ်လျှင် ဆရာကြီး၏ လက်ရေးကို ဖတ်တတ်မည် မဟုတ်ဟု ဆိုသည်။

အမျိုးသမီးများ၏ လှပဝိုင်းစက်သော လက်ရေးတွေ မကြာခဏ တွေ့ဖူးပါသည်။ ဖတ်မရအောင် ဆိုးသော အမျိုးသား လက်ရေးများလည်း ရှိပါသည်။

မိန်းမရယ်၊ ယောက်ျားရယ် မဟုတ်။ လက်ရေးလှသူက လှသည်။ မလှသူက မလှပါ။

ဘယ်သူမဆို ကျောင်း စနေသည့် အရွယ်တုန်းကတော့ လက် ရေးလှအောင် လေ့ကျင့်ခဲ့ကြရမြဲ ဖြစ်သည်။ "ဝ-ဝကလေး ဝိုင်းဝိုင်းရေး" ဆိုသော အဆိုနှင့်အညီ ဝလုံးက စ၍ ကကြီး ခကွေး စသည့် အက္ခရာ

တွေကို ဝိုင်းစက်နေအောင် ကြိုးစားရေးရသည်။ မဝိုင်းလျှင် ဆရာမက လက်ဆစ်ကို ပေတံနှင့် ခေါက်တာမျိုးလည်း ရှိသည်။ လေးကြောင်းမျဉ်း ပါသော လက်ရေးလှ စာအုပ်ဖြင့် လေ့ကျင့်ရသည်လည်း ရှိသည်။ အတန်း ကြီးလာတော့ လက်ရေးတွေ အမျိုးမျိုး ဖြစ်ကုန်သည်။

အနီးကပ်ပြောရလျှင် ကျွန်တော် တက္ကသိုလ် ကျောင်းသားဘဝ က ကျွန်တော့်ကို မြန်မာစာ သင်ကြားပို့ချပေးသော ဆရာကြီး၊ ဆရာမ ကြီးတွေ လက်ရေးလှကြပါသည်။ ဝိုင်းဝိုင်းစက်စက် သေသေသပ်သပ် ရှိသည်။ မြန်မာစာပါမောက္ခ ဆရာဦးမောင်မောင်ကြီး၏ လက်ရေးမှာ သေးသော်လည်း ရှင်းသည်။ ညီညာသည်။ လှသည်။ ဆရာ့ လက်ရေး ကလေးတွေကို တွေ့စက ချစ်စရာကောင်းသည်ဟု ခံစားမိသည်။

စာပေဆိုင်ရာ ပြခန်းတွေမှာ စာရေးဆရာများ၏ လက်ရေးနမူနာ များ ဓာတ်ပုံရိုက်ပြထားသည်ကို တွေ့ရတတ်သည်။ အချို့ လှသည်။ အချို့က မလှ။

လက်ရေးက လက်ရေးရှင်၏ ပုဂ္ဂလဝိသေသကို ပြသည်ဟု ဆိုသည်။ အမှုအခင်းများတွင် လက်ရေးမှ တစ်ဆင့် လက်ရေးရှင်ကို ရှာဖွေ ဖော်ထုတ်နိုင်သည့် ဓာတ်လမ်းများ ရှိသည်။ လူတစ်ယောက်၏ လက်ရေးကို တူအောင် လိုက်တုရေးစေကာမူ အစစ်နှင့်အတု ခွဲခြားနိုင် သည့် သွင်ပြင်များကို ဖော်ထုတ်နိုင်သည်ဟုလည်း ဆိုသည်။ လက်ရေး မမှတ်မိအောင် တမင် ဖျက်ရေးသည်။ ညာသန်သူက ဘယ်ဘက်နှင့် တမင် ပြောင်းရေးသည်ဆိုသော ဖြစ်ရပ်တွေလည်း ရှိသည်။

စာမေးပွဲဖြေတော့ အဖြေလွှာချင်းအတူတူ လက်ရေးလှတဲ့သူက ပိုပြီး အမှတ်ရနိုင်သည်။ စာစစ်တဲ့သူက လက်ရေးလှသူကို အမှတ်ပေး ချင်စိတ် ပိုရှိတယ်ဟုလည်း အချို့ ပြောကြသည်။

ဤနေရာတွင် ကျွန်တော့် လက်ရေးအကြောင်းပြောဖို့ သတိရသည်။ ကျွန်တော့်လက်ရေးက တော်တော် ဆိုးသည်။ အသက်ကြီးလာလေလေ ပိုဆိုးလေလေ ဖြစ်သည်။ တစ်ခါတစ်ခါ ကိုယ်ရေးတာ ကိုယ်ပြန်ဖတ်ရင်း "ဘာရေးထားတာပါလိမ့်" ဟု တော်တော်စဉ်းစားရသည်အထိပင် လက်ရေးဆိုးပါသည်။

မှတ်မိသလောက် အထက်တန်း ကျောင်းသားဘဝအထိ ဖောင်တိန်သုံးရသည်။ သည်တုန်းက သိပ်မဆိုးသေးပါ။ မလှသည့်တိုင်အောင် ရှင်းရှင်းလင်းလင်း ရှိသည်။ ဖောင်တိန်ခေတ်မှ ဘောပင်ခေတ်သို့ ပြောင်းလာချိန်က စ၍ ကျွန်တော့် လက်ရေး ပိုဆိုးလာသည်ဟု ထင်သည်။ ဘောပင်က ဖောင်တိန်ထက် ပိုသွက်ပြီး သော့ချင်တိုင်း သော့နိုင်သည့်အတွက် လက်ရေးတွေ ပိုပြီး မပီမသ ဖြစ်လာသည်ဟု ထင်သည်။ 'မင်းခုမှသာ လက်ရေးဆိုးတာ၊ ရည်းစားစာ ရေးတုန်းကတော့ တော်တော်လှတယ်' ဟု သူငယ်ချင်းတွေက ကျီစယ်သည်။ ဟုတ်လောက်ပါသည်။ စိတ်ရှည်လက်ရှည် တစ်လုံးချင်း ရေးတာကိုး။

ဆောင်းပါးတွေ ဘာတွေ ရေးတော့ စိတ်ကူးနောက် လက်က အမီလိုက်ဖို့ ကြိုးစားသည့်အတွက် လက်ရေး ပိုသော့ပြီး မပီမသ ဖြစ်လာရခြင်း ဖြစ်နိုင်ပါသည်။ "ဟင်... ငယ်ငယ်က ဆရာ၊ ဆရာမတွေက ငါ့လက်ရေး ကြည့်ပြီး အမှတ်ပေးတာဆိုရင်တော့ စာမေးပွဲတွေ အောင်ဖို့ မလွယ်ဘူး" ဟု တွေးမိသည်။

ကျွန်တော့် လက်ရေးနှင့် ပတ်သက်သည့် မှတ်ချက်တစ်ခုကို အမှတ်ထင်ထင် ဖြစ်ရပါသည်။ ကျွန်တော် ဆယ်တန်းတုန်းက မြန်မာစာ သင်ခဲ့သော ကျွန်တော့် ငယ်ဆရာတစ်ဦးမှာ အသက် (၈၀) ကျော်ပါပြီ။ ကျွန်တော်နှင့် ဖုန်းအဆက်အသွယ် ရှိပါသည်။ တစ်ခါတစ်ခါ

ဆရာက ကျွန်တော့်ကို ဖုန်းဆက်ပြီး ဟိုအကြောင်း သည်အကြောင်း မေးစရာကလေးတွေ မေးတတ်သည်။ တစ်ခါတော့ ဆရာက သူ့ဇာတိမြို့မှ အမျိုးသားကျောင်း ရာပြည့်ပွဲတော်အတွက် ဘာအစီအစဉ်တွေပါရင် ကောင်းမလဲဟု လှမ်းပြီး တိုင်ပင်သည်။ 'မင်း စိတ်ကူးပေါ်တာ ရေးပေးလိုက်ကွာ။ ငါ့မြေးလေး လွှတ်ပြီး ယူခိုင်းလိုက်မယ်' ဟု ဆိုသဖြင့်၊ ကျွန်တော်က 'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ရေးပေးပါ့မယ်' ဟု ပြောပြီး စိတ်ကူးရသမျှ တစ်မျက်နှာ နှစ်မျက်နှာလောက် ရေးထားသည်။ ဆရာ့မြေးလေး လာယူတော့ ပေးလိုက်သည်။

ညကျတော့ ဆရာ ဖုန်းဆက်သည်။ 'မင်း ပေးတဲ့ အကြံဉာဏ်တွေ ကောင်းပါတယ်ကွ၊ ကျေးဇူးပါပဲ မောင်ရာ' ဟု ဦးစွာ ပြောသည်။ ပြီးတော့မှ စကားတစ်ခွန်း ဆက်ပြောသည်။

'မင်း လက်ရေးကလည်းကွာ ငါ့လခွေး' တဲ့။

ဆရာ့ မှတ်ချက်စကားကို ကြားလိုက်သည်နှင့် ကျွန်တော် ဣန္ဒြေမဆည်နိုင်တော့ဘဲ အူလိုက်သည်းလိုက် ရယ်မိပါသည်။ စိတ်ထဲမှာ များစွာ ကြည်နူးသွားပြီး ငယ်ငယ်တုန်းက ဆရာ စာသင်နေတာကို ခံယူလိုက်ရသလို ပျော်သွားပါသည်။ ဩော်... ကျွန်တော့် လက်ရေးနှင့် ပတ်သက်၍ ကျွန်တော့် ငယ်ဆရာ၏ မှတ်ချက်က မှတ်လောက် သားလောက်ပါပဲ။ စိတ်ထဲမှာ နက်နက်ရှိုင်းရှိုင်း စွဲသွားပါတော့သည်။

(ကျွန်တော့် ငယ်ဆရာမှာ ပညာရေး တက္ကသိုလ်မှ ပညာရေးသဘောတရား ပါမောက္ခအဖြစ် အငြိမ်းစားယူပြီးဖြစ်သော ဆရာကြီး ဦးထွန်းကြွယ် ဖြစ်ပါသည်။ ဤစာဖြင့် ဆရာ့ကို အမှတ်တရ ကန်တော့လိုက်ရပါသည်။)

[တော်ဝင်ပန်းရျာနယ်၊ အမှတ် (၉၄)၊ ၁ ဒီဇင်ဘာ ၂၀၁၁]

စာကြည့်သူငယ်ချင်းများ

တစ်ခါက မိတ်ဆွေတစ်ယောက် ကျွန်တော့် စာကြည့်ခန်းထဲ ရောက်လာပြီး စာအုပ်ဗီရိုနှင့် စာအုပ်စင်တွေမှာ အစီအရီ ရှိနေသော စာအုပ်တွေကို ကြည့်ရင်း မှတ်ချက်ချသည့် စကားကို ကျွန်တော် သတိရနေဆဲဖြစ်ပါသည်။ သူ့ မှတ်ချက်က 'ဒီစာအုပ်တွေ အကုန်လုံး ရောင်းလိုက်ရင် ပိုက်ဆံ တော်တော်ရမှာပဲနော်' တဲ့။

ကျွန်တော် သူ့စကားကြောင့် စိတ်ထဲမှာ တော်တော် ကသိကအောက် ဖြစ်သွားသည်။ သူ့ကို ပါးစပ်က အသံထွက်ပြီး ဘာမှမပြောလိုက်သော်လည်း စိတ်ထဲမှာတော့ "သြော်... ခင်ဗျားက စာတန်ဖိုးကို တော်တော် သိနေပါကလား"ဟု သရော်တော်တော် တွေးလိုက်မိပါသည်။

သူ့ကို အပြစ်တင်စရာတော့ မရှိပါ။ ကျွန်တော့် မိတ်ဆွေက စာသမား မဟုတ်။ စာအုပ်နှင့် တော်တော် အလှမ်းဝေးသည့် အရောင်းအဝယ် အလုပ်အမျိုးမျိုးဖြင့် စီးပွားဥစ္စာ တိုးပွားနေသူ ဖြစ်သည်။ တစ်နေ့တစ်နေ့ အရောင်းအဝယ်အကြောင်း၊ ပိုက်ဆံအကြောင်း ပြောရင်းဆိုရင်း ကျင်လည် လှုပ်ရှားနေသူ ဖြစ်သည်။ သူ့အိမ်မှာ သူ့သားသမီးများ၏

ကျောင်းစာအုပ်များမှလွဲ၍ အခြားစာအုပ် မည်မည်ရရ မရှိ။ သူ့ဆီက စာအုပ်အကြောင်း၊ စာဖတ်သည့်အကြောင်း တစ်ခါမျှ မကြားရ။ သည်တော့ ကျွန်တော့် စာအုပ်တွေကို ရောင်းစရာ စက္ကူတွေအဖြစ်သာ မြင်ပုံရပါသည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ" ဆောင်ပုဒ် စတင် ပေါ်ထွက်စဉ်က ဆရာ ဦးဖေသိန်းလား မသိ။ စက္ကူတွေ၊ ပုလင်းတွေ လိုက်ဝယ်သော အထမ်းနှင့် ကုလားက "စက္ကူပုလင်း ငါ့သူငယ်ချင်း" ဟု ပြောဟန် ရုပ်ပြောင် ရေးဆွဲဖူးပါသည်။ ကျွန်တော့် မိတ်ဆွေမှာလည်း စာအုပ်စာပေကို မိတ်ဆွေဖွဲ့ဖို့ထက် စက္ကူနှင့် သူငယ်ချင်းတော်ဖို့ ပိုပြီး စိတ်ထက်သန်ပုံ ရပါသည်။

ဒေါ်ခင်နှင်းယု၏ "ဘုရင်ခံ မလိုချင်ပေါင်" ဝတ္ထုထဲက ဇာတ်ကွက် တစ်ကွက်ကို သွားသတိရသည်။ ပိုက်ဆံကို အင်မတန် အလေးထားသော ဒေါ်ဂျိုးဥက ရန်ကုန်ရှိ သားနှင့် ချွေးမ အိမ်ကို ခေတ္တရောက်လာသည်။ သားက သတင်းစာဆရာ။ ချွေးမက အထက်တန်းပြ ဆရာမ။ နှစ်ယောက်စလုံး စာသမားများ ဖြစ်သည်။ စာအုပ်ဗီရိုထဲမှာ စာအုပ်ကောင်းတွေ ထည့်သိမ်းထားသည်။ ဒေါ်ဂျိုးဥက ဗီရိုထဲမှာ ဘာတွေရှိပါလိမ့်ဟု စိတ်ဝင်စားသည်။ ချွေးမကို စိန်ဝယ်ဖို့၊ ရွှေဝယ်ဖို့ အမြဲတိုက်တွန်းသည်။ သူ ဖြစ်စေချင်သလို ဖြစ်မလာ၍ အားမရ။ ဗီရိုထဲမှာ အဖိုးတန် ပစ္စည်းတွေ သိမ်းထားလိမ့်မည်ဟု ထင်နေရာက စာအုပ်တွေမှန်း သိသော အခါ အများကြီး ဒေါ်ပွသွားသည်။ 'သူတို့ လင်မယားက စက္ကူတွေပဲ စုနေတယ်' ဟု အပြစ်တင်သည်။ စိန်တွေ၊ ရွှေတွေကိုသာ ပစ္စည်းဥစ္စာ အဖြစ် တန်ဖိုးထားသော ဒေါ်ဂျိုးဥသည်လည်း စာအုပ်တွေကို စက္ကူတွေ အဖြစ်သာ မြင်သည်မှာ သဘာဝကျပါသည်။

စက္ကူပေါ်ပေါက်ချိန်ကစ၍ စာနှင့် စက္ကူက ရင်းနှီးသော ဆက်သွယ်မှု ရှိသည်။ 'စာပေဆိုတာ ပေရွက်ပေါ်မှာ ရေးလို့ "စာပေ" လို့ ခေါ်တာဆိုရင် ခုခေတ်မှာ စက္ကူပေါ်မှာ ရေးတာမို့ "စာစက္ကူ" လို့ ခေါ်သင့်တာပေါ့' ဟု အချို့က ကြုံကြုံဖန်ဖန် ပြောသည်မှာ ဟုတ်သလိုလိုပင်။ အတာသကြ်န်ကူးသည့်အကြောင်း ဖော်ပြသော သကြ်န်စာကို စက္ကူပေါ်မှာ ရိုက်နှိပ်သည့်အတွက် ရှေးက "အတာစက္ကူစာ" ဟု ခေါ်ကြောင်း မှတ်သားရဖူးပါသည်။

ဂျပန်ကျောင်းသားများကို မြန်မာစာ သင်ကြားပို့ချပေးရသည့် တာဝန်တစ်ခု ကျွန်တော် ထမ်းဆောင်စဉ်က သူတို့ကို လက်ကမ်းစာ (Hand Out) များ ဝေငှ၍ သင်ကြားပေးရာ ကျောင်းသူကလေး တစ်ယောက်က 'ဆရာ၊ ကျွန်မ စက္ကူ မရသေးပါဘူး။ စက္ကူပေးပါ' ဟု ထတောင်းသည်။ ပထမတော့ သူ ပြောတာ ရုတ်တရက် နားမလည်ပါ။ နောက်မှ သဘောပေါက်သွားပြီး 'စက္ကူလို့ မခေါ်ရဘူး။ စာရွက်လို့ ခေါ်ရတယ်' ဟု သင်ပေးရသည်။ မြန်မာစကား မကျွမ်းကျင်သူ ဖြစ်၍ စာရွက်ကို စက္ကူဟု ခေါ်ခြင်း ဖြစ်ကြောင်း နားလည်ရပါသည်။

အဖိုးတန် စာပေများ စက္ကူဘာဝသို့ စုတိစိတ်ကျရသော ကြေကွဲစရာ ဇာတ်လမ်းများကို ကြားရဖူးသည်။ ကိုယ်တွေ့လည်း ကြုံဖူးသည်။ ကွယ်လွန်သူ မိတ်ဆွေကြီး ဓနုဖြူကျော်ထွန်း (အီကြာကွေး) ပြောပြသော ဖြစ်ရပ်တစ်ခု ရှိသည်။ သူ လူ့ရွယ်ဘဝ စာတွေ သဲကြီးမဲကြီး ဖတ်နေစဉ် ဒဂုန်မဂ္ဂဇင်းတွေ၊ ဂန္ဓလောက မဂ္ဂဇင်းတွေ စုဆောင်းထားသော ပုဂ္ဂိုလ်ကြီး တစ်ယောက်က သူ့ကို တစ်ထမ်းတစ်ပိုး ပေးသည့်အတွက် ဝမ်းသာအားရ သယ်လာခဲ့သည်။ ကိစ္စတစ်ခုပေါ်၍ တစ်ပတ်လောက် ခရီးထွက်ပြီး ပြန်လာသောအခါ သူ့စာပေ ရတနာများ ရှာမတွေ့တော့။ ပျောက်ခြင်း

မလှ ပျောက်သွားသည်။ မေးမြန်းကြည့်တော့မှ အိမ်က အဘွားလား၊ အဒေါ်လား တစ်ယောက်က စာအုပ်ဟောင်းတွေ ရှုပ်သည်ဆိုပြီး စက္ကူ ဝယ်သော ကုလားကို ရောင်းပစ်လိုက်ပါသတဲ့။ သူက ထိုအကြောင်းကို နှမြောတသသည့် လေသံဖြင့် ပြောပြဖူးပါသည်။ နှစ်အတန်ကြာတော့ ကျွန်တော်ကိုယ်တိုင် ဤအဖြစ်မျိုး ကြုံရသည်။ ကျွန်တော်က ငွေတာရီ မဂ္ဂဇင်းထွက်စက စပြီး လစဉ် ဝယ်ဖတ်သည်။ ဖတ်ပြီး အမြတ်တနိုး သိမ်းထားသည်။ မဂ္ဂဇင်းတွေ များလာတော့ ကောင်းနိုးရာရာ ဆောင်းပါး တွေ ဖြုတ်ပြီး သီးသန့်ချုပ်ထားလေ့ရှိသည်။ နောက်ပိုင်းမှာ တော်တော် နှင့် မချုပ်ဖြစ်ဘဲ စားပွဲပေါ်မှာ ထပ်ထားစဉ် ကျွန်တော် အလုပ်ကပြောင်းရွှေ့ ရသဖြင့် အိမ်မှာ စာအုပ်ဗီရိုကို ထားခဲ့သည်။ စားပွဲပေါ်မှာလည်း မဂ္ဂဇင်း တွေ အပုံလိုက် ထပ်ထားခဲ့သည်။ သွားလိုက်၊ လာလိုက် အလုပ်များနေ ပြီး တစ်ခါတွင် သတိရ၍ ကြည့်လိုက်သောအခါ ငွေတာရီမဂ္ဂဇင်းတွေ အများကြီး ပျောက်နေသည်ကို တွေ့ရပါသည်။ မေးမြန်း စုံစမ်းကြည့် တော့မှ လက်သည်ပေါ်တော့သည်။ ဆေးလိပ်ခုံမှာ အလုပ်လုပ်ပြီး ကျွန်တော် တို့ အိမ်ကို ဝင်ထွက်နေသော မိန်းမတစ်ယောက်က ဆေးလိပ်အစီခံလုပ်ဖို့ တစ်အုပ်ယူလိုက်၊ နှစ်အုပ်ယူလိုက်နှင့် နောက်ဆုံး အားလုံးကုန်သည်အထိ အပျောက်ရှင်းသွားခြင်း ဖြစ်ကြောင်း သိလိုက်ရသည်။ စိတ်တိုရုံ၊ နှမြော ရုံကလွဲ၍ ဘာမှ မတတ်နိုင်တော့ပါ။ ပြန်စဉ်းစားမိတိုင်းလည်း နှမြော နေမိပါသည်။ သိပ်တော့ မထူးဆန်းပါ။ ထို မိန်းမသည် စာတတ်ဖို့ ဝေးလို့၊ သူ့နာမည်တောင် သူ ရေးတတ်သူ မဟုတ်ပါ။

စာအုပ်တွေကို စက္ကူအဆင့်ထက် နည်းနည်း ပို၍ နေရာပေး တတ်သောသူများလည်း ရှိပါသည်။ သာယာဝတီစမ်းစမ်းနွဲ့၏ "ကိုကို ကံရာဇာ" ဝတ္ထုထဲမှာ ဇာတ်ဆောင်တစ်ယောက် ပါသည်။ သူ့အစ်ကို

က သတင်းစာ ဆရာ။ သူကတော့ ဩဇာအာဏာ ရှိသူတွေနှင့် ကပ်ပြီး ပေါ်ပင်အလုပ်တွေနှင့် လှုပ်ရှားနေသူ ဖြစ်သည်။ စာမဖတ်သော်လည်း ဧည့်ခန်းထဲက ဗီရိုထဲမှာ ဂန္ထဝင်စာအုပ်ကြီးတွေ ထည့်ထားပြီး ဟန်ရေးပြချင်သူ ဖြစ်သည်။ သူ့အဖို့တော့ စာအုပ်တွေက လူအထင်ကြီးစရာ အဆောင်အယောင် အဆင့်မှာ ရှိသည့်အတွက် စက္ကူအဆင့်ထက်တော့ ပို၍ တန်ဖိုးရှိသည်။

သူတို့က စာအုပ်တွေကို စက္ကူအဖြစ်သာ မြင်သည့်အတွက် စာဖတ်ဝါသနာထက်သန်သူ၊ စာအုပ်ချစ်သူတွေကို နားမလည်နိုင်ကြပါ။ မုန့်ဖိုးကို မုန့်မစားဘဲ စုထားပြီး ကာတွန်းရုပ်ပြောင် စာအုပ်ကလေးတွေ ဝယ်ဖတ်သော လူငယ်ကလေးကို 'မစားရ မသောက်ရနဲ့၊ စာအုပ်ပဲ ဝယ်ရတယ်လို့' ဟု အပြစ်တင် ကြိမ်းမောင်းသော လူကြီး မိဘအချို့၏ စကားကို ကြားဖူးသည်။ 'မျက်စိအညောင်းခံပြီး ဘာဖြစ်လို့ စာတွေ အများကြီးဖတ်နေတာလဲ' ဟူသော မေးခွန်းမျိုးလည်း ကြားဖူးသည်။ အိမ်ကို အလည်လာရင်း စာကြည့်ခန်းထဲ ဝင်လာကာ စာအုပ်စင်တွေပေါ်က စာအုပ်တွေကို ကြည့်ပြီး 'ဒီစာအုပ်တွေ အကုန်ဖတ်ပြီးရောပေါ့နော်' ဟု မေးသူမျိုးလည်း ရှိသည်။ 'ဖတ်ပြီးတဲ့ စာအုပ်တွေ ပြန်ရောင်းလိုက်ပါလား' ဟု အကြံပေးသူမျိုးလည်း ရှိသည်။ ဤအခါတွင် စာအုပ်များစွာ အမြတ်တနိုးစုဆောင်းထားသော ကျွန်တော့် ဆရာတစ်ယောက်က 'စာအုပ်တွေ ဖတ်ချင်လို့ စုထားတာ။ သေတဲ့အထိတောင် ဖတ်လို့ပြီးမယ် မထင်ပါဘူးကွယ်' ဟု ခပ်ညည်းညည်းကလေး ပြောဖူးသည်ကို သတိရနေပါသည်။

တက္ကသိုလ်မဂ္ဂဇင်းတစ်စောင်ထဲက ဝတ္ထုကလေးတစ်ပုဒ်ကိုလည်း ဆက်စပ် သတိရလာပါသည်။ ကြာတော့ ကြာပါပြီ။ ရေးသူကိုလည်း မမှတ်မိတော့ပါ။ ဝတ္ထု နာမည်ကိုလည်း မမှတ်မိတော့ပါ။ ဇာတ်လမ်း

က အိမ်ဖော်မကလေး တစ်ယောက်အကြောင်း ဖြစ်သည်။ တစ်နေ့တွင် အိမ်ဖော်မကလေးက တက္ကသိုလ်ကျောင်းသား၏ အရေးကြီးသော ကျောင်းသင်ခန်းစာ မှတ်စုစာရွက်များကို ယူပြီး သူ ထိန်းရသော ကလေးအတွက် အရုပ်ကလေးများ ချိုးပေးသည်ကို တက္ကသိုလ်ကျောင်းသား သိ၍ စိတ်ဆိုးပြီး အိမ်ဖော်မကလေးကို ရိုက်သည်။ အိမ်ဖော်ကလေးက 'ကျွန်မ စာမတတ်လို့၊ မသိလို့ လုပ်မိတာပါ အစ်ကိုရဲ့။ နောင် မလုပ်တော့ပါဘူး' ဟု ပြောပြီး ငိုသည်။ "ကျွန်မ စာမတတ်လို့" ဆိုသော စကားကလေးက တက္ကသိုလ်ကျောင်းသား ရင်ထဲမှာ ခိုက်သွားသည့်အတွက် အိမ်ဖော်မကလေးကို အိမ်မှာပင် စာတတ်အောင် သင်ပေးသည်။ အိမ်ဖော်မကလေးမှာ ထိုအိမ်မှ ထွက်သွားပြီးသည့်နောက်တွင်လည်း ဆက်လက် ကြိုးစားသည့်အတွက် တက္ကသိုလ်ကျောင်းသူ ဖြစ်သွားရပုံကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ "စက္ကူအသိ" မှ "စာအသိ" သို့ ပြောင်းလဲ ဖွံ့ဖြိုး တိုးတက်သွားရပုံကို ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

များသောအားဖြင့်တော့ စာသမားများ စာဖြင့် မွေ့လျော်သည်ကို နားလည်မှု မပေးနိုင်သော စက္ကူ၏ သူငယ်ချင်းများ အဖြစ်ဖြင့်သာ တွေ့မြင်နေရပါသည်။

[တော်ဝင်ပန်းဂျာနယ်၊ အမှတ် (၆၈)၊
၁၆ အောက်တိုဘာ ၂၀၁၀]

စာအုပ်ဆိုသော ထိုမိတ်ဆွေ

စာအုပ်စာပေကို စက္ကူအဖြစ်သာ သဘောထားသော စက္ကူ၏ သူငယ်ချင်းများ အကြောင်း စဉ်းစားရင်း ကိုယ့်ကိုယ်ကို မေးခွန်းတစ်ခု ပြန်မေးမိပါသည်။ 'မင်းကကော စာအုပ်ကို ဘယ်လို သဘောထားသလဲ'

လွန်ခဲ့သော ၄ နှစ်၊ ၂၀၀၆ ခုနှစ်က ကျွန်တော် တာဝန်မှ အငြိမ်းစားယူသောအခါ လုပ်ဖော်ကိုင်ဖက်များက ကျွန်တော့်ကို နှုတ်ဆက်သည့်ပွဲ ပြုလုပ်ပေးသည်။ ကျွန်တော်က ကျေးဇူးတင်စကား တုံ့ပြန်ရာတွင် 'ကျွန်တော့်ဘဝမှာ တန်ဖိုးအထားဆုံး သုံးခု ရှိပါတယ်။ ကျွန်တော့်မိသားစုရယ်၊ ကျွန်တော့် စာအုပ်တွေရယ်၊ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေရယ်ပါပဲ' ဟု အမှတ်တရ ပြောခဲ့သည်။

'သဘောအကျဆုံး၊ အလိုချင်ဆုံး ပစ္စည်းက ဘာလဲ' ကျွန်တော့်ကို မေးလျှင် "စာအုပ်" ဟုသာ အမြဲတမ်း ပြောပါမည်။ အမှန်ပါပဲ။ စာအုပ်သည် ကျွန်တော် အမြတ်နိုးဆုံး မိတ်ဆွေပင် ဖြစ်ပါသည်။ ကျွန်တော့် စာအုပ် အစုဝေးကို "ကိုယ်ပိုင် စာကြည့်တိုက်" ဟု ခေါ်မည်ဆိုလျှင် ကျွန်တော်၏ ကိုယ်ပိုင် စာကြည့်တိုက်သည် ထောင်ထားသော ထင်းရှူးသေတ္တာပုံးကလေးက အစပြုခဲ့သည်ဟု ဆိုရပါလိမ့်မည်။

အလယ်တန်း ကျောင်းသားဘဝမှာ ထင်းရှူးသေတ္တာပုံးကလေးကို ထောင်ပြီး အလယ်က အကန့်တစ်ကန့် ရိုက်ကာ စာအုပ်တွေ စီထပ်ထားသည့် ပုံစံဖြင့် စ ခဲ့သည်။ ကျောင်းစာအုပ်တွေချည်း မဟုတ်ပါ။ "အပြင်စာ" တွေလည်း ပါပါသည်။ ထိုအချိန်က မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေကို စာကြည့်တိုက်တွေဆီက၊ သူငယ်ချင်းတွေဆီက ငှားဖတ်ဖြစ်ခဲ့သော်လည်း ကိုယ်ပိုင် များများစားစား မဝယ်နိုင်ပါ။ မုန့်ဖိုး ပဲဖိုးကို ဆွေမျိုးတွေ အလည်အပတ်လာတုန်း များများစားစား ပေးသည့်အခါမျိုးတွင်တော့ စာအုပ် ဝယ်ဖြစ်သည်။ ရေဒီယို ချိုတေးသံတို့၊ တေးဗိမာန်တို့၊ ဆန်းညွှန့်ဦး မဂ္ဂဇင်းတို့၊ လူထုပညာစာစောင်တို့လို တစ်ကျပ်တန် စာစောင်ကလေးတွေ ဝယ်ဖြစ်သည်။ ပြား ၅၀ တန် ဗမာဒိုင်ဂျက် စာစောင်ကလေးမျိုး ဝယ်ဖြစ်သည်။ စာဖတ်ဝါသနာပါမှန်းသိ၍ အတန်းကြီးသော အစ်ကိုကြီးတွေ ပေးသည့် စာအုပ်မျိုးလည်း ရှိသည်။ ကျွန်တော်က စာအုပ်ပုံးကလေးကို ခေါင်းရင်းမှာ တရိုတသေ ထားသည်။ စာအုပ်ပုံးပေါ် ဟိုဟာဒီဟာ လာတင်လျှင် မကြိုက်။ ပူညံ ပူညံ လုပ်တတ်သည်။

အတန်းကြီးလာလေလေ စာအုပ်တွေ များလာလေလေ ဖြစ်သည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်တော့ အစ်မတွေက စာအုပ်ထည့်ဖို့ မှန်ဗီရိုကလေးနှစ်လုံး ဝယ်ပေးသည်။ တောင်ဥက္ကလာပမှ အဝတ်ထည့်သည့် ဗီရိုကြီး တစ်လုံးကို အဟောင်းဈေးဖြင့် ဝယ်ပြီး အကန့်တွေ ရိုက်လိုက်တော့ အဆင့်ငါးဆင့်ပါသော ဗီရိုကြီး ဖြစ်လာသည်။ စာအုပ်တွေတော်တော်ထည့်နိုင်ပါပြီ။ ဝယ်လည်း ဝယ်နိုင်လာသည်။

ပုသိမ်ကောလိပ်မှာ နည်းပြဆရာ ဖြစ်လာတော့ စာအုပ်ဝယ်အားကောင်းလာသည်။ မှတ်မိပါသေးသည်။ ပုသိမ်မြို့ ကုန်သည်လမ်းမှ "အောင်မြင်စာပေရိပ်မွန်" မှာ ကျွန်တော်တို့၏ ဖောက်သည် ဖြစ်သည်။

လိုချင်သော စာအုပ်ကို အရင်ယူထားပြီး လကုန်မှ ငွေရှင်းသည့် စနစ်ဖြင့် ဝယ်ခွင့်ပေးသည်။ သည်တော့ ဖတ်ချင်သည့် စာအုပ်ကို အချိန်မရွေး သွားယူနိုင်သည်။ ထိုစဉ်က ပုဂံစာအုပ်တိုက်၊ နှလုံးလှ စာအုပ်တိုက်တို့မှ စာအုပ်ကောင်းတွေ ဆက်ကာ ဆက်ကာ ထုတ်သည့်အတွက် အားရပါးရ ဝယ်နိုင်သည်။ တစ်အုပ်မှ ၂ ကျပ်သာ။ မှတ်မှတ်ရရ မင်းကျော်၏ "လှိုင်" ၂ တွဲကို အားရပါးရ ဖတ်ရသည်။ တက္ကသိုလ် ဘုန်းနိုင်၏ "မောင့်ဘဝ ည အလားကွယ်"၊ ခင်နှင်းယု၏ "မိုးကျော်သူ"၊ "မဟာသာကီ"၊ မင်းကျော် ၏ "တစ္ဆေ" ထွက်လာတော့ "စာအုပ်တန်ဖိုးက ၅ ကျပ်ကြီးတောင်" ဟု ညည်းကြသော်လည်း ဝယ်ဖြစ်ကြပါသည်။ ငွေတာရီမဂ္ဂဇင်းလည်း လစဉ် ဝယ်သည်။ ရန်ကုန် ပြန်ပြောင်းရတော့ စာအုပ်တွေ အများကြီး ပါလာသည်။

လဆန်းပြီဆိုလျှင် စစ်ကဲ မောင်ထော်လေးလမ်း (ဗိုလ်ဆွန်ပက် လမ်း) က "ဓမ္မဝင်း" စာအုပ်ဆိုင်မှာ အမြဲဝယ်ဖြစ်သည်။ တစ်ခါဝယ် လျှင် ၁၀ အုပ် ၁၅ အုပ်။ မြသန်းတင့်၏ "စစ်နှင့်ငြိမ်းချမ်းရေး" ကို အတွဲ လိုက် စောင့်ဝယ်ရာ အမှတ်စဉ် ၉ မှာ တစ်ထောက်နားပြီး ဘော်တော် ကြာမှ ဆက်ဝယ်ရသည်ကို မှတ်မိနေသည်။

ကျွန်တော်က မြန်မာစာဆရာမို့ စာပေဆိုင်ရာ စာအုပ်တွေလည်း လစဉ် ဝယ်သည်။ ဟံသာဝတီတိုက်နှင့် ပညာ့အလင်းပြတိုက်တို့မှာ ဖောက်သည်များ ဖြစ်သည်။ ပျို့မော်ကွန်း ဧချင်းရတု စသည့် စာအုပ် တွေ၊ ရာဇဝင် အရေးတော်ပုံတွေ ဝယ်ဖြစ်သည်။ အင်္ဂလိပ်စာအုပ်ဆိုလျှင် တော့ ဆူးလေဘုရားလမ်းက Ava House ဟု အင်္ဂလိပ်လို ခေါ်ဖို့ ခံတွင်း တွေ့သော အင်းဝ စာအုပ်တိုက်မှာ ဝယ်သည်။ ပန်းဆိုးတန်းနှင့် ကုန်သည် လမ်းထောင့်က People's Literature House ခေါ် ပြည်သူ့စာပေတိုက်

မှာလည်း ဝယ်သည်။ S.J.G. Scott ၏ The Burman: His Life and Nations ဆိုသော စာအုပ်ထူကြီးကို ၁၀ ကျပ်ဖြင့် ဝယ်ခဲ့သည်ကို မှတ်မိနေသည်။ တက္ကသိုလ်ရှေ့က တက္ကသိုလ်စာအုပ်ဆိုင်မှာလည်း ဝယ်သည်။ နှစ်ပေါင်းကြာလာလေလေ စာအုပ်ဗီရိုတွေ၊ စာအုပ်စင်တွေ အိမ်မှာ များလာလေလေ။ ယခု နောက်ပိုင်းမှာ သံစာအုပ်စင်ကလေးတွေက သယ်ရလွယ်သည်။ အိမ်ခန်းကျဉ်းကျဉ်းမှာ နေရသည့် အချိန်မှာတော့ စာအုပ်တွေကို နေရာကွက်လပ်မကျန် အပြည့်အသိပ်ထပ်ကာ၊ ဆင့်ကာ ထားရသည့်အတွက် စာအုပ်တစ်အုပ် လိုချင်လျှင် မနည်းရှာယူရသည်။

စာအုပ်ဆိုင် တစ်ဆိုင်ထဲ ရောက်လျှင် တော်တော်နှင့် ပြန်မထွက်ချင်တော့ပါ။ စာအုပ်တွေကို လှည့်ပတ်ကြည့်ရင်း ပျော်နေပါသည်။ အချိန်ကုန်သွားမှန်းပင် မသိလိုက်။ ဇနီးနှင့် သမီးတို့ ကုန်တိုက်တွေ ရောက်လျှင် တော်တော်နှင့် ပြန်မထွက်နိုင်သည်ကို ယခင်က စိတ်မရှည်နိုင်သော်လည်း နောက်ပိုင်းကျတော့ "ငါ စာအုပ်ဆိုင် ဝင်သလို နေမှာပေါ့လေ" ဟု စာနာတတ်လာသည်။

လိုချင်သည့် စာအုပ်တစ်အုပ် ရဖို့ မိုင်ပေါင်းများစွာ ခြေကျင်လျှောက်ရသော ဆရာကြီးများအကြောင်း ဖတ်ရသောအခါ စာအုပ်တစ်အုပ်အတွက် မြို့လုံးပတ်လည် လှည့်ခဲ့ဖူးသော အတွေ့အကြုံကို သတိရလာပါသည်။ ဆရာပါရဂူ၏ အမှာစာအဖြစ် "အလင်္ကာသမိုင်း" ကို ရေးထားသော ပုပ္ပားဦးကျော်ရင်၏ "ကာဗျာဘာရတီ" စာအုပ်အကြောင်း တစ်စွန်းတစ်စ ကြားရသည့်အတွက် ထို စာအုပ်ကို စာအုပ်ဆိုင်အနှံ့ လိုက်ရှာသည်။ မြို့ထဲက ဟံသာဝတီ၊ ပညာ့အလင်းပြ အပါအဝင် မြန်မာ စာအုပ်ဆိုင်တွေ တော်တော်နှံ့သော်လည်း မတွေ့ရ။ လူလည်း တော်တော်မောနေပြီ။ နောက်ပိုင်းတွင် ရွှေတိဂုံဘုရားစောင်းတန်းက စာအုပ်ဆိုင်တွေမှာ ရှိလို

ရှိကြားဆိုပြီး အရှေ့ဘက်မုခ် လှေကားခြေရင်းသို့ ကားတစ်တန်၊ ဆိုက်ကား တစ်တန်ဖြင့် သွားသည်။ သုံးဆိုင်လောက် မေးသောအခါ နောက်ဆုံးဆိုင်မှာ 'ရှိပါတယ်' ဟု ကြားရသည်နှင့် တစ်ပြိုင်နက် အမောပြေသွားသည်။ စာအုပ်ဝယ်၍ အိမ်ကို အမြန်ပြန်ပြီး အစ အဆုံး ဖတ်ပစ်လိုက်တော့မှ ချင်ခြင်း ပြေသွားပါတော့သည်။

စာအုပ်ချစ်ပုံနှင့် ပတ်သက်၍ ဆရာဇေယျက "သားသမီးမှန်လျှင် အကြီးဆုံးမှ အငယ်ဆုံးအထိ ဘုစုခရု တစ်ယောက်မကျန် ချစ်ရသကဲ့သို့ အားလုံးကိုပင် ချစ်မိ၏"။ "အကြိုအကြား ညပ်နေသော နှစ်ပြားတန် သင်ပုန်းကြီး စာအုပ်ကိုပင် မကျန်ချင်လှ၏" ဟု ရေးဖူးပါသည်။ ကျွန်တော့် စာအုပ်တွေကို ကျွန်တော် ဘယ်လို သဘောထားသလဲဟု မေးလျှင်တော့ ဆရာဇေယျ၏ စကားကိုပင် ငှား၍ ပြောရမည်။ ကျွန်တော် ငယ်စဉ်က စာအုပ်ဗီရိုကြီးထဲက စာအုပ်တွေကို တသသ လုပ်နေသည်ကို ကျွန်တော့် အစ်ကို မြင်သည့်အခါ ကျွန်တော့် သူငယ်ချင်းတွေနှင့် ဆုံလျှင် 'မင်း သူငယ်ချင်း မိန်းမ ရနေပြီကွ' ဟု ပြောလေ့ရှိသည်။ သူငယ်ချင်းတွေက 'ကျွန်တော်တို့လည်း ဘာမှမကြားပါလား' ဟု ပြောသောအခါ အစ်ကိုက ကျွန်တော့် စာအုပ်တွေကို လက်ညှိုးထိုးပြပြီး 'အဲဒါတွေက သူ့မိန်းမတွေ ပေါ့ကွ' ဟု ပြောရင်း တဟားဟား ရယ်နေတတ်ပါသည်။

အစ်ကို ပြောလည်း ပြောစရာပင်။ ကျွန်တော်က စာအုပ်တွေကို ကိုယ့်ဘဝခရီးဖော်ကဲ့သို့ တယုတယ ဆက်ဆံသည်။ မတော်တဆ စုတ်ပြဲသွားသော စာအုပ်ဖုံးကလေးများ၊ စာရွက် အပိုင်းအစကလေးများကိုပင် လွှင့်မပစ်ရက်ဘဲ သိမ်းထားလေ့ရှိပါသည်။

လိုချင်သော စာအုပ်တွေ အစုလိုက် ရသည့်အတွက် ဝမ်းသာလုံး ဆို့သွားရသည့် ဖြစ်ရပ်ကလေးဖြင့် အဆုံးသတ်ပါမည်။ ဆရာကြီး ဒေါက်တာ

သန်းထွန်း ပြုစုသော "မြန်မာမင်း အမိန့်တော်များ" (Royal Orders of Burma) စာအုပ် ဆယ်အုပ်တွဲ ထွက်ကြောင်း ကြားရသောအခါ လိုချင်သူများထဲတွင် ကျွန်တော်လည်း အပါအဝင် ဖြစ်ပါသည်။ မေးမြန်း စုံစမ်းကြည့်တော့ ထိုစာအုပ်များမှာ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ် အရှေ့တောင် အာရှ လေ့လာရေးဌာနက ထုတ်ဝေသော စာအုပ်များဖြစ်ကြောင်း၊ ပညာရပ်အဖွဲ့အစည်းများကို လက်ဆောင်ပေးကြောင်း၊ ဝယ်ယူဖို့ မလွယ်ကြောင်း ကြားရပါသည်။ ထိုသို့ရှိစဉ် ကျွန်တော် ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင် တက္ကသိုလ်သို့ သွားရောက် အမှုထမ်းသောအခါ ပါမောက္ခ ဆရာအိုးနိုတိုးရှ၏ ရုံးခန်းထဲမှာ ထိုစာအုပ်တွဲများကို အစီအရီ တွေ့ရသည့်အတွက် အံ့သြသွားပါသည်။ ဆရာအိုးနိုမှာ ထိုစာအုပ်များ ထုတ်ဝေရာတွင် ပါဝင် ဆောင်ရွက်ပေးသူ ဖြစ်၍ သူ့ဆီမှာ စာအုပ်တွေ အများကြီး ရှိနေခြင်း ဖြစ်သည်။ ကျွန်တော် ဘာမှမပြောရသေးမီမှာပင် ဆရာက 'ဆရာ လိုချင်ရင် ကျွန်တော် တစ်စုံ လက်ဆောင်ပေးလိုက်ပါ့မယ်။ ယူသွားပါ' ဟု ပြောပါတော့သည်။ 'ယူချင်ပါတယ် ဆရာရယ်' ဟု ဝမ်းသာအားရ ပြန်ပြောပြီး စာအုပ်များကို မြန်မာနိုင်ငံအရောက် သယ်လာနိုင်ခဲ့ပါသည်။ စာအုပ်ဗီရိုထဲမှာ "မြန်မာမင်း အမိန့်တော်များ" ဆယ်အုပ်တွဲကို မြင်ရတိုင်း ပီတိဖြစ်နေမိပါသည်။

[တော်ဝင်ပန်းရျာနယ်၊ အမှတ် (၇၀)၊
၁၆ နိုဝင်ဘာ ၂၀၁၀]

မြင့်သော နိမ့်သော

တက္ကသိုလ် ဆရာမကြီး တစ်ယောက် အသက်ခြောက်ဆယ် မပြည့်ခင် ကထိက အဖြစ်ဖြင့် လုပ်သက်ပြည့် အငြိမ်းစားယူလိုက်သည်။ သူက လုပ်နိုင်ကိုင်နိုင်သေးသည်။ ကျန်းမာရေးလည်း ကောင်းသည်။ အငြိမ်းစား ယူရသည့်အကြောင်းကို မေးတော့ သူ့တပည့် ဖြစ်ခဲ့ဖူးသူတွေက သူ့ထက် ရာထူးမြင့်လာပြီး သူ့အပေါ် ရောက်လာလို့တဲ့။ ဆရာမကြီးက အိမ်မှုကိစ္စ နှင့် အသက်အရွယ်ထောက်လာသည့် အကြောင်းများကြောင့် ပီအိပ်ချ်ဒီ (Ph.D) ပါရဂူဘွဲ့ရဖို့ ဆက်ပြီး အားမထုတ်နိုင်တော့ပါ။ သူ့တပည့် ဆရာငယ်၊ ဆရာမတွေက ပါရဂူဘွဲ့ရသည့်အတွက် ရာထူးအဆင့်ဆင့် တက်ပြီး ဆရာမကြီးနှင့် အဆင့်တူလာရုံမက တွဲဖက်ပါမောက္ခတွေ ဖြစ် လာကြသည်။ သူ့အပေါ် ရောက်လာကြသည်။ ကိုယ့်တပည့်တွေ၏ လက်အောက်မှာ အလုပ်လုပ်ရမည့် အနေအထားကို ဆရာမကြီး မခံယူ နိုင်ပါ။ ထို့ကြောင့် အငြိမ်းစားယူလိုက်ခြင်း ဖြစ်သည်။ ဆရာမကြီး၏ ခံစားမှုကို နားလည်စာနာမိသည်။

ဌာနတစ်ခုမှ ပုဂ္ဂိုလ်တစ်ယောက်ကတော့ သူ့ထက် ရာထူးကြီးမြင့်သွားသော တပည့်တစ်ယောက်နှင့် ပတ်သက်၍ ခပ်ကြမ်းကြမ်း ပြောသည်။ 'ဒီကောင်က ကျုပ်တပည့်ဗျ။ သူ့ကို ကျုပ်က ကြိမ်းမောင်း ပြောဆိုလာတာ။ ခု သူက ကျုပ်အပေါ် ရောက်လာတော့ သူ့ကို အရိုအသေပေးပြီး ဆက်ဆံရမှာ တွေးပြီး စိတ်ထဲမှာ မခံချင်လိုက်တာဗျာ' ဟူ၍ ဖြစ်သည်။

ကျွန်တော်တို့၏ ပတ်ဝန်းကျင်မှာ တွေ့မြင်ရတတ်သော ဖြစ်ရပ်တွေထဲက သာဓကနှစ်ခုကို သတိရ၍ ပြောပြခြင်း ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် အသွင်ကွဲသော ဖြစ်ရပ်အချို့ကို သတိရလာပါသည်။

ဆရာမင်းကျော်သည် မိမိကို သင်ကြား ဆုံးမခဲ့သော ဆရာများအကြောင်းကို "ကျွန်တော့် ဆရာများ" ခေါင်းစဉ်ဖြင့် စာအုပ်တစ်အုပ်ရေးခဲ့သည်။ သူ အထက်တန်း ကျောင်းသားဘဝက သူ့ကို သင်ကြားခဲ့သော ဆရာဦးအောင်ကိုး အကြောင်းမှ အကွက်ကလေး တစ်ကွက်ကို ပြောပြချင်ပါသည်။ ဆရာမင်းကျော် အမှုထမ်းဘဝ ရောက်ပြီးနောက် ရေနံချောင်းသို့ ခေတ္တရောက်စဉ် ရေနံချောင်းမှာ ဆရာ ဦးအောင်ကိုး ရှိသည်ဆို၍ ဆရာ့ဆီ ဝင်သည်။ ဆရာဦးအောင်ကိုးက တပည့်ဟောင်း ဖြစ်သူ ဆရာမင်းကျော် (ဦးကျော်ဆွေ) ကို ဝမ်းသာအားရ နှုတ်ဆက်ပြောဆိုပုံကို ဤသို့ တွေ့ရပါသည်။

'ဩော်... ဦးကျော်ဆွေပါလား။ ကြွပါ... ကြွပါ'

ကျွန်တော် ခြေလှမ်းတုံ့ရလေပြီ။

'မလုပ်ပါနဲ့ ဆရာရယ်၊ ဦးကျော်ဆွေတွေ ဘာတွေနဲ့။ ကျွန်တော် ငရဲငအုံ ကြီးနေပါ့မယ်'

'ဘယ်ဟုတ်ပါ့မလဲ ဦးကျော်ဆွေရဲ့။ ခု ဟိုတုန်းက ကိုကျော်ဆွေက ဦးကျော်ဆွေ ဖြစ်နေပြီပဲ'

ဆရာ့ အမူအရာကား မပြောင်း။

တပည့်ဖြစ်သူမှာ အထက်တန်း ကျောင်းသားကလေး မဟုတ်တော့ဘဲ အမှုထမ်း တစ်ယောက်အဖြစ် "လူကြီးသူကြီး" ဖြစ်လာသည်ကို မြင်ရသောအခါ ကြည်နူး ဝမ်းသာစွာ အသိအမှတ်ပြုသော ဆရာဦးအောင်ကိုး၏ အမူအရာနှင့် စိတ်ထားကို ဖော်ပြနေသော ဖြစ်ရပ်ကလေး ဖြစ်ပါသည်။

ဘူမိဗေဒ ပါမောက္ခ ဆရာဒေါက်တာညီညီက "ကျွန်တော့် ဆရာများ" ဆိုသော ခေါင်းစဉ်ဖြင့် မိမိကို တက္ကသိုလ်မှာ သင်ကြားပို့ချပေးသော ဆရာ၊ ဆရာမများ အကြောင်းကို ဆောင်းပါးတစ်ပုဒ် ရေးဖူးသည်။ အင်္ဂလိပ်စာ ပါမောက္ခ ဆရာမကြီး ဒေါ်သိန်းညွန့်သည် ဆရာညီညီ၏ အင်္ဂလိပ်စာ ဆရာမ ဖြစ်သည်။ ဆရာက ဤသို့ အမှတ်တရ ရေးထားသည်။

"ကျွန်တော် ဗိလတ်မှ ပညာသင်ပြီး ပြန်ခါစ ဆရာမထံ သွားနှုတ်ဆက်ရာ ဆရာမက 'ဟယ်... ငါက ဒေါက်တာညီညီဆိုလို့ ဘယ်သူများလဲလို့။ လက်စသတ်တော့ ညီညီကိုး' ဟု ဝမ်းသာအယ်လဲ နှုတ်ဆက်ပါသည်။ နောက် ကျွန်တော် အတွင်းဝန် ဖြစ်လာသောအခါ ဆရာမက "ဆရာညီညီ" ဟု ပြင်ခေါ်လာ၍ 'ညီညီလို့ ဆက်ခေါ်လည်း ရပါတယ် ဆရာမ' ဟု ပြောသော်လည်း 'မကောင်းပါဘူး။ လူကြီး ဖြစ်လာတော့ လူကြီးလိုပဲ ခေါ်မှ ကောင်းမှာပေါ့' ဟု ပြောပါသည်။

တပည့်၏ လက်ရှိနေရာကို အလေးထားသော ဆရာမနှင့် ဆရာမ

၏ အလေးထားမှုကို ကြည်နူးသော တပည့်၏ အမူအရာကို ဖော်ပြနေသော ဖြစ်ရပ်ကလေး တစ်ခုပင်။

နောက် သာဓက တစ်ခုမှာ ယခု ကွယ်လွန်သွားပြီဖြစ်သော စာတုဗေဒ ပါမောက္ခဆရာကြီး ဦးဘိုးသာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ဥပဒေ္ယာဇဉ် (Foreword) ဖြစ်သည်။ စာအုပ်တစ်အုပ်၏ အမှာစာအဖြစ် ရေးထားခြင်း ဖြစ်သည်။ လပြည့်နေ့ တစ်နေ့တွင် ဆရာကြီးဦးဘိုးသာသည် ပဲခူးမြို့မှ မိုင်အနည်းငယ်ဝေးသော တောရွာကလေး၏ ဘုရားပွဲတစ်ခုသို့ ရောက်နေသည်။ ထို ဘုရားသည် ဓမ္မစေတီနှင့် ဓမ္မပါလ ရဟန်း့နှစ်ပါး တရားကျင့်ရာ နေရာအဖြစ် ထင်ရှားပြီး ဘုရားဖူး ပရိသတ်နှင့် ပြည့်နေသည်။ ဆရာကြီးသည် ပရိသတ်ကို ကြည့်နေစဉ် ဝတ်ဖြူစင်ကြယ်ဝတ်၊ မုတ်ဆိတ်မွေးနှင့် ပုဂ္ဂိုလ်တစ်ယောက် နောက်လိုက်နောက်ပါများ ခြံရံ၍ လှည့်လည်နေသည်ကို မြင်လိုက်ရသည်။ ဆရာကြီးသည် ထို ပရိသတ်ကို ပြုံး၍ ကြည့်နေရင်း ရုတ်တရက် မျက်နှာတည်သွားသည်။ အကြောင်းမူ ထိုပရိသတ်ထဲတွင် ကော့လိပ်ဘလေဇာ ကုတ်အင်္ကျီ အသစ်ကျပ်ချွတ်ကို ဝတ်ထားသော ကျောင်းသားငယ် တစ်ယောက်ကို နေရာမဟုတ်ဘဲ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ထို ကျောင်းသားမှာ ထိုနှစ်တွင် ထူးချွန်သော ကျောင်းသားတစ်ဦးအဖြစ် "ရန်ကုန်တက္ကသိုလ် ကျောင်းတိုက်"သို့ ဝင်ရောက်လာသော "မောင်ထင်အောင်" ဆိုသူကလေး ဖြစ်ကြောင်း ဆရာကြီး မှတ်မိသွားသည်။ ထို့ကြောင့် 'မင်း ဒီနေရာမှာ ဘာလုပ်နေတယ်လို့များ ထင်နေသလဲ' ဟု စိတ်ဆိုးဆိုးနှင့် အော်မေးလိုက်သည်။ ထိုအခါ ထို ကျောင်းသားက 'ကျွန်တော် unnatural science (သဘာဝလွန် သိပ္ပံပညာ) ကို သုတေသနပြုနေတာပါ ဆရာ' ဟု ပြန်ပြောသည်။ ထိုအခါ ဆရာကြီးက 'မင်း အဲဒီအကြောင်း ကျမ်းတစ်ကျမ်း

ပြုစုပြီး ထုတ်ပါလားကွ' ဟု သရော်တော်တော် ပြောလိုက်ရာ ကျောင်းသားကလေးက 'ဆရာ ဥယျောဇဉ် ရေးပေးရင် ကျွန်တော် ထုတ်မှာပေါ့ ဆရာ' ဟု ပြန်ပြောသည်။

ဆရာကြီး ဦးဘိုးသာသည် ထိုအကြောင်းကို ရေးပြီးနောက် နောက်ဆက်တွဲ ဖြစ်ရပ်များကို ဆက်ရေးသည်။ ထို ကျောင်းသားကလေးသည် နှစ်အတန်ကြာသောအခါ တက္ကသိုလ်မှာ သူနှင့် လုပ်ဖော်ကိုင်ဖက် ဆရာ တစ်ယောက် ဖြစ်လာသည်။ ထို့နောက်တွင် ရန်ကုန်တက္ကသိုလ်၏ ပါမောက္ခချုပ်ပင် ဖြစ်လာသည်။ ထိုပုဂ္ဂိုလ်က အခြားမဟုတ်ပါ။ "ဒေါက်တာထင်အောင်" ဟူ၍ ထင်ရှားသော ပညာရှင်ကြီး ဖြစ်သည်။ ဆရာကြီး ဒေါက်တာထင်အောင်သည် ဘုရားကိုးဆူ ပူဇော်သော ဓလေ့၊ သုံးဆယ့်ခုနစ်မင်းနတ်၊ မြန်မာ့အဂ္ဂိရတ်ပညာ စသော အကြောင်းရပ်များကို သုတေသနစာတမ်းများ ပြုစု ဖတ်ကြားခဲ့သည်။ ထိုစာတမ်းများကို Folk Elements is Burmese Buddhism (မြန်မာဗုဒ္ဓဘာသာတွင် တွေ့ရသော မြန်မာ့ရိုးရာ ယုံကြည်မှုများ) အမည်ဖြင့် စာအုပ်ထုတ်သောအခါ ဆရာကြီး ဦးဘိုးသာက ထိုစာအုပ်တွင် ဥယျောဇဉ် ရေးပေးရာ၌ ငယ်စဉ်က ဖြစ်ရပ်ကလေးကို အမှတ်တရ ထည့်သွင်း ရေးသားခြင်း ဖြစ်ပါသည်။ တပည့်ကျောင်းသားငယ်ကလေးသည် မိမိထက် အဆင့်မြင့်သော ပါမောက္ခချုပ်ဖြစ်လာပြီး သုတေသနပြုသည်ကို ဂုဏ်ယူ ဝမ်းမြောက်နေသော ပါမောက္ခ ဆရာကြီးတစ်ယောက်၏ ခံစားမှုကို ဖော်ပြနေသည့် သာဓကေ ဖြစ်ပါသည်။

တပ်ကြပ်ကြီး တစ်ယောက်က တပည့် ဗိုလ်လောင်းများကို စည်းကမ်း တင်းကျပ်စွာ ခပ်ကြမ်းကြမ်း ကိုင်တွယ်ကာ ကြိမ်းမောင်းပြောဆို လေ့ကျင့်ပေးလိုက်ပြီး၊ ထို ဗိုလ်လောင်းများက မိမိထက် အဆင့်

မြင့်သော ဗိုလ်များ ဖြစ်လာသောအခါ ဂုဏ်ယူ ဝမ်းမြောက်စွာ အားရပါးရ အလေးပြုသည့် ဖြစ်ရပ်များကိုလည်း ဖတ်ရ ကြုံရပါသည်။ မိမိထက် အဆင့်မြင့်သော၊ တော်သော တပည့်များ မွေးထုတ်ပေးပြီး ထို တပည့်များအတွက် ဂုဏ်ယူ ဝမ်းမြောက်နေသော ဆရာကောင်း စိတ်ဓာတ်ကို အထင်အရှား ဖော်ပြနေသည့် ထို ဖြစ်ရပ်များကို ဖတ်ပြီး ကြည်နူး ဝမ်းသာမိပါသည်။

တပည့်က မိမိ အထက်သို့ ရောက်သွားသည်ကို မခံယူနိုင်သော သဘောထားနှင့် တပည့်က မိမိအထက် ရောက်သွားသည်ကို ဝမ်းမြောက်ကျေနပ် ဂုဏ်ယူသော သဘောထားတို့ကို ယှဉ်၍ သတိရပြီးနောက် ကျွန်တော့် အာရုံသည် ဖြစ်ရပ်တစ်ခုဆီသို့ ရောက်သွားပါသည်။ ဗုဒ္ဓဝင်လာ ကပိလဝတ်ပြည်ရှိ သာကီဝင်မျိုးဖြစ်သော ဆွေတော်မျိုးတော်တို့အား ဘုရားရှင် ယမကပြာဋိဟာ ပြသည့် ဖြစ်ရပ်ပင် ဖြစ်သည်။

ဘုရားရှင်သည် သဗ္ဗညုတ ဉာဏ်တော်ရပြီးနောက် ခမည်းတော်၏ ပင့်လျှောက်မှုအရ သာဝတ္ထိပြည်သို့ ကြွတော်မူသည်။ ဘုရားရှင်၏ ဆွေတော်မျိုးတော်များသည် ဇာတိမာန်၊ ပုညမာန်၊ ဂုဏမာန် ဟူသော မာန်များ ယစ်နေသည့်အတွက် ဘုရားရှင်ကို ဘုရားရှင်ဟု မမြင်။ သိဒ္ဓတ္ထမင်းသားဟုသာ မြင်သည်။ ထို့ကြောင့် 'သိဒ္ဓတ္ထ သတို့သားသည် ငါတို့ထက် ငယ်သည်။ ငါ့မောင်တည်း၊ ငါ့ညီတည်း၊ ငါ့တူတည်း၊ ငါ့သားတည်း၊ ငါ့မြေးတည်း' ဟု ခံယူပြီး ဘုရားရှင်ကို မရှိခိုးဘဲ နေကြသည်။ ထိုအခါ ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့၏ မာန်ကို ချိုးဖျက်ရန် ကောင်းကင်သို့ ဈာန်ဖြင့် ကြွတော်မူ၍ သာကီဝင်မင်းတို့၏ ဦးခေါင်းပေါ်သို့ ရွှေဖဝါးတော်အစုံမှ မြေမှုန့် မြူမှုန်များ ကျစေပြီး ရေအစုံ မီးအစုံ ယမကပြာဋိဟာ ပြတော်မူသည်။ ထိုအခါ ဘုရားရှင်ကို

ဦးစွာရှိခိုးသူကား ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ကိုယ်တိုင် ဖြစ်သည်။ ခမည်းတော်က 'အရှင်ဘုရား ဖွားတော်မူသောနေ့၌ ကာဠဒေဝီလရှင်ရသေ့၏ ဦးထိပ်၌ ခြေတော် တည်သည်ကို မြင်ရစဉ်က အရှင်ဘုရား၏ ခြေတော်စုံကို ပထမအကြိမ် ရှိခိုးပါသည်။ လယ်ထွန်မင်္ဂလာပြုစဉ် သပြေရိပ်တွင် သိပ်ထားသော အရှင်ဘုရားကို နေမထိုးရအောင် သပြေပင်ရိပ် မလည်ဘဲ မိုးကာနေစဉ်က ဒုတိယအကြိမ် ရှိခိုးပါသည်။ ယခု ယမကပြာဋိဟာ ပြသောအခါ တတိယအကြိမ် ရှိခိုးပါသည်' ဟု လျှောက်ထားပြီး ဝမ်းမြောက်ကြည်ညိုစွာ ရှိခိုးသည်။ ခမည်းတော်ကိုယ်တိုင်က ရှိခိုးသောအခါ ဆွေတော်မျိုးတော်အားလုံး မရှိခိုးဘဲ မနေဝံ့တော့သည့်အတွက် မာန်မာနကို ချပြီး ဘုရားရှင်ကို ရှိခိုးကြရပါတော့သည်။

သုဒ္ဓေါဒနမင်းကြီး အပါအဝင် ဝမ်းမြောက်ကြည်နူးနေသော ပုဂ္ဂိုလ် အသီးသီး၏ ပုံရိပ်များသည် ကျွန်တော့်စိတ်အာရုံတွင် လင်းခနဲ၊ လက်ခနဲ ပေါ်နေပါသည်။

[တော်ဝင်ပန်းဂျာနယ်၊ အမှတ် (၈၂)၊
၁ ဇန်နဝါရီ ၂၀၁၀]

တတ်စ်ကားပေါ်မှာ ခါးထောက်ခြင်း

ခါးထောက်သည့် အကျင့်ရှိသူ အတော်များများကို တွေ့ဖူးပါသည်။ ခါးမှာ လက်တစ်ဖက်တည်း ထောက်သူလည်း ရှိသည်။ လက်နှစ်ဖက် ထောက်သူလည်း ရှိသည်။ မတ်တတ်ရပ်ကာ လက်တစ်ဖက် ခါးထောက်ပြီး တစ်ခုခုကို စူးစူးစိုက်စိုက် ကြည့်နေသည့် အမူအရာမျိုး၊ လက်နှစ်ဖက်လုံး ခါးထောက်ပြီး မျက်မှောက်ကြုတ်ကာ အလိုမကျသည့် မျက်နှာဖြင့် တစ်ယောက်ယောက်ကို ကြည့်နေသည့် အမူအရာမျိုးများကို အတွေ့ရများပါသည်။

ခါးထောက်တတ်သူသည် မျက်နှာကို ခပ်မော့မော့ ချီထားတတ်သည်။ ရင်ကို ခပ်ကော့ကော့ ချီထားတတ်သည်။ ဟိတ်ဟန်ထုတ်သည့် သဘောလည်း ပါတန်သလောက် ပါသည်။ ရိုးကျိုးနှိမ့်ချသည့် အမူအရာမျိုးကို ခါးထောက်သည့်ဟန်နှင့် ယှဉ်တွဲပြီး မတွေ့ရပါ။ ခါးထောက်သည့် အမူအရာသည် ရိုကျိုးနှိမ့်ကျသော ဂါရဝနိဝါတ အမူအရာ မဟုတ်ပါ။

ကျွန်တော့် မိတ်ဆွေတစ်ယောက်ဆိုလျှင် သူ့လက်အောက် ဝန်ထမ်းများနှင့် ပြောဆိုသည့်အခါတိုင်း ခါးထောက်ပြီး ပြောလေ့ရှိသည်။ လက်

တစ်ဖက်ဖြစ်ဖြစ်၊ လက်နှစ်ဖက်လုံးဖြစ်ဖြစ် ခါးမှာထောက်ပြီး ဟိတ်နှင့်ဟန်နှင့် ပြောတတ်သည်။ ခါးထောက်သည့် အမူအရာနှင့် လိုက်ဖက်စွာ လေသံကလည်း မာမာပြတ်ပြတ် ဖြစ်သည်။ အပေါ်စီးက မောက်မောက်မာမာ ဆက်ဆံသည့် အမူအရာပေါ်နေမြဲ ဖြစ်သည်။ အံ့ဩရသည်မှာ သူ့ကို လက်ကြီးနှစ်ဖက်လုံး ခါးထောက်ပြီး သူ့ခြံထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည့် အမူအရာဖြင့် မကြာခဏ တွေ့ရတတ်သော ကြောင့်ပင်။ 'ဟေ့လူ၊ လက်နှစ်ဖက်လုံး ခါးထောက်ထားရတာ မညောင်းဘူးလား' ဟု ကျွန်တော်က ကျီစယ်သောအခါ 'အကျင့်ပါနေပြီကွ' ဟု ပြန်ပြောတတ်သည်။

ထို့ထက် ပို၍ အံ့ဩရသည်မှာ တစ်ခါတွင် ဘတ်စ်ကားပေါ်မှာ လက်တစ်ဖက်က အပေါ်တန်းကို ကိုင်၊ လက်တစ်ဖက်က ခါးထောက်ထားသော ခရီးသည် တစ်ယောက်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ထိုင်စရာ မရ၍ မတ်တတ် တိုးဝှေ့စီးနေရသော အခြေအနေမှာ ခါးထောက်မပျက်သူကို တွေ့ရသည့်အတွက် စိတ်ထဲမှာ မရိုးမရွ ဖြစ်သွားရသည်။ "ဩော်... ဒီလူ့နှယ် ဘေးက ခရီးသည်တွေကို အားမနာဘူး ထင်ပါရဲ့" ဟု မကျေမနပ် တွေးမိသည်။

ဘတ်စ်ကားပေါ်မှာ ခါးထောက်သော အမူအရာ၏ နောက်ကွယ်မှာ ထင်ဟပ်နေသော ဟိတ်ဟန်ထုတ်ခြင်း၊ သူတစ်ပါး ပိုင်နက်ထဲကို နယ်ကျော်ခြင်း၊ မငဲ့ကွက်ခြင်း စသည့် အဓိပ္ပာယ် သက်ရောက်မှုများကို စဉ်းစားနေမိပါသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ သူတစ်ပါး ပိုင်နက်ထဲ "ခါးထောက်" ပြီး နယ်ချဲ့တတ်သော အမူအကျင့်များကို တွေ့ရတတ်ပါသည်။ ဘတ်စ်ကားစီးလျှင် နှစ်ယောက် ထိုင်ရသည့် ခုံမှာ နေရာတစ်ဝက်

ကျော်ပြီး တစ်ဖက်လူ၏ ပိုင်နက်ဘက်ကို တိုး၍ ထိုင်တတ်သူ၊ ခြေထောက်ကြီး ချိတ်ထိုင်ပြီး နယ်ကျော်တတ်သူများ၏ အမူအရာမှာ "ခါးထောက်ခြင်း" တစ်မျိုးပင် ဖြစ်သည်။ တစ်ဖက်လူကတော့ ကိုယ်ကို ကျုံ့ပြီး မသက်မသာ လိုက်ရသည်။ နယ်ချဲ့ခံရသူက မကျေနပ်လျှင်တော့ ရန်ဖြစ်ဖို့သာ ရှိသည်။

သင်္ဘောပေါ်မှာလည်း ထိုကိစ္စမျိုး ကြုံရတတ်သည်။ ပြည်တွင်းခရီးသွား သင်္ဘောများတွင် ကုန်းပတ်ပေါ်မှာ ခရီးသည်တစ်ယောက် အိပ်ပြီး လိုက်နိုင်လောက်သည့် နေရာအကျယ်အဝန်းကို မျဉ်းများ ရေးဆွဲ သတ်မှတ်ပြီး နံပါတ်များ တပ်ထားလေ့ ရှိသည်။ ခရီးသည်က ကိုယ့်နယ်နိမိတ်အတွင်းမှာ အိပ်ရာကလေး ခင်းပြီး သက်သောင့်သက်သာ လဲလျောင်းပြီး လိုက်လေ့ရှိကြသည်။ တစ်ညလုံး မောင်းရသည့် ခရီးဆိုလျှင်တော့ ညအိပ်ပြီး လိုက်ရသည်။ ထို ခရီးမျိုးမှာ နေရာ နံပါတ်ချင်းကပ်နေသူချင်း နယ်ချဲ့သည့် ပြဿနာမျိုး မကြာမကြာပေါ်တတ်သည်။ ကိုယ့်အခင်းကို သူ့ဘက် ကျူးကျော်ပြီး ခင်းကာ နယ်ချဲ့လာသောအခါ တစ်ဖက်က မခံနိုင်သဖြင့် နယ်ခြား မျဉ်းကြောင်းကို သက်သေထူပြီး စကားများ ရန်ဖြစ်ကြသည့် ကိစ္စမျိုးကို သင်္ဘောပေါ်မှာ မကြာခဏ တွေ့ကြုံဖူးပါသည်။

အိမ်ချင်း၊ ခြံချင်းကပ်နေသူများ 'ကိုယ့်အိမ်က သူ့မြေဘက်ကို ဘယ်နှပေကျူးနေတယ်'၊ 'သူ့အိမ်က ကိုယ့်မြေဘက်ကို ဘယ်နှကိုက်ကျူးနေတယ်' ဆိုသော ပြဿနာမျိုးဖြင့် တရားရုံးရောက်ပြီး အမှုအခင်းတွေ ဖြစ်ကြခြင်းမျိုးလည်း ရှိသည်။ သူ့ခြံနယ်နိမိတ်ထဲကို ကိုယ့်လက်က ကျူးကျော်ပြီး "ခါးထောက်" ခြင်းက အစပြုသော အမှုအခင်းများ ဖြစ်သည်။ သူ့ခြံထဲက သရက်ပင်က ကိုယ့်ခြံထဲ ကိုင်းနေပြီး သရက်သီးတွေ

သီးသောအခါ တစ်ဖက်နှင့်တစ်ဖက် အပေးအယူမမျှလျှင် ပြဿနာပေါ်သည်။ ထိုပြဿနာမျိုးသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ နယ်နိမိတ်ပိုင်းခြားသည့် ပြဿနာမျိုးအထိ ကြီးကျယ်သွားနိုင်သည်။

အပြုအမူဖြင့် "ခါးထောက်" ခြင်းကဲ့သို့ပင် အပြောအဆိုဖြင့် "ခါးထောက်" ခြင်းလည်း ရှိသေးသည်။ ပြောသူနှင့် နားထောင်သူတို့ ဆက်သွယ်ရေး လမ်းကြောင်းကို အပေးအယူ မျှမျှသုံးပြီး အပြန်အလှန် ပြောကြ ဆိုကြလျှင် ပြဿနာမရှိပါ။ သို့သော် တစ်ဖက်လူက အမြဲတမ်း "ငါသိ ငါတတ်" လုပ်ပြီး ကိုယ်ကချည်း စကားလုပြောနေမည်ဆိုလျှင် တစ်ဖက်လူ၏ အခွင့်အရေးကို ထိပါး ကျူးကျော်ရာလည်း ရောက်သည်။ တစ်ဖက်လူကို မငဲ့ကွက်ရာလည်း ရောက်သည်။ စကားဖြင့် "ခါးထောက်" ၍ နယ်ချဲ့ခြင်း တစ်မျိုးပင် ဖြစ်ပါသည်။

ဟိတ်ဟန်ထုတ်ကာ ခါးထောက်တတ်သည့် အမူအကျင့်သည်ပင် တော်တော် ဆိုးနေပါပြီ။ ဘတ်စ်ကားလို လူကျပ်သည့် နေရာမျိုးမှာ ခါးသွားထောက်လျှင်တော့ သူတစ်ပါးကို မငဲ့မကွက် ထိပါး ကျူးကျော်ရာ ကျပါလိမ့်မည်။ တော်တော်ဆိုးတာထက် ပိုဆိုးသော အမူအကျင့်ဟု ခေါ်ရပါလိမ့်မည်။

[တော်ဝင်ပန်းဂျာနယ်၊ အမှတ် (၂၃)၊ ၁ နိုဝင်ဘာ ၂၀၀၈]

ကြိုရောက်ခြင်း၊ နောက်ကျရောက်ခြင်း

လုပ်ငန်းခွင်မှာတုန်းက အကြောင်းတစ်ခုကို သတိရမိသည်။

ကျွန်တော်တို့ဌာနမှာ အပတ်စဉ်နေ့တစ်နေ့ သတ်မှတ်ပြီး အစည်းအဝေး လုပ်သည်။ အစည်းအဝေးကို မနက် ၁၀ နာရီ စမည်ဟု ဖိတ်ထားသော်လည်း ဌာနကို တာဝန်ခံသော ဆရာမကြီးနှင့် ဆရာ၊ ဆရာမအချို့က ၁၀ နာရီမထိုးမီ ၁၅ မိနစ်လောက် ကြိုတင်ပြီး အစည်းအဝေးခန်းသို့ ရောက်မြဲ ဖြစ်သည်။ ၁၀ နာရီထိုး၍ အစည်းအဝေး စမည်ပြုတော့ လူမစုံသေး။ အစည်းအဝေး စတင်ကြောင်း ကြေညာပြီးသည့် အချိန်မှပင် တစ်ယောက် ဝင်လာလိုက်၊ နောက်တစ်ယောက် ဝင်လာလိုက်နှင့် သုတ်သီးသုတ်ပျာ ဖြစ်နေကြသည်။ ဆရာမကြီး စပြီး စကားပြောနေချိန်မှာပင် ဝင်လာသူ မပြတ်သေး။ ၁၀ နာရီထိုးပြီး ၁၅ မိနစ်လောက်မှ လူစုံတော့သည်။ သည်အခါမှာတော့ ဆရာမကြီးက စကားတစ်ခွန်း ပြောသည်။ 'နောက် ဘာအခမ်းအနားပဲလုပ်လုပ်၊ ဘာအစည်းအဝေးပဲလုပ်လုပ် အချိန်မှန် ဆိုတာ ၁၀ မိနစ် စောရောက်တာကို ခေါ်တယ်လို့ အဓိပ္ပာယ် သတ်မှတ်လိုက်ကြပါ။ အချိန်မှန်လည်း လာကြပါ' ဟူ၍ ဖြစ်သည်။

အစည်းအဝေးဆိုလျှင် စသည့် အချိန်မှာ လူမစုံတတ်သည့်အတွက် "မြန်မာ စံတော်ချိန်ပဲဟော့' ဟု ခပ်လှောင်လှောင် ပြောသည့် စကားမှာ ယခုဆိုလျှင် တော်တော် ရိုးသွားပါပြီ။

လူကြီး တက်မည့် အစည်းအဝေးမျိုးတွင် 'မိနစ် ၃၀ ကြိုတင်၍ နေရာယူပါရန်' ဟု သတ်မှတ်ရခြင်းမျိုးမှာ အချိန်မှန် မရောက်သည့် အကြောင်းက စ တင်သည်ဟု ဆိုရပါလိမ့်မည်။

ပြည်ပနိုင်ငံတစ်ခုမှာ အမှုထမ်းခဲ့စဉ်က ထိုနိုင်ငံမှ လူငယ်ကလေးများ၏ အချိန်မှန်မှု၊ အချိန်းအချက်မှန်မှုကို သိသိမှတ်မှတ် သတိမူမိပါသည်။ ကျောင်းသား လူငယ်များ သူတို့၏ ကျောပိုးအိတ်ထဲမှာ ဒိုင်ယာရီစာအုပ်ကလေးတွေ အမြဲဆောင်ထားသည်။ တစ်ခုခု အချိန်းအချက်လုပ်လျှင် ဒိုင်ယာရီထဲမှာ ချက်ချင်း ရေးထည့်သည်။ တစ်လလောက် ကြိုချိန်းထားလျှင်လည်း ကိစ္စမရှိ။ ကြားမှာ ထပ်ပြီး သတိပေးစရာ မလို။ ချိန်းသည့်နေ့၊ ချိန်းသည့်နေရာသို့ အချိန်မှန် ရောက်လာမြဲ ဖြစ်သည်။ အရေးပေါ်ကိစ္စရှိ၍ ၁၀ မိနစ်၊ ၁၅ မိနစ် နောက်ကျမည်ဆိုလျှင် ကြိုပြီးဖုန်းဆက်သည်။ ရောက်လာတော့ နောက်ကျရသည့်အတွက် တောင်းပန်စကား ပြောသည်။ ကလေးဘဝ ကတည်းက အလေးထား လိုက်နာ ကျင့်သုံးသော အလေ့အကျင့်ဖြစ်ကြောင်း သိရပါသည်။

အစည်းအဝေးဖြစ်စေ၊ သာရေးနာရေးကိစ္စ ဖြစ်စေ၊ တစ်ဦးချင်းအချိန်းအချက်ဖြစ်စေ သတ်မှတ်ချိန်ထက် ကြိုရောက်နေလျှင် အေးအေးဆေးဆေး ရှိသည်။ နောက်ကျသွားလျှင်တော့ နေရာမရသည့်အဖြစ်မျိုးကြုံရသည်က စ၍ ပြဿနာ ဖြစ်ရတတ်သည်။

တစ်ခါက လေးစား ကြည်ညိုရသော ဆရာတော်တစ်ပါး ပျံလွန်တော်မူ၍ ရေဝေးသုသာန်မှာ အန္တိမအဂ္ဂိဈာပန မီးသဂြိုဟ်သည့် အခမ်း

အနားသို့ အခမ်းအနား စမည့် အချိန်အတိလောက် ရောက်သွားသည်။ အခန်းထဲမှာ သံဃာများ၊ ဒကာ ဒကာမများ ပြည့်နေပါပြီ။ ထိုင်စရာ တစ်နေရာပင် မရှိတော့ပါ။ အခန်းအပြင်ဘက်က မတ်တတ်ရပ်လျက် ကန်တော့ခဲ့ရသည်။

နောက်တစ်ခါကျတော့ ခင်မင် လေးစားရသော စာရေးဆရာကြီး တစ်ဦး၏ ဈာပနကို သွားပို့သည်။ ပထမတစ်ခါ နောက်ကျသည်ကို သင်ခန်းစာယူပြီး သတ်မှတ်ချိန်ထက် တစ်နာရီခွဲလောက် ကြိုရောက်အောင် သွားသည်။ ကျွန်တော့်ထက် စောရောက်သူ နည်းနည်းပါးပါးသာ ရှိသည်။ သည်တော့ ရုပ်ကလာပ်ကိုလည်း အေးအေးဆေးဆေး ရှုကြည့်ရသည်။ ကွယ်လွန်သူ၏ အိမ်သားများနှင့်လည်း အေးအေးဆေးဆေး ပြောဆို နှုတ်ဆက်ရသည်။ ရှေ့ဘက်မှာ အေးအေးဆေးဆေး ထိုင်ပြီး ဈာပနလာပို့သူ မိတ်ဆွေများနှင့် စကားစမြည်ပြောကာ အေးအေးဆေးဆေး ပို့ဆောင်ရသည်။

တစ်ခါကလည်း နယ်တက္ကသိုလ်တစ်ခုမှာ ကျင်းပမည့် ကန်တော့ပွဲသို့ ကားများဖြင့် စုသွားရန် အစီအစဉ်ရှိရာ စုရပ်သို့ မနက် ၈ နာရီခွဲ အရောက်လာပြီး ၉ နာရီမှာ ကားထွက်မည်ဆိုသဖြင့် ၈ နာရီခွဲရောက်အောင် သွားသည်။ ကားပေါ်ရောက်တော့ ကိုယ့်ထက် စောသူတွေနှင့် ပြည့်လုနီးပါး ရှိနေပါပြီ။ နောက်တန်းမှာသာ နေရာရတော့သည်။ ကားထွက်တော့ ကားခုန်သော၊ ဆောင့်သော အရသာကို ခံစားရင်း "နေရာကောင်း ရရန် စောစောကြွပါ" ဆိုသော ဆောင်ပုဒ်ကို စိတ်ထဲက ရွတ်ဆိုနေမိပါသည်။

မင်္ဂလာဆောင်သွားလျှင်လည်း ထို့အတူပင်။ နောက်ကျတတ်သော မိတ်ဆွေ၏ ကားနှင့် လိုက်မိသည့်အတွက် မင်္ဂလာခန်းမထဲမှာ

နေရာမရတော့ဘဲ သတို့သား၊ သတို့သမီး ပွဲထုတ်တာကို မမြင်နိုင်သည့် ဘေးအခန်းထဲမှာ ထိုင်ရသည့် အဖြစ်မျိုး တွေ့ကြုံဖူးပါပြီ။

အစည်းအဝေးတို့၊ အခမ်းအနားတို့ သွားရမည်ဆိုလျှင် မီးပွိုင့်မှာ ကားရပ်စောင့်ရသည့် အချိန်ကိုပါ တွက်ပြီး အိမ်က ကြိုကြိုတင်တင် ထွက်သည်။ ကျင်းပသည့်နေရာသို့ ကြိုရောက်နေလျှင် ယူလာသော စာအုပ်ကို ထုတ်ဖတ်ရင်း စောင့်သည်။ စိတ်အေးလက်အေး ရှိသည်။

လူစုံလောက်သည့် အချိန်ကျမှ တော်တော် နောက်ကျစွာ ရောက်လာသဖြင့် ထိုင်စရာ နေရာမရဘဲ ပြူးတူးပြဲတဲဖြင့် ဟိုဟိုသည်သည် နေရာလိုက်ရှာနေရသော လုပ်ဖော်ကိုင်ဖက်များ၏ အမူအရာများကို မြင်ဖူးဖန် များပါပြီ။

ပြုံးစရာတစ်ခုကို ဆက်စပ် သတိရမိပါသေးသည်။ ကောင်မလေး တစ်ယောက်က ကောင်ကလေး နှစ်ယောက်ကို တစ်ချိန်တည်း အချိန်း အချက်ပြုထားရာ အချိန်မီ ရောက်လာသော ကောင်ကလေးကို ကောင်မလေး က အချိန်လေးစားသူအဖြစ် သူ လိုချင်သော အဖြေပေးလိုက်ပြီး၊ နောက်ကျ မှ ရောက်လာသော ကောင်ကလေးကို လျစ်လျူရှုလိုက်သည့် ဇာတ်လမ်း ကလေးကို စဉ်းစားမိခြင်း ဖြစ်ပါသည်။

ကြိုကြိုတင်တင် အိမ်က ထွက်ရမှာ စောသေးသည်ဆိုပြီး နီးမှ ကပ်ထွက်ရာ လမ်းမှာ မီးပွိုင့် အကြာကြီးမိတာတို့၊ ကားရပ်သွားတာတို့လို မမျှော်လင့်သော ကိစ္စတွေ ကြုံရသည့်အတွက် အချိန်မီ မရောက်တော့ဘဲ ဝရုန်းသုန်းကား ဖြစ်ရပုံမျိုးတွေ တွေ့ဖူး ကြားဖူးပါသည်။

နောက်ကျမှ ရောက်၍ ကသိကအောက် ဖြစ်ရခြင်းထက် စောစော ကြိုရောက်၍ စိတ်အေးလက်အေး နေရခြင်းက ပိုကောင်းပါသည်။

[တော်ဝင်ပန်းဂျာနယ်၊ အမှတ် (၄၃)၊
၁၆ စက်တင်ဘာ ၂၀၀၉]

လေးလေးနက်နက် ပေါ့ပေါ့ပါးပါး

စာတစ်ပုဒ်မှာ ဖတ်လိုက်ရသည်။

ခွဲစိတ်ကု ဆရာဝန်ကြီး တစ်ယောက်သည် လူနာကို ခွဲစိတ်နေစဉ် ကက်ဆက်မှ သီချင်းကလေးတစ်ပုဒ်ကို တိုးတိုးကလေး ဖွင့်ထားလေ့ ရှိသည့်အကြောင်း ဖြစ်သည်။ ကက်ဆက်သီချင်းသံက အရေးကြီးသည့် အလုပ်ကို လုပ်နေသော သူ့စိတ်ကို ကြည်လင် ရွှင်ပျစေသည့်အတွက် အလုပ်လုပ်ရာမှာ ပို၍ ထိရောက်သောကြောင့် ဖြစ်မည်ဟု နားလည်ရပါသည်။ လူနာအတွက်လည်း စိတ်ပေါ့ပါးစရာ အခြေအနေတစ်ရပ် ဖြစ်နိုင်ပါသည်။

သီချင်းကလေး တအေးအေး ဆိုရင်း ပန်းချီ ထိုင်ဆွဲနေသော မိတ်ဆွေ ပန်းချီဆရာ တစ်ယောက်၏ အလုပ်ခွင် မြင်ကွင်းကိုလည်း မကြာခဏ မြင်ဖူးပါသည်။

ဤဖြစ်ရပ်များနှင့် ဆက်စပ်ပြီး ငယ်စဉ်က ကြုံခဲ့ဖူးသော ဖြစ်ရပ်ကလေးများကို ဆက်စပ် သတိရပါသည်။

တစ်ခါက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမကြီးထဲတွင် ဌာနလိုက် အစုလိုက် ရက်ရှည် လုပ်အားပေးရသော အလုပ်တစ်ခုနှင့်

ကြုံရပါသည်။ အစုလိုက် စားပွဲတွေမှာ ထိုင်ပြီး ပုံစံဖြည့်သူက ဖြည့်၊ စာရေးသူက ရေး၊ စက်ရိုက်သူက ရိုက်နှင့် လုပ်ကိုင်နေကြစဉ် ကျွန်တော်တို့ အဖွဲ့မှ လူငယ်ဆရာတစ်ယောက်က တိုးတိုးကလေး သီချင်းညည်းရင်း လုပ်ကိုင်နေသည်။ ထိုစဉ် အဖွဲ့ကို ကြီးကြပ်သော ဆရာမကြီးက 'သီချင်း မဆိုပါနဲ့' ဟု တားမြစ်လိုက်သည်။ ထိုဆရာက ဘာမှပြန်မပြောသော်လည်း ဆရာမကြီးကို နားမလည်သလို ကြည့်နေသည်။ မကြာမီ မှာပင် ခန်းမထိပ်မှာ တပ်ထားသော "စပီကာ" မှ ကက်ဆက် သီချင်းသံများ ငြိမ့်ငြိမ့်ညောင်းညောင်း ပေါ်လာပါတော့သည်။ ထိုဆရာမှာ သူ့ကို တားမြစ်သော ဆရာမကြီးကို ခပ်ပြုံးပြုံးကြည့်ရင်း ကက်ဆက်မှ သီချင်းကို လိုက်ဆိုပါတော့သည်။ ဆရာမကြီးမှာ ဘာမျှမပြောတော့ပါ။ နောက်ပိုင်းမှာတော့ ကက်ဆက်မှ သီချင်းကို လိုက်ဆိုသည့် အသံတွေ ဟိုအဖွဲ့၊ သည်အဖွဲ့မှ ပေါ်ထွက်လာပါတော့သည်။

နောက်တစ်မျိုး ရှိပါသေးသည်။ ဆရာမကြီး တစ်ယောက်က ဌာန အခန်းထဲမှာ စကားပြောသည်ကို မကြိုက်။ ထို့ကြောင့် ဌာနသူဌာနသားများမှာ လုပ်ငန်းခွင် ရောက်သည်နှင့် "ဝစီပိတ်" ကျင့်သုံးရမလိုဖြစ်ရသည်။ ပြောစရာရှိလျှင် လေသံကလေးနှင့် တိုးတိုးကလေး ပြောကြရသည်။ အနေအထိုင် တော်တော် ကျဉ်းကျပ်ပုံရသည်။ စကားကျယ်ကျယ်ပြောမိလျှင် အဆူခံရသည် တဲ့။

တစ်ခါက စာမေးပွဲ အဖြေလွှာများ စစ်ဆေးသည့် ရက်များတွင် ထူးထူးခြားခြား ညွှန်ကြားချက်တစ်ခု ကြားရသည်။ "အဖြေလွှာများ စစ်ဆေးရာတွင် အမျိုးသား ဝတ်စုံဖြင့် စစ်ဆေးရန်" တဲ့။ မည်သူက ညွှန်ကြားသည် ဆိုသည်ကိုတော့ မသိလိုက်ပါ။ ဆရာတစ်ယောက်က တာဝန်ရှိသည့် ဆရာမကြီး တစ်ယောက်ကို "အမျိုးသား ဝတ်စုံဖြင့်"

ဆိုသော စကားနှင့်ပတ်သက်၍ မေးမြန်းသောအခါ 'တိုက်ပုံအင်္ကျီ ဝတ်ထားရမယ်လို့ ပြောတာပေါ့ ဆရာရဲ့' ဟု စိတ်မရှည်သလို ပြန်ပြောသံကို ကြားရဖူးပါသည်။ 'စာမေးပွဲစစ်တဲ့အချိန်က နွေရာသီကြီးမှာ။ ချွေးတလုံးလုံးနဲ့ ဒီလောက် ပူရ အိုက်ရတဲ့အထဲ တိုက်ပုံအင်္ကျီဝတ်ပြီး စစ်ရမယ်ဆိုတာ သဘာဝမကျပါဘူး။ အပေါ်က လာတဲ့ အမိန့်တော့ ဟုတ်မယ် မထင်ဘူး။ ဘယ်သူက ထွင်လိုက်တာလဲ မသိဘူး' စသည့် အသံများကိုလည်း ဆက်၍ ကြားရပါသည်။

'စာမေးပွဲ အဖြေလွှာ စစ်ဆေးတဲ့အချိန်မှာ ပေါ့ပေါ့ပါးပါး အေးအေးလူလူ ဝတ်ဆင်တာ သင့်လျော်ပါတယ်။ အဝတ်အစားကြောင့် ပူပူလောင်လောင် တင်းကျပ်နေရင် မကောင်းပါဘူး။ ဣန္ဒြေသိက္ခာ မပျက်တဲ့ ဝတ်ဆင်မှုမျိုးဖြစ်ရင် လုံလောက်ပါပြီ' ဟု ပြောသည်ကိုလည်း ကြားရပါသည်။ စာမေးပွဲစစ်သည့် နွေရာသီ ပူပူလောင်လောင် အချိန်မျိုးမှာ ညနေပိုင်းရောက်လျှင် ဆရာ၊ ဆရာမတွေ ချွေးတလုံးလုံးနှင့် ပန်ကာ ထဖွင့်သူဖွင့်၊ အပြင်ခဏထွက်ပြီး လေတိုက်ခံသူခံနှင့် ကသိကအောက်ဖြစ်နေကြသည့် မြင်ကွင်းမျိုးကိုလည်း တွေ့ဖူးပါသည်။

ဤအကြောင်းနှင့် ဆက်စပ်ပြီး "ဘားနဒ်ဘလက်စတုန်း" ဆိုသော ပညာရှင်ကြီးပြောသည့် စကားတစ်ခွန်းကို သတိရလာပါသည်။ အဖြေလွှာပေါင်း များစွာမှ ပုံစံတူ အဖြေများကို ထပ်တလဲလဲဖတ်ပြီး အမှတ်ပေးနေရသော စာစစ်ပုဂ္ဂိုလ်များ၏ အနေအထားကို ဖော်ပြရင်း 'အို… သနားစရာကောင်းသော စာစစ်ပုဂ္ဂိုလ်များ၊ အို… မိုက်မဲသော စာဖြေသူများ' ဟု အစချီ၍ 'စာစစ်ပုဂ္ဂိုလ်များသည်လည်း သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ်ဖြစ်သည့်အတွက် ပင်ပန်းနွမ်းနယ်တတ်သည်။ ငြီးငွေ့တတ်သည်။ စိတ်မရှည် ဖြစ်တတ်သည်။ အချိန်အဆ တိမ်းယိမ်းတတ်သည်ကို သင်တို့အား မည်သူကမျှ ပြောပြမထားလေသလော' ဟု စာဖြေသူများကို "စိတ်

မရှည်" သံဖြင့် ပြောရင်း စာမေးပွဲ ဖြေရာတွင် ရွေးချယ်ခွင့် ပေးထားသည့် မေးခွန်းများ၌ အများစု ရွေးချယ်နိုင်သည့် မေးခွန်းမျိုးကို တစ်ပုံစံတည်း လိုက်ဖြေသည့် အလုပ်မျိုး မဟုတ်ဘဲ ရွေးချယ်မှု ပြောင်းလဲခြင်းဖြင့် စာစစ်ပုဂ္ဂိုလ် စိတ်ပေါ့ပါးသွားအောင် ပြုလုပ်သင့်ပုံကို ဆွေးနွေးထားခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ လုပ်ငန်းခွင်မှာ လေးနက်သော၊ အရေးကြီးသော အလုပ်များကို လုပ်နေစဉ် စိတ်ပေါ့ပေါ့ပါးပါး ဖြစ်စရာ၊ ကြည်နူးစရာ၊ ခဏတစ်ဖြုတ် အာရုံအပြောင်းအလဲ ဖြစ်စရာ အခြေအနေများကို ဖန်တီးပေးထားလျှင် အလေးအပေါ့ ဟန်ချက်မျှပြီး လုပ်ငန်းကို ထိရောက်တွင်ကျယ်စွာ လုပ်ကိုင်နိုင်ပါလိမ့်မည်။

နွားနို့ညှစ်သည့် အလုပ်မျိုးမှာပင် သီချင်းသံများ ဖွင့်ပေးထားသော နေရာမှ နွားမများ နို့ပိုထွက်သည်ဆိုသော ဖော်ပြချက်မျိုးကို ဖတ်ရဖူးပါသည်။

ယနေ့ ရုံးဌာနအချို့တွင် ရုပ်မြင်သံကြားစက်များကို အသံတိုးတိုး ဖွင့်ပေးထားသည်ကို တွေ့ရပါသည်။ အသံမကျယ်သဖြင့် အလုပ်ကို အနှောင့်အယှက် မဖြစ်စေဘဲ အာရုံအပြောင်းအလဲ လုပ်နိုင်သည့် အစီအမံမျိုး ဖြစ်မည်ဟု ထင်မိပါသည်။

ကျွန်တော်ကတော့ အိမ်မှာ စာရေးနေလျှင်ဖြစ်စေ၊ စာဖတ်နေလျှင် ဖြစ်စေ ကိုယ်ကြိုက်သည့် သီချင်းသံကလေးကို တီဗီမှာ ကြားရလျှင် သဘောကျပါသည်။ တစ်ခါတစ်ခါ တိုးတိုးကလေး လိုက်ဆိုနေမိတတ်ပါသည်။ စာရေးစာဖတ်သည့် အလုပ်လည်း နှောင့်နှေးမသွားသည့်အပြင် ထို ခဏမှာ အားတွေ ပိုပြည့်လာသည်ဟု ထင်ပါသည်။

[တော်ဝင်ပန်းဂျာနယ်၊ အမှတ် (၈၀)၊
၁ မေ ၂၀၁၁]

နာမည်အကြောင်း

မကြာမီက မအူပင် တက္ကသိုလ်က ဖိတ်ကြားသည့်အတွက် ကျွန်တော် သွားပြီး စာအကြောင်း ပေအကြောင်း ဟောပြောသည်။

ကားဆိုက်လျှင် ဆိုက်ချင်း ပါမောက္ခချုပ် ဆရာကြီးနှင့် ဆရာ ဆရာမများ၊ မိတ်ဆွေများက ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်ကြသည်။ ဆရာ တစ်ယောက် ကျွန်တော့် လက်ကို ဆွဲပြီး 'ဆရာနဲ့ မတွေ့ရတာ ကြာပြီနော်' ဟု ဝမ်းသာအားရ နှုတ်ဆက်သည်။ ကျွန်တော်ကလည်း ဝမ်းသာကြောင်း ပြန်ပြောသည်။ ထိုဆရာမှာ တက္ကသိုလ် တစ်ခုတွင် ကျွန်တော်နှင့် ရင်းရင်းနှီးနှီး သိကျွမ်းခဲ့သော လုပ်ဖော်ကိုင်ဖက် တစ်ယောက် ဖြစ်ကြောင်း ကျွန်တော် မှတ်မိနေသည်။ ခက်နေသည်က သူ့နာမည်ကို ကျွန်တော် အစဖော်၍ မရခြင်း ဖြစ်သည်။ မျက်နှာကို သည်လောက် ရင်းနှီးနေပါလျက် နာမည်မေ့နေသည်မှာ ကိုယ့်ကိုယ်ကို တော်တော် မကျေနပ်စရာ ကောင်းသည်။

မတတ်နိုင်တော့ပါ။ သူ့ရင်ဘတ်မှာ ချိတ်ထားသော နာမည် ကတ်ပြားကို ပေါ်ပေါ်ထင်ထင်ကြီးပင် အနားကပ်ပြီး ကြည့်လိုက်ရသည်။ "ဒေါက်တာတင်ဦး"...။

သူ့နာမည်က ကျွန်တော့်မှတ်ဉာဏ်ကို ဒေါက်ခနဲ နှိပ်လိုက်တော့မှ ကျွန်တော့်မှတ်ဉာဏ် ပွင့်သွားသည်။ ပါးစပ်ကလည်း စကားတွေ အစီအရီ ထွက်လာပြီး ဝမ်းသာအားရ ပြောဖြစ်တော့သည်။

'ဟာ... ဆရာ ဦးတင်ဦးပဲကိုး။ ဒဂုံတက္ကသိုလ်မှာ ကျွန်တော်တို့နဲ့ အတူတူ လုပ်ရင်းကိုင်ရင်း ဆရာ နိုင်ငံခြား ပညာတော်သင် အရွေးခံရပြီး ထွက်သွားတာနော်။ လူချင်း မတွေ့တဲ့ နှစ်တွေ ၁၅ နှစ်လောက်တောင် ရှိပြီ ထင်တယ်။ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ'

သည်တော့မှ ပြောရဆိုရတာ ချောချောမွေ့မွေ့ ဖြစ်သွားပါတော့သည်။

ဤဖြစ်ရပ်ကလေးကို အကြောင်းပြုပြီး "နာမည်" အကြောင်း အတွေးမျှင်တန်းမိပါသည်။

နာမည်သည် လူတစ်ယောက်၏ ကိုယ်ပိုင် အမှတ်တံဆိပ် ဖြစ်သည်။ ကုန်ပစ္စည်းတွင် ကပ်ထားသော အမှတ်တံဆိပ်က ထို ကုန်ပစ္စည်းသည် မည်သည့်ပစ္စည်းဖြစ်ကြောင်း ဖော်ပြသည်။ လူတစ်ယောက်၏ နာမည်ကို မသိလျှင် သို့မဟုတ် မေ့သွားလျှင် အမှတ်တံဆိပ်မပါသော ကုန်ပစ္စည်းကို တွေ့ရသကဲ့သို့ပင် ဇဝေဇဝါဖြစ်ရမြဲ ဖြစ်သည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် လူတစ်ယောက်နှင့် တစ်ယောက် နာမည်ခေါ်ပြီး ပြောဆို ဆက်ဆံရသည်။ တစ်ယောက်နာမည် တစ်ယောက် သိသည့်အတွက် ဆက်ဆံရေး အဆင်ပြေ ချောမွေ့သည်။ နာမည်မသိလျှင် တော့ ပြောဆို ဆက်ဆံရတာ သူစိမ်းဆန်သည်။

နာမည်မသိလျှင် ဒုက္ခပင် ရောက်နိုင်ကြောင်း ဆရာ မောင်ထင် က ဆိုဖူးသည်။ ကိုယ့်ကို ကိုက်လိုက်သည့် သတ္တဝါ၏ နာမည် ကိုယ် မသိသည့်အတွက် 'ဘာကောင်ကြီးမှန်း မသိဘူး၊ ကိုက်လိုက်တယ်'

ဟု ပြောလျှင် ဘယ်လို ကုသပေးရမည်ကို မသိသည့်အတွက် အကိုက်ခံရသူမှာ သေပင် သေနိုင်သည် ဟူသော အဓိပ္ပာယ်မျိုး ဖြစ်သည်။

နာမည်သည် လူတစ်ယောက်၏ ကိုယ်ပိုင် အမှတ်လက္ခဏာဖြစ်သည့်အတွက် လူမှုဆက်ဆံရေးတွင် အရေးပါသည်။ နာမည်သည် သာမန် လက္ခဏာအဖြစ်သာမကဘဲ "ဂုဏ်သတင်း" ဟူသော အဓိပ္ပာယ်အထိ ကျယ်ပြန့်သွားသည်။ "နာမည်ဖျက်၊ နာမည်ယူ၊ နာမည်ရ" ဆိုသော စကားများက ဂုဏ်သတင်း ဟူသော အဓိပ္ပာယ်ကို ဖော်ပြနေသည်။ "နာမည် ထိခိုက်မှာစိုးလို့" ဆိုသော စကားမျိုးကိုလည်း သုံးလေ့ရှိပါသည်။ အရေးကြီးသော ကိစ္စတွင် နာမည် မသိစေလို၍ နာမည်ဝှက်ဖြင့် ရေးသားဆက်သွယ်ခြင်းမှာလည်း နာမည်၏ အရေးပါမှုကို ဖော်ပြနေပါသည်။

ပြောဆို ဆက်ဆံရာတွင် ကိုယ့်နာမည်ကို ခေါ်၍ ပြောဆိုသည်ကို သဘောကျတတ်ကြပါသည်။ နာမည်ခေါ်ခြင်းသည် နာမည်ရှင်ကို အလေးထားသည့် သဘောပါပါသည်။ လူမှုဆက်ဆံရေးတွင် နာမည်ခေါ်၍ နှုတ်ဆက် ပြောဆိုခြင်းသည် အောင်မြင်ကြောင်း၊ နည်းလမ်းတစ်ခုဖြစ်ကြောင်း ညွှန်းဆိုမှုများ ရှိပါသည်။

နှစ်ပေါင်းများစွာ မတွေ့ရသော တပည့်တစ်ယောက်ကို နာမည်ခေါ်ပြီး နှုတ်ဆက်လိုက်ရာ ထို တပည့်မှာ အလွန် ဝမ်းသာသွားပါသည်။ 'ဆရာ ကျွန်တော့်ကို မှတ်မိတယ်နော်' ဟု ဝမ်းသာအားရ ပြောပါသည်။ လူကို ရင်းရင်းနှီးနှီး သိနေပါလျက် နာမည် မမှတ်မိလျှင် အားနာစရာကောင်းပါသည်။ ပြောရ ဆိုရသည်ကအစ အဆင်မပြေ ရှိတတ်ပါသည်။

ကိုယ့်ဌာနက လက်အောက်ငယ်သားများ၏ နာမည်များကို ဂရုမမူမိဘဲ "ဟိုသူငယ်လေး"၊ "ဟိုသူငယ်မလေး" စသည့် စကားမျိုးဖြင့်သာ ပြောဆို ဆက်ဆံသွားသော လူကြီးများကိုလည်း တွေ့ဖူးပါသည်။

နာမည်မခေါ်တော့ တစ်ခုခု လိုနေသလိုလို ခံစားရတတ်ပါသည်။ စိတ်ထဲမှာ မရင်းနှီးသလို ဖြစ်နေတတ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုဓလေ့အရ နာမည်တပ်၍ ပြောဆို ဆက်ဆံရာတွင် "စာဖြင့် ရေးမထားသော" စည်းကမ်းချက်ကလေးတစ်ခုမှာ လူကြီးက လူငယ်၏ နာမည်ကို တပ်၍ ပြောဆို ဆက်ဆံခြင်းသည် ရင်းနှီးကျွမ်းဝင်ရာ ရောက်သော်လည်း၊ လူငယ်က လူကြီး၏ နာမည်ကို တပ်၍ ပြောဆိုဆက်ဆံလျှင်မူ ရိုင်းရာကျလျှင် ကျမည်။ ရိုင်းရာ မကျလျှင်တောင်မှ အလုပ်သဘော ဆန်သွားတတ်ပါသည်။

လူငယ်တစ်ယောက်က ဦးလေးအရွယ် လူကြီးတစ်ယောက်ကို 'ဦးလှထွန်း၊ ဘယ်က ပြန်လာသလဲ' ဟု မေးလျှင် စိတ်ထဲမှာ ရိုင်းသလို ထင်ရပါသည်။ အနည်းဆုံး 'ဦးလေး ဦးလှထွန်း၊ ဘယ်က ပြန်လာသလဲ' ဟု "ဦးလေး" တပ်၍ မေးသည်ဆိုလျှင် နားခံသာပါသေးသည်။ လုပ်ငန်းခွင်မှာ အလုပ်သဘောဆန်ဆန် ပြောဆို ဆက်ဆံလျှင် နာမည်တပ်၍ ပြောကောင်း ပြောပါလိမ့်မည်။

"မိမိဆရာ၏ ရှေ့တွင် ဆရာ့နာမည်ကို ထုတ်ဖော် ပြောဆိုခြင်းသည် ဆရာကို မရိုသေရာ ရောက်သည်။ အ ဂါရဝ ဖြစ်သည်" ဟူသော ခံယူချက်ကို ကျွန်တော်တို့ လူငယ်ဘဝကတည်းက ခံယူလိုက်နာခဲ့ပါသည်။ ဆရာ ဦးထွန်းရွှေ၊ ဆရာ ဒေါ်မြမူ ဆိုသော ဆရာ၊ ဆရာမ၏ ရှေ့တွင် ဆရာ၊ ဆရာမတို့ကို ရည်ညွှန်းလိုလျှင် အမည်မဖော်ဘဲ "ဆရာက"၊ "ဆရာမက" ဟူ၍သာ ရည်ညွှန်း ပြောဆိုပါသည်။ "ဦးထွန်းရွှေ"၊ "ဒေါ်မြမူ" ဟူသော နာမည်များကို ဆရာတို့၊ ဆရာမတို့၏ ရှေ့မှာ ထုတ်မပြောဝံ့ပါ။ ကွယ်ရာမှာ ပြောလျှင်လည်း "ဆရာဦးထွန်းရွှေက"၊ "ဆရာမ ဒေါ်မြမူက" ဟူ၍ ရှေ့က "ဆရာ"၊ "ဆရာမ" ထည့်ပြီး ရည်ညွှန်း

ပြောဆိုမြဲ ဖြစ်ပါသည်။ "ဆရာ" "ဆရာမ" မထည့်ဘဲ နာမည်သက်သက်သာ ပြောလျှင် ရိုင်းသလို ခံစားမိသည်မှာ အမှန်ပင်။

အလုပ်ကိစ္စ တစ်ခုခုအတွက် ဖြည့်ရသော ကိုယ်ရေး မှတ်တမ်း ပုံစံတွင် ရှေ့ဆုံးမှာထားသော အချက်အလက်မှာ "နာမည်" ဖြစ်နေခြင်းကလည်း နာမည်၏ အရေးပါမှုကို ဖော်ပြသော သာဓကတစ်ခု ဖြစ်ပါသည်။

[တော်ဝင်ပန်းဂျာနယ်၊ အမှတ် (၈၄)၊ ၁ ဇူလိုင် ၂၀၁၁]

ဇော်ဂျီ
မင်းသုဝဏ်
နွယ်စိုး
တိုက်စိုး
မင်းယုဝေ
အောင်သင်း
တက္ကသိုလ်ဝင်းမွန်
မောင်ဇော်
တင်မိုး
မောင်ဖေသန်း

ကံ့ကော်မြိုင်စာတမ်း

သမားရိုးကျ ဖြစ်သော စာစီစာကုံးရေးထုံး
သမားရိုးကျ ဖြစ်သော အက်ဆေးရေးထုံး
သမားရိုးကျ ဖြစ်သော ဆောင်းပါးရေးထုံးတို့မှ
လမ်းခွဲ၍
ရသပါသော၊ ရသမြောက်သော
ရသသဘော သက်ဝင်သော
စာစီစာကုံး၊ အက်ဆေးနှင့်
ဆောင်းပါးရေးထုံးတို့အတွက်
ဤစာအုပ်ဖြင့် "ကဏ္ဍသစ်တစ်ရပ်" ဖွင့်ခဲ့သည်။

[ရာပြည့်စာအုပ်တိုက်က ပဉ္စမအကြိမ် ထုတ်ဝေထားပါပြီ]

■ လိမ္မာယဉ်ကျေးစွာနှင့် ကြီးပွားချမ်းသာခြင်းသို့ ရောက်အောင်ဆောင်သော သဘောအားဖြင့် နည်းလမ်းညွှန်ပြချက်ကို နီတိ ဟု ဆိုသည်။

■ လှပစွာ သီကုံး၍ ထားအပ်သော ပန်းကုံးကို မာလာ ဟူ၍ ဆိုသည်။

■ နည်းလမ်း ညွှန်ပြချက်ဖြစ်သော နီတိသဘောတွေကို ပန်းကုံးသဖွယ် သီကုံး၍ ထားအပ်သောကြောင့် နီတိမာလာ ဟု ခေါ်ဆိုရလေသည်။

■ အချုပ်အားဖြင့် နီတိပန်းကုံး ဟူ၍ ဆိုလိုသည်။

နီတိမာလာကျမ်း

လယ်တီပဏ္ဍိတ ဦးမောင်ကြီး

လူတို့၏ လိမ္မာယဉ်ကျေးမှု၊ ကြီးပွားမှု၊ ဉာဏ်ပညာ ဗဟုသုတ တိုးပွားမှုတို့ကို သက္ကတကျမ်းများမှ နည်းယူ၍ ဓာတ်၊ နိပါတ်၊ ရာဇဝင် စုံလင်သော ကျမ်းတို့ကိုပါ ဖြည့်စွက်ကာ ပန်းမာလာ တန္ဆန်းကဲ့သို့ ဖွဲ့ကုံးရေးသားထားသည်။

[စာမူခွင့်ပြုချက်အမှတ် – ၄၀၁ ၀၇၇ ၀၈ ၁၁]

ငါးပြားစေ့၊ ကျားကျားလျားလျား၊ သူ့လက်ရေး ကိုယ့်လက်ရေး၊
စက္ကူ၏ သူငယ်ချင်းများ၊ စာအုပ်ဆိုသော ထိုမိတ်ဆွေ၊ မြင့်သော နိမ့်သော၊
ဘတ်စ်ကားပေါ်မှာ ခါးထောက်ခြင်း၊ ကြိုရောက်ခြင်း နောက်ကျရောက်ခြင်း၊
လေးလေးနက်နက် ပေါ့ပေါ့ပါးပါး၊ နာမည်အကြောင်း...
ရသစာတမ်း (၁၀)ပုဒ် ဖြည့်စွက်၍ ဒုတိယအကြိမ် ထုတ်ဝေခြင်း။

မောင်ခင်မင် (ဓနုဖြူ)

မောင်ရုပ်ဆိုး နှင့် မယ်မဒ္ဒီ

ရ သ စ ာ တ မ်း မျ ာ း

design Antt Bwere Zin